
www.burmeseclassic.com

# ဆုမြတ်မွန်မွန်



BURMESE CLASSIC

## အချစ်သို့တစ်ချက်ငဲ့ကြည့်စဉ်

NYI

www.burmeseclassic.com

www.burmeseclassic.com

# ဆုပြတ်မွန်မွန်

## အချစ်သို့ တစ်ချက်ငဲ့ကြည့်စဉ်


စာမူခွင့်ပြုချက်အမှတ်
၅၀၁၆၉၀၀၆၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၉၈၀၁၀၇

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်


BURMESE CLASSIC


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com








စီစဉ်သူ
မောင်ကျော်လှိုင် (စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







"သစ"

အဲဒီနေ့က ကောင်းကင်တွင် တိမ်တွေက ပြာပြာ လွှင်လွှင်ဖြင့် နေရောင်ခြည်က နုနုသစ်သစ်ရှိကာ ရာသီဥတု ကောင်းမွန်သာယာသော နေ့တစ်နေ့ ဖြစ်ခဲ့သည်။ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



နေခြည်သစ်နှင့်အပြိုင် လတ်ဆတ်သစ်လွင်သော စိတ်ခန္ဓာကိုယ်တို့ဖြင့် စည်းချက်ကျကျ ကားမောင်းလာခဲ့တာ ဖြစ်သည်။

ပထမဦးဆုံးသော ကျောင်းဖွင့်စနေ့သည် သူ့အတွက်တော့ ရင်ခုန်စရာတွေ အပြည့်နှင့်သာဖြစ်၏။ အခုလောက်ဆို ကန်တင်းမှာက သူငယ်ချင်းတွေဆုံကာ သူ့ကို စောင့်နေကြတော့မည်။

သူက "အိုခေ"ဟု တိုးတိုးရေရွတ်ကာ လီဗာကိုပို၍ အရှိန်မြှင့်လိုက်သည်။ အဲဒီအချိန်မှာ သူ့မြင်ကွင်းရှေ့မှာ ဖွတ်ကိုဖြတ်ပြေးသော အရာတစ်ခု။ အကျင့်ရှိသော ခြေထောက်တွေက ဘရိတ်ကို ပိုင်ပိုင်နိုင်နိုင်ကြီး နင်းမိသွားသော်လည်း ထိုအရာကတော့ ဝှန်းဒိုင်းသံ ဆူညံကာ ပစ်လဲကျသွားပြီ။

"ကျွတ် ... စောစောစီးစီး မြွေဖမ်းပြန်ပြီကွာ"

သူက အင်မတန် စိတ်ညစ်ညူးသော အသွင်ဖြင့် ကားပေါ်ကနေ၍ ဆင်းလာခဲ့သည်။ ကတ္တရာလမ်းပေါ်မှာ လဲနေတာက ချာတိတ်တစ်ဦး ဖြစ်သည်။ သူက စည်းကမ်းမဲ့လွန်းသော ကောင်လေးကို ဘုကြည့် ကြည့်လျက် ...





"မင်း စက်ဘီးကို ဘယ်လိုစီးလာတာလဲကွ ... ဟင်"

ကောင်လေးက မဖြေနိုင်ဘဲ ရှုံ့မဲ့ကာ နာကျင်နေဟန်တူသည်။ သို့သော် သူက တစ်စက်လေးမှ သနားစိတ် မရှိချေ။ အခန့်မသင့်လျှင် အသက်သေဆုံးလျက် သူပင် ထောင်ကျနိုင်သောဖြစ်ရပ်မျိုးမို့ ပို၍ဒေါသထွက်ရတာ ဖြစ်သည်။

"ဖြေလေ ... မင်း စည်းကမ်းမဲ့တာ မင်းကိုယ်မင်း သိလား"

"ကျွတ် ... ကျွတ် ... အရေးကြီးနေလို့ဗျ"

"ဟာ ... အရေးကြီးတိုင်း ကားရှေ့က ဖွတ်ဖြတ်ပြေးရသလား၊ မင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို နားမလည်ဘူးလား"

"မလည်ဘူးဗျာ"

ကောင်လေးက ဂျစ်ကန်ကန် ဘုကျကျ မျက်နှာပေးဖြင့်ဖြေလျှင် သူက ဒေါသပိုထွက်လာရသည်။ နဂိုတည်းကမှ သူက လုံးဝစိတ်ရှည်တတ်သော လူစားမျိုး မဟုတ်ချေ။ တစ်ခု

www.burmeseclassic.com



ဆိုလျှင် အင်မတန် စိတ်တို စိတ်ဆတ်သော လူစားကိုမှ သင်းလို မလောက်လေး မလောက်စားက ...။

"တောက် ... ငါကျွေးလိုက်ရ မင်းတော့ နာတော့မယ်"

သူက လက်သီးနှင့် ရွယ်လိုက်လျှင် ဘာမှမလုပ်ရသေးဘဲနှင့်ကို ထိုကောင်လေးက အာပြဲကြီးနှင့် အော်ငို၍ နေတော့သည်။

"ဟာ ... ဘာငိုတာလဲ၊ မင်းကို ငါ ဘာလုပ်ရသေးလို့လဲ၊ တော်တော် ပလီစီချောက်ချက် လုပ်တဲ့ကောင်ပဲ၊ တိတ်စမ်း"

"ရှင် တော်တော် စာနာစိတ် ကင်းမဲ့တဲ့ သူပဲ"

သူက နောက်နားဆီမှ ရုတ်တရက် ထွက်လာသော အသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် သူ့ကို ခပ်တည်တည် စိုက်ကြည့်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ သူက ဘလိုင်းကြီး ဆရာလုပ်နေသော ထိုမိန်းကလေးကို မျက်မှောင်ကုတ် ကြည့်မိကာ ...





"မင်း ဘာပြောတာလဲ"

"ရှင် ကြားတဲ့အတိုင်းပဲလေ၊ ကလေးတစ်ယောက်ကို ဖေးမစာနာမှု မပေးတဲ့အပြင် ရင့်ရင့်သီးသီး ပြောနေတာ စာနာစိတ် ရှိတဲ့လူလား"

"နေစမ်းပါဦး၊ မင်းက ဒီဖြစ်စဉ်ကို ဘယ်လောက်သိလို့ ဝင်ပြီး ဆရာလုပ်နေရတာလဲ။ ဒီချာတိတ် လမ်းကို စည်းကမ်းမဲ့ ဖြတ်စီးတာ မင်း သိလား။ ကားတိုက်မလိုဖြစ်တာ မင်း မြင်လား၊ ဘာမှမသိဘဲနဲ့ လာမပြောနဲ့"

သူမက သူ့ကို စူးရှသော မျက်လုံးများဖြင့် ကြည့်လေသည်။

"သူ မှားတယ်ပဲ ထားဦး။ သူက အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်လေ။ ဒါကို ရှင်က သူနားလည်အောင် သေချာပြောပြပေးရမှာပေါ့။ ဒီလိုပဲ ငေါက်နေရုံနဲ့ သူက အသိပညာ တိုးသွားမှာလား၊ လောကမှာ ငွေရှိရုံနဲ့ ပြီးပြည့်စုံတယ် မထင်နဲ့။ စာနာစိတ်ရှိမှ လူပီသတာ၊ နားလည်လား ...



www.burmeseclassic.com

www.burmeseclassic.com



ရှင့်လိုလူမျိုးကို ဒါတွေပြောနေလည်း အပိုပါပဲ၊ ကလေး ... ဘယ်နာသွားသေးလဲ၊ ထ,လို့ရမှ,လား၊ ထ, ကြည့်စမ်း"

သူမက သူ့ကို ပြောချင်ရာ ပြောပြီးနောက် ကျော နိုင်းထားတော့လျက် ချာတိတ်လေးကို အရေးသယ်၍ နေသည်။ ဟိုသကောင့်သားလေးဟာလည်း အခုကျတော့ အစောနကရုပ်နှင့် တခြားဆီဖြစ်ကာ ဖုတ်ဖက်ခါ၍ ထသည်။

သူမက စက်ဘီးကိုထူကာ တွန်းပေးလျက် ကောင် လေးကိုတော့ လမ်းကိုဖြည်းဖြည်းပဲ လျှောက်စေကာ တွဲ၍ခေါ် သွားသည်။ သွားရင်းမှလည်း ဘယ်လိုမစီးရဘူး၊ ဘယ်လိုစီး စသဖြင့် လက်ချာပေးသွားသေးသည်ကို အမြင်ကတ်ဖွယ် ကြား လိုက်ရသေးသည်။

သူသည် ဗလာချိုကြီး ဆရာဝင်လုပ်သွားသော ထို မိန်းကလေးကို နှုတ်ခမ်းပြတ်လုမတတ် ရှူးရှူးရဲရဲ စိုက်ကြည့်ကာ တက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လျက် ကားဘီးကိုတောင် ဒေါသတကြီး ပိတ်ကန်ပစ်လေသည်။





စောစောစီးစီး ကြည်လင်ရွှင်ပျနေသော စိတ်လေးပင် ဘယ်နားရောက်သွားမှန်းတောင် မသိချေ။ ဒေါသထွက်ထွက်နှင့် မောင်းလာသမျှ ကျောင်းထဲသို့ပင် ဘယ်လိုရောက်လာမှန်းတောင် မသိ။ ကန်တင်းထဲသို့ သုန်မှုန်နေသော မျက်နှာထားနှင့် ဝင်လာ သော သူ့ကို သူငယ်ချင်းတွေကပင် ...

"ချန်လင်း စောစောစီးစီး မင်းရုပ်က ဒသဂီရိဒီဇိုင်း ထွက် လာနေပါလားကွ။ ဘာအလိုမကျ ဖြစ်လာပြန်ပြီတုန်း"

"ဘာလဲ ... ဖားသားကြီးက စောစောစီးစီး ကျိုင်လွှတ်လိုက် လို့လား"

"ထင်ရာ မြင်ရာတွေ လျှောက်မေးမနေနဲ့ကွာ၊ အာရုံညစ် နေရတဲ့အထဲ"

"ရင်ဖွင့်ပါလားဟဲ့။ ရင်ဖွင့်ပါလား"

"မင်းနော် ရုပ်လေးကို ကြည်ကြည်လင်လင်ထား၊ ကျောင်း ထဲမှာ မဒီလေးတွေ အမိုက်စားတွေချည်းပဲ ...

ရွေးလိုက် ... ရွေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘေးဝိုင်းက လက်ပံပင် ဆက်ရက်ကျသလို ဆူညံနေသောအဖွဲ့ကို ညီညီက မျက်စပစ်ပြောသော်လည်း လှည့်ကိုမကြည့်ချေ။

မိန်းကလေးတွေဆိုလျှင် စကားများလွန်းကာ ပဲများတတ်သဖြင့် ကြည့်မရတတ်သော သူ့အတွက် မိန်းမတွေ၏ မုန်းစရာအချက်တစ်ချက်ကို ထပ်သိခွင့်ရလျှင် ငဲ့တောင် မကြည့်ချင်တော့ပြီ။

မိန်းမတွေဟာ ဘာမှမဆိုင်ဘဲနဲ့တောင် ဆရာကြီးသိပ်လုပ်ချင်ကြလေသည်။

"မိန်းမတွေနဲ့များ အာရုံလာမပြောင်းစမ်းနဲ့ကွာ။ လောကမှာ ကြည့်မရဆုံးက အဲဒီမိန်းမတွေပဲ"

သူ့ရဲ့ ရဲရဲတောက် အပြောကို သူငယ်ချင်းတွေက ဝူးဝူးဝါးဝါးတွေ ထအော်ကုန်လျှင် တစ်ဖက်ဝိုင်းက သူတို့ကို လှော်င်သည်၊ အထာပေးသည်ဟု အထင်တွေဖြင့် မကြားတကြားတွေ ပြန်ရိ၊ ပြန်အော်ကြတော့သည်။





သူက စိတ်တိုသလို မျက်မှောင်ကုတ်ကာ ဘုကြည့်ကြည့်လိုက်လျှင် ကောင်မလေးတွေက တစ်ယောက်တစ်ပေါက်ထ၍ အော်တော့လေသည်။

"ဟယ် ... ဘိလိုကြီး လာကြည့်နေတာတုန်း"

"ရူးရဲတဲ့ မျက်လုံးကြီးတွေနဲ့ မကြည့်နဲ့သူရယ် ... ခိ ခိ"

"ဒီက တသိမ့်သိမ့်သူမို့လို့ပါ ... ဟား ဟား ဟား"

သူ့ကို အမျိုးစုံ ပြန်အော်သဖြင့် အသာပြန်လှည့်လိုက်ရသည်။

နောင်ဂျိန်က ရယ်ဟဟဖြင့် ...

"မင်း ခံလိုက်ရပြီ မဟုတ်လား"

"တော်စမ်းပါကွာ၊ မိန်းကလေးတွေဖြစ်ပြီး ဟီးလေးဟားလေးနဲ့ ကြည့်လို့ကို မရဘူး။ စိတ်တိုလာတာနဲ့ ဗိုက်ဆာတာတောင် ဘယ်ရောက်သွားမှန်း မသိဘူး ...

အခုမှ တကယ်ဆာလာပြီ။ ဟေ့ ချာတိတ် ... ရှမ်းခေါက်ဆွဲတစ်ပွဲ၊ ပေါက်ကျတစ်ခွက်၊ မြန်မြန်လေး"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး။ မင်းက ဘာတွေများ စိတ်တိုစရာ တွေ့လာလို့လဲ၊ မင်းကို ဘယ်သူက စလွှတ်လိုက်လို့လဲ။ ငါ သွားထိုးရမလား ... ပြော"

ထစ်ခနဲဆို ရန်ဖြစ်လွန်းသဖြင့် နာမည်ရင်း မင်းသူပျောက်ကာ နောင်ဂျိန်ဟု အမည်တွင်နေသော သူငယ်ချင်းက ထ၍ မေးတာဖြစ်သည်။

"မင်း သွားထိုးလို့ ရတဲ့သူ မဟုတ်ဘူး"

ဒီလိုဖြေလိုက်လျှင် ကျန်တဲ့ကောင်တွေကပါ စိတ်ဝင်တစားဖြင့် ခေါင်းချင်းတွေ ဆိုင်လာကြတော့သည်။

"ဘယ်သူလဲ ... ဘယ်သူမို့လို့လဲ"

"အေးလေ ... မင်းက ကြောက်လို့လား၊ ငါတို့ကတော့ မကြောက်ဘူးနော်"

"ဟေ့ကောင်တွေ ... မြှောက်မပေးနဲ့ကွာ၊ ပြဿနာမရှာနဲ့"

"ဘာလဲ ... လူပျိုကြီး စောတင်မောင်က ကြောက်တယ်ပေါ့လေ"





သူတို့အုပ်စုဟာ တကယ့်ကို ခေတ်ဒီဇိုင်း လန်ပျံထွက်နေသော အုပ်စုဖြစ်သော်လည်း အဲဒီထဲမှာ ထူးထူးခြားခြား ရုပ်အင်္ကျီနှင့် ပုဆိုးကိုမှ မချွတ်စတမ်း ဝတ်တတ်သူ။ ဘောင်းဘီဝတ်ရမှာ အင်မတန်ရှက်သူဖြစ်သော ညီညီထွန်းကို ပေးထားသော နာမည်က လူပျိုကြီးစောတင်မောင်(စောကြီး)ဖြစ်သည်။

သူက အဲဒီနာမည် အခေါ်ခံရလျှင် အင်မတန် စိဟ်ကောက်တတ်သူလည်း ဖြစ်ပါသည်။

"ငါက ကြောက်တာ မဟုတ်ဘူး။ မင်းတို့ကသာ မိုက်ရူးရဲဆန်တာ"

"ကဲ ... တော်ပါတော့ကွာ။ ချန်လင်းကိစ္စက ဘာမှတောင် မသိရသေးဘူး"

သူ့သူငယ်ချင်းတွေက သူ့ပြဿနာကိုပဲ စိတ်ဝင်စားနေသဖြင့် သူက ရှမ်းခေါက်ဆွဲစားရင်းမှ စိတ်တိုတိုနှင့် ရှင်းပြလိုက်ရသည်။ သူတို့ ဘော်ဒါတွေမှာ တစ်ယောက်ထိလျှင် တစ်ယောက်က ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်သော သူတွေလည်း ဖြစ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါလား။ မသိပါဘူးကွာ၊ မင်းပုံစံက ဂေါ်ဇီလာနဲ့တောင် ယှဉ်ဖိုက်မဲ့ ဒီဇိုင်းဖြစ်လာလို့"

"ဂေါ်ဇီလာထက်တောင် ဆိုးသေးတယ်၊ မပြောနဲ့တော့ကွာ၊ ငါ့ဘဝမှာ မိန်းမတစ်ယောက်က ဆရာလုပ်သွားတာ ဒါပထမဆုံးပဲ၊ ရေလည်တင်းတယ် ...

နောက်တစ်ခါ ထပ်တွေ့လို့ကတော့ ဒီမိန်းမ မလွယ်ဘူးမှတ်"

"ဘာလုပ်မှာလဲဟင်၊ ဘာလုပ်မှာလဲ"

"ဖွန်ဖွန်က တစ်မှောင့်ပဲ"

အခုခေတ် ကိုရီးယားအဆိုတော် ကောင်လေးတွေဟာ နဖပ်ချောမွေ့နေကြလျက် ဆံပင်ပုံစံ။ အကျီအဝတ်အစားတို့ဟာ ဘယ်လိုတွေ ဒီဇိုင်းထွင်ထားမှန်းတော့ မသိရ၊ ကောင်လေးလိုလို ကောင်မလေးလိုလို ဖြစ်နေတတ်တာကို မြင်လျက်သူတို့အုပ်စုထဲမှာ အဲဒီပုံစံရှိသော ဖွန်မိုးအောင်ကို ဖွန်ဖွန်ဟု မိန်းကလေးနာမည်ဖြစ်အောင် တမင်တကာ ဝိုင်းကျပ်ထားကြခြင်းဖြစ်သည်။





"တွေ့ကြည့်ပေါ့ကွာ။ ဆရာကြီး လာလုပ်လို့ကတော့ အပြတ်ကောလွှတ်မယ်၊ ငါက မိန်းမတွေဆို အထင်ကို မကြီးတာ"

"ဒါဆို ညကျ ကောင်မလေးတွေ အဆောင်ရှေ့ ဂစ်တာသွားတီးရင် မလိုက်ဘူးပေါ့"

"မလိုက်ဘူး၊ သူတို့ကိုများ ခခယယ သွားတီးပေးမနေနိုင်ပါဘူး"

"ဟာ ... ငါတို့တီးတာကို နားထောင်မဲ့သူဆိုလို့ သူတို့ပဲရှိတာလေ"

"သူတို့ဟာ သူတို့ နားထောင်ချင် နားထောင်၊ ငါကတော့ မလိုက်ဘူး၊ စိတ်လည်း မဝင်စားဘူး"

သူ့စကားအဆုံးတွင် တစ်ဖွဲ့လုံးက သူ့ကို လက်အုပ်ဝိုင်းချီကြသဖြင့် သူပင်လျှင် ပြုံးစိစိ ဖြစ်သွားရသည်။ သူဟာ ဆယ်ကျော်သားလေးရယ်လို့ အရွယ်ရောက်တည်းက ဘယ်ကောင်မငယ်လေးကိုမှ စိတ်ဝင်စားသည်၊ ချင်ခုန်သည် ဆိုတာလည်း မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားသည့်အပြင် ခပ်ကဲကဲ ကောင်မလေး တွေကိုဆို ကြည့်မရတတ် ဖြစ်လေရာ သူ့ကို သူငယ်ချင်းတွေက ဘုန်းကြီးသေလို့ ဝင်စားတဲ့ကောင်ဟု အမြဲပြောတတ်ကြခြင်း ဖြစ်ပါသည်။

တကယ်လည်း သူ့နှလုံးသားဟာ သံမဏိများ ဖြစ်နေခဲ့လားတော့ မသိချေ။

❣ ❤ ❣







အခန်း(၁)

ဒီနေ့ဟာ Fresher Welcome လုပ်သည့်နေ့ ဖြစ် သဖြင့် ကျောင်းထဲတွင် လိပ်ပြာတွေ၊ ပိတုန်းတွေ ရောင်စုံကိုဝဲပျံ ၍နေတာ ဖြစ်သည်။ သူက ဒီနေ့ကို ကျောင်းမသွားဟု စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ထားသော်လည်း သူ့အကြံကိုသိသော သူငယ်ချင်းတွေက နံနက်အစောကြီးတည်းကပင် အိမ်ရောက်လာကာ စောင့်ခေါ်ကြသဖြင့် မသွားချင် သွားချင်နှင့် ရောက်လာရတာ ဖြစ်လေသည်။

"ဟေ့ကောင်တွေ ... မင်းတို့ ငါ့ကို ဝိုင်းမကျပ်ကြနဲ့နော်"

"ငါတို့က မကျပ်ပါဘူးကွာ၊ ကောင်မလေးတွေက မင်းကို King ရွေးမှာ၊ ဟဲ ဟဲ ..."

"အသာနေစမ်းပါကွာ။ အဲဒါတွေပဲ စိတ်ပျက်တာ"

ကျောင်းဖွင့်တာ နှစ်ပတ်တာမျှသာ ရှိသေးသော်လည်း သူ့ဟန်းဒ်ဖုန်းကိုဆက်သော ကောင်မလေးတွေက အများကြီးပဲ ဖြစ်သည်။ အိမ်ကို ချောကလက်တွေ၊ အရုပ်တွေ၊ ပန်းစည်းတွေ ရောက်လာတာလည်း မနည်းမနော။

သူဟာ အခုချိန်မှာ မေမေမွေးပေးထားသော ရုပ်ရည်ကို အင်မတန် စိတ်ပျက်နေမိပြီဆိုလျှင် မသိတဲ့သူတွေက တော်တော် အမြင်ကတ်ကြလိမ့်မည်။ သို့သော် သူ စိတ်ညစ်ရတာလည်း အမှန်ပဲဖြစ်၏။ သူ့ရုပ်ရည်ဟာ ဖေဖေ့ထံမှ မြင့်မားသော အရပ်





အမောင်းကို အမွေရထားသဖြင့် လူကြားထဲတွင် ထင်းခနဲဖြစ်နေတတ်သည်။ ငယ်ငယ်လေးတည်းက တိုက်ကွမ်ဒိုကစားခဲ့၍ အားကစားသမားတစ်ယောက် ပီသစွာ ကြံ့ခိုင်ဖျတ်လတ်သည်။ မေမေ့ထံမှ လုပသော အသားအရေ၊ ဖြောင့်တန်းသော နှာတံတို့ကြောင့် လူချောလေးတစ်ယောက် ဖြစ်သည်ကို ဘယ်လိုမှ ငြင်း၍မရချေ။

ခပ်တည်တည်နေသော စတိုင်လ်ကိုမှ သဘောကျကြသည်ဟု ဆိုလာသောအခါ သူ့မှာ ပြောစရာစကား မရှိတော့။ ဒါကြောင့် သူ့ပတ်ဝန်းကျင်တွင် သူသည် မာနကြီးသော ကောင်လေးတစ်ယောက်အဖြစ် ကျော်ကြားလေသည်။

အခုလည်း လူတွေကြားထဲမှာ ထိုင်နေရသော်လည်း ဘယ်လိုမှကို စိတ်မပါချေ။

"ချန်လင်း ... ငါတို့ရွေးမဲ့ Queen က တော်တော်မိုက်တယ်ကွ၊ ရှာကီရာနဲ့တူတယ်"

သူက ရှာကီရာကို ကြိုက်သဖြင့် ရှာကီရာနှင့် မျှားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှာကီရာနဲ့တူလည်း စိတ်မဝင်စားဘူးကွာ"

"အေး ... မင်း စိတ်ဝင်စားလည်း သူက မလာဘူး၊ ဘာလို့မလာတာလဲ မသိဘူးနော် စောကြီး"

"ဝမ်းလျှောနေလို့ နေမှာပေါ့"

စောကြီးရဲ့ အပြောကို ဖွန်ဖွန်က တဟိဟိနှင့် ကျိတ်ရယ်လေသည်။ အဲဒီနေ့က သူတို့မေဂျာရဲ့ King အဖြစ် သူကပဲ ရသည်။

Queen ကိုတော့ သေချာတောင် မကြည့်ဖြစ်ချေ။

ပွဲပြီး၍ ပြန်ထွက်လာသော အချိန်ရောက်မှ ဖွန်ဖွန်က အလန့်တကြားဖြင့် ...

"ဟာ ... ဟိုမှာ၊ ရှာကီရာ ... ရှာကီရာ"

"အေးကွ ... အခုမှ ဘာလို့ရောက်လာတာလဲ မသိဘူး။ ချန်လင်း ဟိုမှာလေ တို့ပြောတဲ့ ရှာကီရာ"

"မကြည့်ချင်ဘူးကွာ၊ သွားကြစို့၊ တရုတ်တန်းမှာ တုတ်ထိုးသွားစားကြရအောင်"





သူက ဖွန်ဖွန်တို့ လှမ်းပြနေတာကို မကြည့်ဘဲ သော့ဖွင့်ကာ ကားပေါ်တက်ဖို့ပဲ စိုင်းပြင်း၍ နေသည်။

"ကြည့်လိုက်ပါကွာ၊ မင်းကလည်း"

"ကျွတ် ... အရစ်ပဲကွာ"

သူက ညည်းညူရင်း ငဲ့သည်ဆိုရုံလေး တစ်ချက် ငဲ့အကြည့်မှာ မြင်ကွင်းထဲသို့ တစ်စုံတစ်ယောက်က တန်းတန်းမတ်မတ်ပင် ဝင်ရောက်လာခဲ့သည်။ ရှာကီရာလို ဆံပင်စင်းစင်း ဖြောင့်ဖြောင့်တွေက ကျောလယ်ခန့်အထိရှိကာ သွယ်သွယ်လျလျနှင့် မတ်တတ်ရပ် စကားပြောနေသူသည် ...။

"ဒါလား ရှာကီရာကြီး"

သူက ချက်ချင်းပင် မျက်နှာလွှဲပစ်ကာ ကားပေါ်တက်ထိုင်လိုက်လေသည်။ သူတက်ပြီးလျှင် သူငယ်ချင်းတွေကပါ တမန်;ကတန်း လိုက်တက်ကြသည်။ အဲဒီတစ်ယောက်ကို မြင်တာနှင့် ဒေါသတွေ ပွပွနွေးနွေး ပြန်ထွက်လာပြန်သော သူဟာ ကားကို အဲဒီအနားကတောင် တမင်တကာပင် နီးနီးကပ်ကပ် မောင်းထွက်လာသီကာ ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားအရှိန်နှင့် ဆံနွယ်တွေ ဝေ့ဝဲသွားကာ ကားကို လှည့်ပြန်လိုက်ကြည့်နေသော သူမပုံစံကို တွေ့ရသောအခါ နည်းနည်းတော့ ကျေနပ်သွားရလေသည်။

"ဟာ ... ဟော့ကောင်၊ ဘယ်လိုလုပ်လိုက်တာလဲကွ။ ဟိုမှာ ပွတ်မိတော့မယ်"

"ပွတ်ရုံတင်မက တိုက်ပါ တိုက်ပစ်ချင်တာ"

"အရမ်း အရမ်းကို မုန်းနေတဲ့ ပုံပါလား။ ကျောင်းတော်က ရန်စတော့ ရှိရမယ်"

"ငါ့ကို ဘလိုင်းကြီး ဆရာလုပ်သွားတဲ့ ငနဲမဟာ သူပေါ့"

"ဟင် ... အဟုတ်လား။ ရှာကီရာက ဒီလိုလား"

"ကျွတ် ... ခေါ်မနေစမ်းပါနဲ့ကွာ၊ ဘယ်နေရာက တူလဲ၊ တချဲဆိပဲ"

"လှပါတယ်ဟ၊ မလှလို့လား"

"ဒီလိုရုပ်မျိုးတွေ ရန်ကုန်မှာ ရိုက်သတ်လို့ မကုန်ဘူး"

သူ့အပြောကို နောင်ဂျိန်က တဟားဟား ရယ်မောကာ ...





"အဟား ဟား ... ရှာကီရာတို့ကတော့ တကယ့်မြွေပွေးကိုမှ သွားထိမိပြီ။ အငြိုးကြီးတွေ မှီးသီးလိုကြီးတဲ့ အာကာချန်လင်းကိုမှ သွားစမိတာကိုး ...

ကိုကိုချန်လင်းရယ် ... ကီရာကို နည်းနည်းလေးမှ ခွင့်မလွှတ်နိုင်တော့ဘူးလားဟင်"

"မရဘူး မရဘူး။ သားက စိတ်ကြီးတယ်"

သူ့သူငယ်ချင်းတွေက အမျိုးမျိုး စနောက်နေကြလျှင် သူက ပြုံးရုံသာ ပြုံးလျက် ဘာမှ ပြန်မပြောမိချေ။

ထင်မှတ်မထားသော လူတစ်ယောက်ကို ထင်မှတ်မထားသော နေရာမှာ ပြန်တွေ့လိုက်ရလျှင် တချို့က ဝမ်းသာတတ်ကြသည်တဲ့။

သူကတော့ လုံးဝဝမ်းမသာချေ။ ဘာမှမဆိုင်ဘဲနဲ့တောင် ဆရာလုပ်တတ်၊ လျှာရှည်တတ်သော ဒီမိန်းကလေးဟာ တစ်မျိုးတည်း တွေ့ရသော သူ့အပေါ်ဆိုလျှင်တော့ ဘယ်လောက်များ ရှည်ကဲနေမလဲတော့ မပြောတတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်ကြောင့်မှန်းတော့ မပြောတတ်။

ပထမတစ်ခါ တွေ့စမှာကို အင်မတန်ရှုးသည့် မျက်လုံးများကို ပိုင်ဆိုင်ထားသောမိန်းမဟု အသိအမှတ်ပြုခဲ့ရပြီး ဒီမျက်လုံးများနှင့် ရေ့ဆက်ပတ်သက်ဖို့ ရှိနိုင်သည်ဟု ဘာကြောင့်များ ရိပ်မိသလိုလို ရှိခဲ့ရတာပါလိမ့်။

အာ ... ရှုပ်တယ်။ အတွေးထဲကို မလာနဲ့ခဲ့ ... သွား။







ရှိန်းသည် သူငယ်ချင်းနှင့် စကားရပ်ပြောနေရာမှ အနားကနေ ခပ်ကြမ်းကြမ်း ဖြတ်မောင်းသွားသော ကားကြောင့် လူပင် ယိုင်လဲမလို ဖြစ်သွားရသည်။

ဆံပင်တွေဆို လေထဲတွင် လွင့်ပျံ၍တောင် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသား လုပ်နေပြီး ကားမောင်းတာ အတော်မယဉ်ကျေးတဲ့လူဟူ၍ ကားကို လည်ပြန်တောင် လိုက်ကြည့်မိသေးသည်။

"ကားမောင်းတာလည်း ရမ်းလိုက်တာဟယ်"

အေမိက ထွက်သွားသော ကားကို လိုက်ကြည့်ကာ ...

"ဟဲ့ ... အဲဒါ King ရဲ့ကားပဲ။ နင် King ကို မြင်ပြီးပြီလား။ မနက်က နင်မလာတာ နာတာပဲဟာ"

ရှိန်းက နှုတ်ခမ်းလေးတွန့်ရုံ အသာပြုံးလျက်မှ ...

"သွေးလှူတဲ့ကိစ္စထက် Welcome ပွဲက အရေးကြီးလို့လားဟယ်"

"အေးပါ ... နင်က မွန်မြတ်တဲ့သူကြီးမှန်း သိပြီးသားပါ။ ဒါပေမဲ့ အားလုံးက နင့်ကို Queen ပေးဖို့ ရွေးထားကြတာဟ၊ နင် မလာတော့ ရှိတဲ့သူကို ပေးလိုက်ရတာ သိပ်တောင် မကျေနပ်ကြဘူး"

"ထားလိုက်ပါဟာ"





"တို့ King ကတော့ ရေလည် ချောတယ် ဆရာ။ သူတို့တစ်ဖွဲ့လုံး အမိုက်စားတွေချည်းပဲ။ King ကတော့ မာနကြီးတယ်တော့။ ဘယ်လိုမိန်းကလေးမျိုးကို ချစ်သူအဖြစ် ရွေးချယ်ချင်လဲလို့ မေးတော့ သူ မိန်းကလေးတွေကို စိတ်မဝင်စားတတ်ပါဘူးတဲ့"

"အင်းလေ ... အဲဒါ ကောင်းတာပေါ့။ မိန်းကလေးတွေအတွက် တစ်ရန်ရှင်းသွားတာပေါ့"

"အမယ်လေး ... ဘယ်က တစ်ရန်ရှင်းရမှာလဲ၊ ကောင်မလေးတွေက သူ့ကိုဆို သည်းသည်းလှုပ်နေတာ ...

တခြားမေဂျာက ကောင်မလေးတွေဆို သူ့ကို တကူးတက လာကြည့်ကြတာတွေ အများကြီး ...

King ကတော့ ဘယ်သူ့မှတောင် ငဲ့မကြည့်ဘူး။ ဘယ်လိုဒီဇိုင်းမျိုးလဲတော့ မသိဘူး"

ရှိန်းသည် အေမိ ပြောပြနေသော King အကြောင်းကို စိတ်လည်း မဝင်စားချေ။ ပြောပြနေသဖြင့်သာ အလိုက်သင့်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရသော်လည်း အဲဒါမျိုးတွေကို ဝါသနာမပါသူပီပီ ခေါင်းညိတ်ရုံမှအပ ဘာမှမမေးမိ။

ဒီလို ပြောပုံထောက် သူ့ကို စိတ်ဝင်စားစရာ အကြောင်း ပို၍မရှိတော့ပြီ။

"နင် မနက်ဖြန် ကျောင်းလာမှာ မဟုတ်လား၊ သူ့ကို ငါ ပြမယ်လေ"

"ပြမနေပါနဲ့ဟယ်၊ ငါ မသိချင်ပါဘူး"

"နင်ကလည်းဟာ၊ ခေတ်လူငယ် မဟုတ်တာ ကျနေတာပဲ၊ ဒီနေ့ နင်သာ လာရင် King နဲ့ Queen အကိုက်ပဲ၊ နင်တို့နှစ်ယောက်သာဆို အရမ်းလိုက်မှာ သိလား"

"တော်ပါတော့ အေမီရယ်၊ ဘာတွေ လျှောက်ပြောနေမှန်းလဲ မသိဘူး၊ နင့် King ကို ငါ စိတ်မဝင်စားပါဘူး"

"အမယ်လေး ... ငါ့ King မဟုတ်လို့ပေါ့၊ ဟုတ်လို့ကတော့ ပြောမနေနဲ့၊ သူက မိန်းကလေးတိုင်းရဲ့ အိပ်မက်မင်းသားပဲ"





"ငါ့ကိုတော့ ဖွတ်ထားခဲ့ပါဟယ်"

ရှိန်းသည် ဒီစကားကို လေးလေးနက်နက် ပြောကာ နှစ်နှစ်ခြိုက်ခြိုက်ပင် ပြုံးမိလေသည်။ အဲဒီကိစ္စတွေကို ရှိန်းဟာ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ချေ။ နောက်လည်း ဝင်စားဖို့ အကြောင်းကား သိပ်မရှိ။

ရှိန်းရဲ့ဘဝတွင် ယောကျ်ားဆိုတာ အပိုအရာဝတ္ထုဟု သတ်မှတ်ထားခဲ့တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

သူတို့ သူငယ်ချင်းတစ်တွေရဲ့ တူညီသော အချက်တစ်ခုမှာ အိမ်က အစားအစာကို လုံးဝမကြိုက်တတ်ခြင်းပင် ဖြစ်ပါသည်။ ညစာတစ်နပ်သာ အိမ်မှာ ဖြစ်ဖြစ်မြောက်မြောက်စားလျှက် ကျန်သောအစာမှန်သမျှ အပြင်ကသာ စားကြတာ ဖြစ်သည်။





အထူးသဖြင့် ကျောင်းကန်တင်းမှာ အစားစားရင်း လေကန်ရတာလောက် သူတို့ မက်မောသောအရာ မရှိချေ။

ဒီနေ့လည်း နံနက်ခင်း ကလပ်စ် မဝင်ခင် ကန်တင်းမှာ ဟိုအကြောင်း ဒီအကြောင်းတွေ ဝိုင်းဖွဲ့ပြောနေကြတာ ဖြစ်သည်။ အထူးသဖြင့် သူ့သူငယ်ချင်းတွေဟာ ဘယ်ကောင်မလေးဘယ်လိုချောတယ်၊ ဘယ်သူ့ကိုလိုက်ရင် ကောင်းမယ် စသဖြင့်ပါတွေပဲ ဆွေးနွေးနေလေရာ ကြာတော့ သူက စိတ်မရှည်တော့ချေ။

"မင်းတို့ကွာ ရည်းစား မထားဘူးတာလည်း မဟုတ်ဘဲနဲ့၊ ဒီဇယားကွက်တွေကို ချချင်နေပြန်ပြီ၊ ပြီးရင် နားတွေငြီးလွန်းလို့"

"မငြီးနဲ့၊ ငါတို့ တကယ် Heart ထိရင် ပြီးပြီပဲ"

"ကျွတ် ... မိန်းမတွေကိုများ ချစ်စရာအဖြစ် သတ်မှတ်နေသေးတယ်၊ ဘာကောင်းလဲ၊ ဘာမှ မကောင်းဘူး။ ရည်းစားတစ်ယောက် ရတာဟာ သူတို့အဖို့ ဘက်စုံကျွန်ကြီး ရလိုက်သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုထဲတွင် ရည်းစားတွေ အင်မတန်များ
သော ဇွန်ဇွန်က သူ့ကို ပြုံးထေ့ထေ့ဖြင့် ကြည့်ကာ ...

"ဟေ့ကောင် ... ယောက်ျားဆိုတာ ယောက်ျားပီပီသ
နေထိုင်ရတယ်ကွ ... ယောက်ျား အသုံးအဆောင်တွေထဲမှာ
မိန်းမတွေလည်း ပါတယ်၊ နားလည်လား သဘောပေါက်
လား ...

တစ်ယောက်နဲ့ တစ်ယောက် ကြည့်တဲ့ အကြည့်
တွေမှာ စကားလုံးတွေ အများကြီး ပါတာမျိုး၊ အဝေးက
လှမ်းမြင်လိုက်ရတာနဲ့ ရင်ထဲ နွေးထွေးပြည့်စုံသွားတာမျိုး
ကုန်ကုန် ပြောမယ်ကွာ ...

အသည်းကွဲတာတောင် ယူတတ်ရင် ဖီလင်ရှိတယ်
ရင်ထဲမှာ နင့်ပြီး ဆွေးနေတာ၊ အရမ်းမိုက်တာ"

ဇွန်ဇွန်ရဲ့ စကားကို သူက မျက်မှောင်ကုတ်မိသော်
လည်း ကျန်တဲ့ကောင်တွေက တဝါးဝါး တဟားဟားနှင့် ပွဲကျ
လျက်ရှိ၏။ မိန်းကလေးတွေ အပေါ်မှာ သူ့လို ခံယူချက်ဖြင့်





ဖြင်း မရှိသော်လည်း ဒီအချိန်ထိ ရည်းစားတစ်ယောက်မှ မထား
ရှးသေးသူ စောကြီးက ဆိုလျှင် ပြုံးဖြဲဖြဲဖြင့် ...

"မင်း အသည်းတွေကလည်း ကွဲ,ကွဲနိုင်လွန်းကွာ"

"ဟာ ... ငါ တကယ်အသည်းကွဲဖူးတာကွ၊ ဆယ်တန်းတုန်း
က ကောင်မလေးကို ငါ တကယ်ချစ်ခဲ့တာ၊ အချစ်ဦးကွ၊
ကျန်တဲ့ဟာတွေကတော့ ဒီလိုပါပဲ၊ ပထမဆုံးအချစ်ဆိုတော့
သိတယ်မှလားကွာ၊ အကုန်ပုံအောပြီး သွန်ပြီးချစ်ပစ်တာ ...

မိန်းကလေးတွေက ချစ်စရာ ကောင်းပါတယ်ကွာ၊
ခံစားကြည့်စမ်းပါ၊ စောကြီးကိုတော့ မတိုက်တွန်းတော့ပါ
ဘူး၊ ဒီကောင်က ဘုန်းကြီးဝတ်မှာ ...

ချန်လင်း ... ချန်လင်း ... မင်းကတော့ ချစ်တတ်
ရင် အသားကုန်ချစ်မဲ့ ကောင်စားမျိုး"

ဇွန်ဇွန်က သူ့ကို မျက်လုံးတွေ မှေးစင်းကြည့်လျက်
ပြုံးထေ့ထေ့ဖြင့် ပြောလာလျှင် သူက ရှူးရှူးရှားရှား ဖြစ်ကာ မခံ
နိုင် ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ငါကများ အသားကုန်တောင် ချစ်ရဦးမယ်၊ ထွတ် ... လုံးဝမဖြစ်နိုင်တာ"

"ရှေ့က လက်ဖက်ရည်ကို ကုန်အောင်သောက်လိုက် သူယေ ချင်း၊ စကားကိုတော့ ကုန်အောင်မပြောနဲ့ ...

မင်းအသက် အခုမှ ငယ်ငယ်လေး ရှိသေးတယ်"

"လက်ဖက်ရည်လည်း ကုန်အောက်သောက်တယ်၊ စကား ကိုလည်း ကုန်အောင်ပြောတယ်ကွာ"

သူက ပြောပြောဆိုဆိုဖြင့် လက်ဖက်ရည်တွေကို အကုန်မော့ချပစ်ကာ ရေနွေးကြမ်းသောက်ရန်အတွက် ရေနွေးအရ နည်းနည်းထည့်၍ ခွက်ကို ကျင်းပစ်လိုက်သည်။ ပြီးလျှင် ဘေးသို့ ဖျတ်ခနဲ သွန်ပစ်လိုက်စဉ်မှာ ...

"အား ... ပူလိုက်တာ"

"ဟယ် ... ဘာဖြစ်တာလဲ၊ ဟင် ... ရှိန်း၊ နင့်ခြေထောက်"

နောက်ပါးဆီမှ အသံတွေ ကြားသဖြင့် လှည့်ကြည့် လိုက်လျှင် မိန်းကလေးနှစ်ယောက်ကို တွေ့လိုက်ရသည်။ တစ်





ယောက်က ဆောင့်ကြောင့်ထိုင်ချကာ ခြေဖမိုးကို ကြည့်နေသည်။ ...အားက တစ်ယောက်ကတော့ သူ့ကို မော့ကြည့်လိုက်၊ အောက် ...ကို ငုံ့ကြည့်လိုက်နှင့် ဘာပြောရမှန်းမသိ ဖြစ်နေပုံရသည်။

"ဟော့ကောင် ချန်လင်း။ မေးဦးလေကွာ၊ မင်းပက်လိုက်တဲ့ ရေနွေးက စင်သွားပုံရတယ်"

ကျွတ် ... စိတ်ပျက်လိုက်တာ။ မိန်းကလေးတွေနဲ့ ...ပတ်သက်ချင်ဘူး ဆိုကာမှ ပြဿနာက တွေ့တွေ့ဆိုင်ဆိုင်ကို ...ကြုံလာရတာ ဖြစ်လေသည်။

သူက စိတ်မပါသော်လည်း ကိုယ့်ကြောင့် ဖြစ်နေတာ ...မို့ မတ်တတ်ထရပ်လိုက်ရသည်။

"တော်တော်ပူသွားလား"

ဟင် ... သေစမ်းတော့။ မေးမဲ့ မေးတော့လည်း သူ့စကားဟာ ရိုက်ပေါက်ဆန်ဆန် ဖြစ်သွားရပြန်သေးသည်။ ...မိန်းကလေးတွေနှင့် စကားကောင်းကောင်း မပြောဖူးသူမှန်း ပီသ ...စွာ ဘာပြောလို့ ပြောရမှန်းကို မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့မေးခွန်းကြောင့် ဖျတ်ခနဲ မော့ကြည့်လာသော မျက်နှာတစ်ခုကို မြင်အတွေ့မှာတော့ သူဟာ ပါးစပ်မဟရုံတစ်မယ် အံ့သြသွားခဲ့ရပါသည်။

“ဩော် … ရှင်ကိုး”

သူက အသံမထွက်သော်လည်း သူမက မှတ်မိစွာနှင့် မတ်တတ်ထရပ်၍ လာသည်။ မတ်တတ်ရပ်တော့မှ သူမအရပ်ဟာ သူ့ကိုတောင် မီလုမီခင် မတိမ်းမယိမ်းရှိသည့် အရပ်ကြီးဆိုတာ သတိပြုမိသည်။

သူ့ကို စိုက်ကြည့်သော အကြည့်များသည် ဘယ်မိန်းကလေးကမှ မကြည့်ဘူးသော အကြည့်မျိုးများ ဖြစ်သည်။ လည်ပတ်နေသော ကမ္ဘာကြီးပင် ခဏလောက် ရပ်တန့်ထားသလိုပင်။

“ဆောရီး”

ထိုအသံသည် သူ့နှုတ်ဖျားမှ တိတ်ဆိတ်ခြောက်ကပ်စွာ ထွက်သွားခဲ့သည်။ သူမက မဲ့ပြုံးမျှဖြင့် …





“စိတ်ထဲက မပါဘဲနှင့် တောင်းပန်မနေပါနဲ့၊ ရေနွေးပူအလောင်ခံရတာ ဆောရီးတစ်လုံးနဲ့လည်း ပျောက်သွားတဲ့ကိစ္စ မဟုတ်ဘူး”

သူမက ခပ်တည်တည် ပြောလာလျှင် သူ့ရဲ့စိတ်ကလည်း ချက်ချင်းပင် ခေါင်းထောင်၍ လာလေသည်။

“ဟာ … ဒါ မတော်တဆဖြစ်တဲ့ ကိစ္စပဲ၊ ဘယ်သူက မင်းကို တမင်လုပ်မှာမို့လို့လဲ”

“မတော်တဆ ဆိုလည်း အဲဒီ မတော်တဆဟာ မဖြစ်သင့်တဲ့ မတော်တဆပဲ၊ ဒီနေရာဟာ ရှင် တစ်ယောက်တည်းရှိတဲ့နေရာ မဟုတ်ဘူး၊ ရေနွေးကို ကျင်းပြီးရင် သွန်ဖို့ရှင်တို့စားပွဲမှာ ရေခွက်ရှိတယ်၊ အဲဒီထဲကို သွန်ထည့်ပါလား …

ဘာလို့ စည်းမဲ့ကမ်းမဲ့ သောကို ပက်ရတာလဲ၊ ရှင့်ရဲ့ စည်းကမ်းမရှိမှု နမော်နမဲ့နိုင်မှုကြောင့် အခုတော့ အလကားသက်သက် အပူလောင်ရပြီ၊ နာကျင်ရပြီ …



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရှင့်ရဲ့ 'ဆောရီး' ဆိုတာဟာ ဝတ္တုရားကျေ
ပြောမှန်း သိပ်သိသာတယ်၊ တကယ့်ကို ကိုယ့်အမှားကိုယ်
တာဝန်မယူချင်တဲ့ လူစားမျိုး"

သူမ ပြောသွားပုံက ကြိုတင်စီစဉ်ထားသည့်နယ်
တစ်စက်လေးမှ ထစ်ငေါ့ခြင်းမရှိ။ ပြီးတော့ သူ့မျက်နှာကိုစေ့စေ့
ကြည့်ကာ ပီပီသသနှင့် အေးအေးဆေးဆေးကို တစ်လုံးချင်းပြော
တာ ဖြစ်၏။

သူ့ကို ပြောနေပုံဟာ ရန်တွေ့နေတာနှင့်လည်းမတူ၊
အထက်လူကြီးတစ်ယောက်က လက်အောက်ငယ်သားကို ဆုံးမ
နေသလို ပိုင်ပိုင်နိုင်နိုင် ပြောနေပုံမျိုး ဖြစ်သည်။ အဲဒီပုံစံကိုက
သူ့ကို ပို၍မခံချင်စေတာ ဖြစ်လေသည်။

"နေပါဦး ... ရေနွေးလေး နည်းနည်းစင်သွားတာ မင်းကို
ဘယ်လောက်တောင်များ ထိခိုက်နစ်နာသွားစေလို့လဲ"

သူတို့ အခြေအနေက မထင်မှတ်ပါဘဲနှင့် ပို၍
တင်းမာလာသယောင် ရှိလေသည်။ သူငယ်ချင်းတွေကပါ သူ့





အခြေအနေကို ရိပ်မိစွာဖြင့် နာမည်ခေါ်ကာ ဟန့်သူကဟန့်၊
လက်တို့သူကတို့ ဖြစ်ကုန်ကြပြီ။

"ဘယ်လောက် ထိခိုက်သွားလဲ သိချင်ရင် ရှင့်ခြေထောက်
ပေါ်ကို ရေနွေးနဲ့ လောင်းချကြည့်လိုက်လေ ...
သတ္တိရှိရင် 'လုပ်ကြည့်လိုက်စမ်းပါ"

သူက လှောင်သလို သရော်သလို မျက်နှာထားနှင့်
ပြောနေသော သူမကို မျက်တောင်မခတ် စိုက်ကြည့်နေလျှင်
သူမက ခပ်မဲ့မဲ့ပြုံးကာ ...

"မလုပ်ရဲဘူး မဟုတ်လား၊ ကိုယ့်အသားနာဖို့ မပြောနဲ့၊
ကလေးတစ်ယောက်ကို ကိုယ်က ကားနဲ့တိုက်မိမလို ဖြစ်
တာတောင် ဒေါသကြီးခဲ့တဲ့သူမှာ ကိုယ်ချင်းစာနာစိတ်
ဆိုတာ ဘယ်လိုမှ မရှိနိုင်မှန်း သိပြီးသားပါ"

ပြောပြီးလျှင်ပြီးချင်း သူမက ထွက်သွားလေသည်။
သူက စိတ်တိုလွန်းသဖြင့် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်
မိသည်။ သူငယ်ချင်းတွေက သူ့ကိုမသက်မသာဖြင့်ကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ၊ မင်းက မှားတဲ့ဟာကို ဘာလို့ ပြေပြေပြစ်ပြစ် မပြောဘဲ သွားရင့်ရတာတုံး"

"အေးလေ ... သူ့ခြေထောက်ကို ရေနွေးပူနဲ့ သွားပက်မိတာ မင်းလေ။ ဘာပဲဖြစ်ဖြစ် ကိုယ်က မှားတာ၊ ပြီးတော့ သူက မိန်းကလေး ...

အလကားသက်သက် စကားများအောင်ကွာ"

"ဟ ... သူပြောနေတဲ့ ပုံစံကိုလည်း ကြည့်ဦး၊ ရေနွေးလေး စင်မိတာကို အကြီးအကျယ် စာဖွဲ့နေတာ၊ မျက်နှာကြောနဲ့ လေသံကို မင်းတို့ မမြင်ဘူးလား ...

သူမှန်း သိလိုက်ကတည်းက ငါ စိတ်ပျက်သွားတာ ...

တောက် ... တော်တော်ကျောတဲ့ မိန်းမ၊ တောင်းပန်တာတောင် သူ့ကို ခခယယနဲ့ မျက်နှာချိုသွေးပြီး တောင်းပန်ရမလိုပဲ၊ ဝေးစွပဲ"

တစ်ခုခုဆိုလျှင် ဇာတ်လမ်းစဖို့ပဲ စိတ်ဝင်စားတတ်သူ ဇွန်ဇွန်ကတော့ ...





"မင်းတို့ ဇာတ်လမ်းလေးက စိတ်ဝင်စားစရာပါကွ၊ ဒီလို တကျက်ကျက် ကြည့်မရတာလေးတွေကပဲ အချစ်ဆုံးတွေ ဖြစ်သွားတတ်တာ ...

မင်းလို မဒီတိုင်း ကြည့်တဲ့သူကို ရှာကီရာက နှာတယ်၊ ရှာကီရာလို ဘဲတိုင်း လိုက်ချင်တဲ့ မဒီကိုတော့ မင်းက တင်းတယ်၊ ဟား ဟား ... မင်းတို့နှစ်ယောက် အဖြစ်က နော်မယ်လ်တော့ မဟုတ်ဘူး ...

ငြိနေပြီ၊ ငြိတွယ်ခြင်းရဲ့ အစ"

"တော်စမ်းပါကွာ"

သူက ဆရာကြီးလိုလို စကားကြီး စကားကျယ်တွေ သိပ်ပြောသော သူမပုံစံကို မြင်ယောင်လာကာ နှာခေါင်းရှုံ့ပြောမိသည်။

ပုံစံကိုက သူ့ကိုယ်သူ final year က မမစတိုင်လ်ဖမ်းထားလျက် တခြားသူတွေနှင့် တစ်မူထူးကာ ကွဲထွက်နေသောပုံစံ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောလယ်ခန့်ရှိ ဆံပင်စင်းစင်း ဖြောင်းဖြောင့်တွေကို ဒီအတိုင်း ချထားလျက် သူ နားမလည်သော ပိတ်စတစ်မျိုးကို မြန်မာဆန်ဆန် ဝတ်ထားပုံဟာ ရိုးသည် ဆိုတာထက် တမင် ဒီဇိုင်းထွင် ဝတ်ထားမှန်း သိသာစေသောပုံ ဖြစ်သည်။ ပြီးတော့ အင်မတန် အချိုးအဆစ် လှပသော ခန္ဓာကိုယ်ကိုလည်း ပြသထားသော ဝတ်စုံဖြစ်သေးသည်။

သူဟာ ဘာရယ်ကြောင့်မှန်းတော့မသိချေ။ ယောက်ျားကြိုက်ခန္ဓာကိုယ်ရှိသော မိန်းမမျိုးဆိုလျှင် အလွန်မုန်းတတ်ပါသည်။

"ချန်လင်း … မင်း သူ့ကို စိတ်မဝင်စားဘူးလား၊ အဲဒါ Queen ပဲနော်၊ ရွေးတဲ့နေ့က မလာလို့သာ"

"ထပ်မပြောနဲ့တော့ကွာ၊ သူ့အကြောင်းကို ကြားကို မကြားချင်တော့ဘူး"

"တစ်ယောက်တည်းပဲ ကျိတ်တွေးနေတော့မယ်ပေါ့"





"ညကျ ဂစ်တာသွားတီးမယ်လေကွာ၊ စိတ်မဆိုးနဲ့နော် … ခွင့်လွှတ်ပါကွယ် … ကိုယ်ရှိုင်းနေရင် … အဲဒီသီချင်း"

"ဟုတ်တယ် … ဟုတ်တယ်၊ နောက်နေ့ကျ လိမ်းဆေးတစ်ဘူးနဲ့ သွားတောင်းပန်လိုက်ကွာ၊ အဲဒီကနေ ဇာတ်လမ်းစကြတာပေါ့ …

ရာကီရာ ကြည့်ရတာ သဘောကောင်းမဲ့ပုံပါ"

သူငယ်ချင်းတွေက အမျိုးစုံအောင် မြှောက်ပေးကြသော်လည်း သူက နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းကိုသာ ခါယမ်းစမြဲ ဖြစ်လေသည်။

ဒီလို ဆရာလုပ်တတ်သည့် မိန်းမမျိုးကို ယောင်လို့တောင် ချစ်ဖို့စိတ်ကူးမရှိချေ။ သူ့ဘဝတွင် သူ့ကို ဘယ်သူကမှ ဆရာ မလုပ်ခဲ့။

မေမေပင်လျှင် ဆုံးသွားသည် အထိ စကားမာမာ မပြောဘူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာမဟုတ်သည့် မိန်းမတစ်ယောက်က ခပ်တည်တည်နှင့် ဆုံးမစကားတွေ ဆိုခြင်းသည် သူ့ကို စိတ်အနှောင့်အယှက် တော်တော်ကို ပေးပါသည်။

သူမသည် သူ့ကို တန့်နှင့် အမြဲဒေါသဖြစ်အောင် လုပ်တတ်ပေသူတည်း။

❣ ❤ ❣







"နာနေသေးလားဟင် ရှိန်း၊ တော်တော်ပူလား"

"ပူတော့ ပူတာပေါ့၊ ရေနွေးက အများကြီးမဟုတ်လို့ တော်သေးတာပေါ့"

ရှိန်းသည် ခြေဖမိုးကို အပူလောင်လိမ်းဆေး လိမ်းရင်းမှ မျက်လုံးထဲတွင် စကားကို အကျော်ကြီးနှင့် ပြောတတ်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ မျက်နှာကို ပြေးမြင်မိသည်။ အဲဒီတစ်ယောက် ဟာ ဘာတွေကို ဘယ်လို ဘဝင်မြင့်နေသလဲတော့ မပြောတတ် တစ်ဖက်သားကိုဆိုလျှင် အမှားဘက်ကချည်း အမြဲဆက်ဆံတတ် သူ တစ်ယောက် ဆိုတာတော့ နှစ်ခါ ဆုံဖူးတာနှင့်ကို သတိပြု ရပြီဖြစ်သည်။

"အဲဒါ King လေ။ အာကာချန်လင်း တဲ့"

"မနေ့က ကားကို ခပ်ရမ်းရမ်း မောင်းသွားတာ သူပဲပေါ့ တော်တော်ကို ဘဝင်မြင့်နေတဲ့ ဒီနိုင်းပဲ"

"ဘဝင်မြင့်,မမြင့်တော့မသိဘူး၊ မာနတော့အရမ်းကြီးတယ်" ပြောမနေနမ်းပါနဲ့ဟာ၊ ဘာစိတ်ဝင်စားစရာ ကောင်းတဲ့သူ ဂို့လဲ၊ အဲဒီကောင်က သိပ်ရင့်တဲ့ကောင်ဟ၊ တစ်ခါကလည်း သူ့ကားနဲ့ ကလေးတစ်ယောက်ကို တိုးမိမလို ဖြစ်တာကို အကြီးအကျယ် စွတ်ဟောက်နေတာ၊ ဒါကို ငါက အမြင် မတော်လို့ ဝင်ပြောမိတယ်၊ အဲဒါကိုလည်း မကျေနပ်ဘူး နဲ့ တူပါတယ် ...



အခုလည်း ကြည့်လေ သူ့ကြောင့် ဖြစ်တဲ့ကိစ္စ တစ်ခုကို သူကလည်း မှားသေးတယ်၊ အကျောကြီးနဲ့ တွေ့တယ် မဟုတ်လား"

ရှိန်း၏ မဲ့ကာရွဲ့ကာနှင့် မကျေမနပ် ပြောနေသာ ပုံစံကို အေမိက သဘောတကျ ရယ်မောၡ် နေလေသည်။

"ရှိန်းတို့ကတော့ တွေ့လိုက်ရင် တကယ့် ခေါင်တွေနဲ့ ချည်းပဲ၊ ငါကတော့ သူ့ကို ငေးနေတာနဲ့ပဲ ပြဿနာကို မေ့နေတော့၊ အဟား ဟား"

"ဟာ ... ဖြစ်သင့်လား အေမိရယ်၊ ဒီလောက် လူမှုရေး ညံ့ဖျင်းတဲ့ လူစားမျိုးကို"

"အံမယ်လေး ... သူနဲ့ စကားပြောချင်တဲ့ မိန်းကလေး တွေကို အများကြီးနော်၊ ဘယ်သူ့ကိုမှ မခင်တာ၊ အပေါင်း မဂင်တာ၊ အဲဒီတစ်ခုကို ချီးကျူးတာပါ၊ တခြား အီဟာ တဲ့ကောင်ဆို ဇာတ်လမ်းတွေ အများကြီး လုပ်လို့ရတာ ပေါ့"

www.burmeseclassic.com



ရှိန်းက ရှာကြံ၍ အကောင်းမြင်ပေးနေသော အခွံ ကို မျက်မှောင်းတစ်ချက် ထိုးပစ်လေသည်။

"အလကားပါဟယ်၊ သူ့ကိုယ်သူ ရုပ်ချောတယ်၊ ပိုက်ဆံ ရှိတယ် ဆိုပြီး ဘဝင်မြင့်နေတာပါ၊ အဲဒီလို ရုပ်ချောချော ကောင်တွေဆို ငါက ကြည့်မရတတ်ပါဘူး ...

သူတို့ကို ကောင်မလေးတွေက ကြည့်တယ်ဆိုပြီး ကြည့်တယ်ဆိုပြီး ပဲများနေတာ။ ဂိုက်ပေး ကြမ်းနေတာ အရမ်းမုန်းဖို့ကောင်းတာပဲ၊ ယောကျ်ားလေးဆိုတာယောကျ်ား ပီသတဲ့ စိတ်ဓာတ်မျိုးရှိမှ ငါက သဘောကျတာ၊ ရုပ်ချော တာဟာ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းမှ မဟုတ် တာ"

"အေးပါဟယ် ... နင် ရည်းစားထားမှ ရုပ်ဆိုးလား၊ ရုပ် ချောလား ငါ သေချာစောင့်ကြည့်ဦးမယ်"

"ရည်းစားထားဖို့လည်း ယောင်လို့တောင် မတွေးမိဘူး၊ ယောကျ်ား တစ်ယောက်က ငါ့အတွက်တော့ စာအုပ်





တစ်အုပ်၊ သီချင်းတစ်ပုဒ်၊ ကော်ဖီတစ်ခွက်လောက်တောင် စိတ်ဝင်စားဖို့ မကောင်းဘူး"

"နင် ထမင်းကို ကုန်အောင်စားနော် ရှိန်း၊ စကားကို ကုန် အောင်မပြောနဲ့၊ ငါတို့က နှလုံးသားနဲ့ လူငယ်တွေလေ ...

အချစ်ဆိုတာ ရောက်ချင်တဲ့အချိန် ရောက်လာတာပဲ"

"မျက်စိမှိတ်ထားလိုက်မယ်ဟာ"

အေမိက ရှိန်းကို နိုင်အောင် မပြောနိုင်တော့သဖြင့် တ်ဆိတ်သွားသည်။ ရှိန်းသည် အေမီ ပြောမှပင် ရည်းစားဟူ သော ဝေါဟာရနှင့် အချစ်ဆိုသော အကြောင်းအရာကို တွေးဖြစ် သွားသေးသည်။

အရွယ်ရောက်တည်းက စုပြုံရောက်ရှိလာသော အလှ ပတွေထဲ အခစားဝင်ကြသောသူတွေ အများအပြား ရှိခဲ့သော် ည်း ရှိန်းဟာ ယောင်လို့တောင် ရင်မခုန်ခဲ့ဖူးချေ။ ရည်းစား ား လိုက်ပြောသူတွေကိုပင် မျက်နှာထား တည်တည်ဖြင့် ား ပြန်ပြောရဲသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ် ဆိုသော အရာဟာ ရည်းစားဆိုသော အရာ ထက်တော့ ပို၍ ရှုပ်ထွေးကြောင်း ရှိန်း သိသည်။ ရည်းစားကို တောင် စိတ်ရှုပ်မှာစိုး၍ မထားခဲ့သော ရှိန်းဟာ အချစ်ဆိုသော အရာကိုတော့ ယောင်လို့တောင် ငဲ့မကြည့်ခဲ့ချေ။

အချစ်ကို တစ်ချက်မှ လှည့်မကြည့်ခဲ့သူပဲ ဖြစ်ပါ သည်။

❣❤❣







သူဟာ အိမ်ရောက်လျှင် ဘာရယ်ကြောင့်မှန်းတော့ သိ။ ခါတ်ဘူးထဲမှ ရေနွေးကို ခွက်တစ်ခွက်ထဲသို့ ထည့်ကာ ောက်ညှိုးနှင့် တို့ကြည့်သေးသည်။ ပူလျှင် လက်ကို ဆတ်ခနဲ ရုပ် ာ ဟိုမိန်းကလေး ပူသော အပူဟာ ဒီလောက် အနေအထ းပူ ားဟု တွေးမိတာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေကို စိတ်မဝင်စား၊ အဲဒီတစ်ယောက်ကိုလည်း တင်းသည် ဆိုသော်ငြား ကိုယ့်ကြောင့် အနာတရဖြစ်သွားခဲ့ရတာကတော့ သူ့ကိုယ်သူ တကယ်ပဲ အပြစ်မကင်းဖွာ ခံစားရတာ ဖြစ်သည်။

ဒီ့အတွက် တောင်းပန်သင့်လား၊ မတောင်းပန်သင့်ဘူးလား ဝေခွဲမရ ဖြစ်ရတာကို အကြိမ်ကြိမ်ပင်။ သူ့ကို သဘောသလိုလို လှောင်သလို ကြည့်သော မျက်ဝန်းတွေကိုလည်း မကျေနပ်။ ထို့အတူ ဆရာကြီး လုပ်တတ်သော အကျင့်တွေကိုလည်း မကျေနပ်တာတော့ အမှန်ပဲ ဖြစ်သည်။

ထမင်းစားပွဲတွင် တစ်ယောက်တည်း မျက်မှောင်ကြုတ်၍ ထိုင်နေသော သူ့ကို ထမင်းချက်သည့် အန်တီဆွေက ရှုးစမ်းသလိုကြည့်ကာ ...

"ချန်ချန် ဘာစားချင်လို့လဲ၊ ကော်ဖီ သောက်ချင်လို့လား"

"မသောက်ချင်ပါဘူး၊ ဟို ... အန်တီဆွေကို ကျွန်တော် တစ်ခု မေးချင်လို့"





"မေးလေ ... ဘာများတုန်း၊ ထူးထူးဆန်းဆန်းပါလား"

အန်တီဆွေက သူ့ကို အရေးတယူနှင့် စကားလာမေးနေသော ချန်လင်းကို ကြည့်ကာ အထူးအဆန်း ဖြစ်နေဟန်တူသည်။ ချန်လင်းဟာ အိမ်မှာလည်း ဘယ်သူ့ကိုမှ အရေးတယူလုပ်၍ စကားပြောတယ်လို့လဲ မရှိခဲ့။

သာမန်တိုက်ခန်း တစ်ခန်းစာလောက် ကျယ်ဝန်းသော သူ့အခန်းထဲမှာသာ နေတတ်သူ ဖြစ်သည်။ သူစားချင်တာတော် အင်တာကွန်းဖြင့် မီးဖိုထဲသို့ လှမ်းမှာတတ်သောသူက မီးဖိုထဲမှာ ထိုင်နေသော အဖြစ်ကို အန်တီဆွေက အံ့သြ၍နေလေသည်။

"ဒီဓာတ်ဘူးထဲက ရေနွေးက ပူလားဟင်"

"ပူတာပေါ့၊ ဘာဖြစ်လို့လဲ"

"မခံမရပ်နိုင်အောင် ပူတာလား"

အန်တီဆွေက သူ့ကို ရယ်ချင်သော မျက်လုံးမျိုးဖြင့် ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အများကြီး လောင်ရင်တော့ ပူတာပေါ့၊ နည်းနည်းပါးပါး ဆိုရင်တော့ ကိစ္စမရှိဘူးပေါ့၊ ဘာဖြစ်လို့လဲ ချန်ချန်ရဲ့"

"ဘာမှ မဖြစ်ပါဘူး"

သူက နားမလည်သလို ခမ်းနေသော အန့်တီဆွေကို ဘာမှမဖြေရှင်းတော့ဘဲ အသာထွက်လာခဲ့သည်။ အိမ်ပေါ်တက်လာစဉ်မှာကိုပဲ သူ့ဖုန်းက ထမြည်လာသဖြင့် ဖွင့်ကြည့်လိုက်လျှင် သူ တစ်ခါမှ မသိသောနံပါတ် ဖြစ်နေသည်။ အားနေသည်မို့ သူက ဖွင့်၍ နားထောင်လိုက်ပါသည်။

"ဟယ်လို"

"ချန်လင်းလားဟင်"

တစ်ဖက်မှ ခပ်ချွဲချွဲ မိန်းကလေးသံ ဖြစ်သည်။ ပြီးတော့ ဒီအသံကို သူ တစ်ခါမှ မကြားဘူး၊ သိလည်း မသိချေ။

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"တို့က သဲသဲပါ၊ ချန်လင်းနဲ့ တစ်မေဂျာတည်းပါပဲ"

"ဟုတ်ကဲ့၊ အဲဒီတော့ ..."





တစ်ဖက်မှ အသံတိတ်သွားသည်။ သူ့နားထဲတွင် ပိကျိ ပိကျိ အသံတွေက ကြားနေရသလားလို့ပင်။ ကျောင်းပိတ်ရက်မှာ မိန်းကလေးတွေစုကာ သူ့ကို ပြဿနာရှာကြတာပဲ ဖြစ်လိမ့်မည်။

"ဟိုလေ ... ချန်လင်းကို ကျောင်းမှာ တွေ့ဖူးနေတာတော့ ကြာပါပြီ။ ဒါပေမဲ့ မခင်ကြဘူးလေ၊ အဲဒါ ခင်မင်ချင်လို့ သူငယ်ချင်း လှမ်းဖွဲ့တာပါ၊ ချန်လင်းက မာနကြီးတတ်လားဟင်"

သူ တော်တော် စိတ်ပျက်သွားခဲ့သည်။ အဲဒီလို အဖြစ်တွေကို သူ အလွန်စိတ်ညစ်ရပါသည်။ မိန်းကလေးတွေဟာ ဟာကြောင့်များ ဒီလို ယွေလိကာလီ စိတ်ကူးတွေကို ပေါသနေကြသလဲဆိုတာ သူ ဘယ်လိုမှကို တွေး၍မရချေ။

"ကျွန်တော် မာန မကြီးတတ်ပါဘူး"

"ဟယ် ... ဒါဆို ..."

"ဒါပေမဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဝမ်းသာအားရ ဖြစ်သွားသော အသံကို သူက ပြီးအောင် စောင့်၍ နားမထောင်တော့ချေ။

"ဒါပေမဲ့ ကျွန်တော့်ကို ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့၊ ကျွန်တော်က ကျွန်တော့်သူငယ်ချင်းတွေနဲ့ပဲ အေးအေးဆေးဆေး နေရတာကိုပဲ သဘောကျပါတယ်၊ မိန်းကလေးတွေနဲ့ အပေါင်းအသင်း မလုပ်တတ်လို့ပါ ...

ဆောရီး ..."

ပြောပြီးလျှင် သူက ဖုန်းကို အပြီးပိတ်ချလိုက်လေသည်။ တစ်ဖက်မှ ဘယ်လိုထင်ထင် သူက ဂရုမစိုက်တော့ချေ။ အားနာပြီးတော့လည်း ဟန်ဆောင် ပန်ဆောင် မလိုက်လျောတတ်တာ သူ့အကျင့်ဖြစ်၏။ အားနာပါးနာနှင့် လိုက်လျောခေါင်းညိတ်မိလျှင်လည်း ပြဿနာက ဒီမှာတင် ရပ်နေမှာလည်း မဟုတ်။

နောက်ဆက်တွဲတွေက အများကြီး ကြုံလာဦးမှာဖြစ်သည်။ အားလုံးထဲမှထူးကာ အဲဒီတစ်ယောက်ကို ခင်လိုက်ပြန်လျှင်လည်း သို့လော သို့လော ပြောမဲ့သူတွေ ဖွမဲ့သူတွေ ဒါတွေကို သူ မကြုံချင်တာ ဖြစ်လေသည်။





သူဟာ မိန်းကလေးတွေနှင့် ပတ်သက်လာလျှင် ဘာလို့များ အဲဒီလောက်တောင် စိမ်းကား ပြတ်တောက်ရပါလိမ့်။

❣ ❤ ❣



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

"မင်း တောင်းပန်သင့်တယ်ကွ"

"ဟုတ်တယ်၊ ကိုယ့်ကြောင့် ထိခိုက်ဒဏ်ရာရသွားတာ၊ ပြေပြေလည်လည် ပြောပြီး ကောင်းသွားပြီလား၊ ပူသေးလား မေးသင့်တယ်"





"မပူတော့ဘူး၊ မနေ့ကပဲ မွေးလိုက်ပြီ"

"ဟိတ်ကောင် ခွန်ခွန်၊ စကားအကောင်း ပြောနေရင် ဝင်ပြီး မနှောင့်ယှက်နဲ့ကွာ"

သူတို့ သူငယ်ချင်းတစ်စုမှာ တစ်နေ့ကကိစ္စအတွက် ထပ်မံ အငြင်းပွားကြခြင်း ဖြစ်သည်။ သူက အဲဒီကိစ္စကို အစမဖော်သော်လည်း သူငယ်ချင်းတွေက ပြန်၍ အစဖော်လာကြတာ ဖြစ်လေသည်။

(တကယ်တမ်း ဝန်ခံရလျှင်တော့ အဲဒီကိစ္စဟာ သူ့ခေါင်းထဲမှလည်း ထွက်မသွားသေးပါ။)

သူတို့အထဲတွင် လူကြီးအဆန်ဆုံးနှင့် အအေးဆုံး ဖြစ်သော ညီညီထွန်းကတော့ နည်းအမှန်ဆုံး စကားကို ပြောပြသည်။

"ငါ့အမြင်ကတော့ကွာ၊ မင်း နည်းနည်းမှားတယ်လို့ ထင်တယ်၊ မင်းက တောင်းပန်တာလည်း ဆောရီး ဆိုပြီး မပြောချင် ပြောချင် ဖြစ်နေတာကိုးကွ၊ အဲဒီတော့ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



လည်း တင်းတာပေါ့၊ နေရင်းထိုင်ရင်း သူများကြောင့် အပူလောင်ခံရတာ ပြေရာပြေကြောင်း အတောင်းပန်မခံ ရတော့ စိတ်တိုမှာပေါ့ဟ ...

အခုမှတော့ ထပ်ပြီးလည်း သွားတောင်းပန်မနေနဲ့၊ ပိုပြီး မပြေမလည် ဖြစ်ဖို့ပဲ ရှိမယ်၊ အလိုက်သင့်လေးသာ ကြည့်နေတော့”

အဲဒီစကားဟာ သင့်တော် မှန်ကန်နေသည်မို့ ဘယ် သူကမှ ကပ်၍မပြောတော့ကြချေ။ သို့သော် သူမကို တွေ့ရင်တော့ “ဟိတ်ကောင်”ဟု ဆိုကာ စတတ်ကြစမြဲ။ သူတို့ အထက်တန်း ကျောင်းသားဘဝက ကိုယ်ကြိုက်သော မိန်းကလေးကိုတွေ့လျှင် သူငယ်ချင်း အချင်းချင်း ဟေ့ကောင်ဟု ခေါ်ကာ ထ,ထအော်မြဲ ဖြစ်သော အလေ့အထကို သွားသတိရ,မှ ငယ်ငယ်က ဘဝကို တောင် ပြန်သတိရသလို ဖြစ်မိသည်။

သူမကတော့ သူတို့အုပ်စုကို ယောင်လို့တောင် လှည့်မကြည့်ချေ။ တစ်ခန်းတည်း အတူစာသင်ကြသော်လည်း





သူနှင့်တော့ တစ်ခါမှတောင် မျက်လုံးချင်း မဆုံပေ။ သူတို့မေဂျာမှာ King အဖြစ် သူက နာမည်ကြီးသော်လည်း အင်မတန်မာန ကြီးသည်ဟု ကျော်ကြားကာ သူနှင့် ခင်မင်သော မိန်းကလေးဟူ၍ မရှိ။

သို့သော် Queen ထက် အများကြီး ချောသည်ဟု သတ်မှတ်ခံရသော သူမမှာတော့ ယောကျာ်းလေး မိန်းကလေး အပေါင်းအသင်း တော်တော်များများကို သတိပြုမိရသည်။

သူငယ်ချင်းတွေကတော့ ...

“ရာကီရာက ဆော်ဒါတော့ တော်တော်ပေါတယ်ကွ၊ လိုက်တဲ့သူတွေလည်း အများကြီးပဲ”

ဇွန်ဇွန်က ခပ်လှမ်းလှမ်းမှာ ထိုင်နေသော ဘေးတစ်ခြမ်း မြင်နေရသည့် သူမမျက်နှာကို ငေးကာ ပြောနေခြင်း ဖြစ်သည်။ သူက ဘာရယ်မဟုတ် မျက်လုံးတစ်ချက် စွေကြည့်လိုက်လျှင် သူငယ်ချင်း ပြောတာကို နူးနူးညံ့ညံ့ပြုံးလျက် နားထောင်နေသော သူမ မျက်နှာကို သွား၍မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မရည်ရွယ်ထားပါဘဲနှင့် အဲဒီမျက်နှာကို ကြာကြာ ငေးမိသွားသည်။

ပန်းရောင်ပြေးနေသော မျက်နှာဟာ အခုတော့ လည်း သိပ်မဆိုးပါဘူးဟု သူ့ဟာသူ မှတ်ချက် ချမိသွားသေးသ ည်။

"ဟေ့ကောင် … ဘာငေးနေတာလဲကွ"

"ဘာမှ မဟုတ်ပါဘူးကွာ၊ မင်းကလည်း"

သူက သူခိုးလူမိသွားသော်လည်း ဘာမှ မဖြစ်သလို ဖြင့် ခပ်တည်တည် ပြန်ပြောလိုက်ရသည်။ ဇွန်ဇွန်က သူ့ကို ရယ်ကျဲကျဲဖြင့်ကြည့်ကာ …

"ရှာကိုရှာကို ငေးနေတာ မဟုတ်လား၊ ဘာဖြစ်လဲကွာ၊ ကြည့်ကြည့်တယ်ပေါ့၊ မင်းနဲ့ ငါတို့ကြားမှာ အဲဒီအကန့် တွေက ဖွက်ထားစရာ လိုလို့လား"

"မဖွက်ပါဘူးကွာ၊ မင်း ပြောနေတော့ ငါက ဘာရယ်မ ဟုတ် လှမ်းကြည့်မိလိုက်တာပါ"





"အဲဒါကိုက မင်း အခြေအနေ တိုးတက်လာတာ၊ အရင်က ဆို ငါတို့ ဘယ်လောက်ပြောပြော မင်း လှည့်ကြည့်တာ မှ မဟုတ်တာ …

ဖြဟ္မာသေလို့ ဝင်စားသလား မှတ်ရတယ်၊ အခု တော့ ခံစားတတ်ပြီပေါ့လေ၊ ဟုတ်လား"

ဇွန်ဇွန်ရဲ့ စပ်ဖြဲဖြဲ သဘောတကျ ဖြစ်နေသည့်ရုပ် ကို သူက မျက်မှောင်ကုတ် ပြုံးမိသော်လည်း ပြင်းပြင်းထန်ထန် ကြီး မတုံ့ပြန်ဖြစ်တော့ချေ။

"မင်း မကြိုက်ဘူးလား ချန်လင်း"

"ငါ စဉ်းစားနေတာ တစ်ခုက သူ့ကိုလိုက်တဲ့သူတွေကို ဒီမိန်းမ ဆရာလုပ်မလွှတ်ဘူးလား ဆိုတာပဲ"

"မင်းကလည်းကွာ၊ ကိုယ်ကြိုက်နေတဲ့ မိန်းကလေးက ပြောနေမှတော့ ဆရာလုပ်တယ်လို့ ဘယ်သူက မြင်မှာလဲ ကွ၊ သဘောတွေ ဇွတ်ကျနေမှာပေါ့၊ ချစ်ရင် အပြစ်မမြင် တတ်တော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ လျှောက်ပြောတာ"

"ဟာ ... ဟုတ်တယ်၊ မင်း သူ့ကို မကြည်လင်တာ မချစ်လို့၊ ချစ်ရင် သူ ဘာပြောပြော မင်း နှလုံးတွေ ကြည်မွေ့နေမှာ၊ အဲဒါ သူ ငါ့ကိုချစ်လို့ပြောတာ၊ ဂရုစိုက်လို့ပြောတာ ဆိုပြီး ရင်ထဲမှာ ပီတိတွေဖြာနေမှာ ...

ချန်လင်းရာ ... မင်းက ငယ်ငယ်လေးတည်းက မိခင်ရဲ့ မေတ္တာကို ငတ်မွတ်လာတာ ဆိုတော့ မင်းအနေနဲ့ အမေနဲ့တူသော မိန်းမမျိုးကို ရှာသင့်တယ် ...

မင်းဘဝက နည်းနည်းခြောက်သွေ့နေသလိုပဲ၊ ငါပြောတာ ဟုတ်,မဟုတ် မင်း စဉ်းစားကြည့်စမ်း"

သူက ဇွန်ဇွန် ပြောတာကို ခေါင်းတဆတ်ဆတ်ညိတ်ကာ စဉ်းစားမိသည်။ တကယ်တမ်း ပြောရလျှင်လည်း သူ့ဘဝဟာ ခြောက်သွေ့သယောင် ရှိနေခဲ့တာပဲ ဖြစ်သည်။ ဒက်ဒီကလည်း သူ့အလုပ်တွေနဲ့သူ မအားလပ်နိုင်နိုင်လွန်းလေရာ သူ့အတွက် ငွေကလွဲ၍ ဘာမှ ဖြည့်ဆည်းပေးနိုင်သူ မဟုတ်ချေ။





သူငယ်ချင်းတွေသာ မရှိခဲ့လျှင် သူ့ဘဝကြီးက ပို၍ ငြိုးငွေ့ဖွယ် ကောင်းသွားမှာ ဖြစ်သည်။

"လူတစ်ယောက်ရဲ့ ဘဝက အချစ်ရှိမှ ပိုပြီးအသက်ဝင်တာကွ ချန်လင်းရ၊ ဒီကမ္ဘာလောကကြီးမှာ ကိုယ့်ကို ချစ်နေတဲ့ သူတစ်ယောက် ရှိတယ်ဆိုတဲ့ အဖြစ်က ပိုကျေနပ်စရာကောင်းပါတယ် ...

ကိုယ်က ချစ်ရတာတော့ အကျေနပ်ရဆုံးပဲ၊ ရင်ထဲမှာ တကယ့်အချစ်ကို ခံစားမိပြီဆိုရင် လောကကြီးဟာ အရင်ထက် ပိုလှပလာသလို ခံစားရမယ်၊ မင်းဆို ပိုအဓိပ္ပာယ်ရှိတဲ့ Life Style ဖြစ်သွားမယ်"

သူက ဇွန်ဇွန်ရဲ့စကားကို ဘာမှ ပြန်မပြောဖြစ်ဘဲ တိတ်ဆိတ်စွာ စဉ်းစားနေမိတာဖြစ်သည်။

"မင်းက ငါတို့လို ညီအစ်ကို မောင်နှမနဲ့ မိသားစုအပြည့်အစုံလည်း ရှိတာမဟုတ်ဘူး၊ ဒီတော့ ကိုယ့်ဘဝအတွက် အဆင်ပြေမဲ့ မိသားစုမျိုး မင်း ထူထောင်သင့်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မင်းက လူတစ်ယောက်ကို ချစ်သွားရင်လည်း အဆုံးစွန်ထိ ချစ်မဲ့ကောင်၊ အဲဒီတော့ မင်းချစ်တဲ့သူဟာ မင်းအသည်းကို ခွဲမသွားမဲ့ မိန်းကလေးဖြစ်ဖို့ လိုမယ် ...

အဲဒါတွေနဲ့ ပြည့်စုံမှာတော့ ရှိန်းမြသံစဉ် ပဲကွာ"

အဆုံးသတ်မှာ ပိတ်ပြောလိုက်သော နာမည်တစ်ခုက သူ့နားထဲသို့ အစီအစဉ်တကျ တိုးဝင်လို့ သွားခဲ့လေသည်။ အဲဒီနာမည်ကို သူ တစ်ခါမှ မကြားဘူးခဲ့။

အင်း ... ပြောရရင်တော့ နာမည်ကြီးမင်းသမီးများမှအပ တခြားမိန်းကလေးတွေရဲ့ နာမည်တွေကို သူ သိလှသည်မရှိပါ။

"ရှိန်းမြသံစဉ် ဆိုတာ Queen လား"

ဖွန်ဖွန်က သူ့ကို လက်ဖျားခါတယ်ဆိုသော ပုံဖြင့် ...

"ရှာကီရာလေ"





"သူ့နာမည်က ရှိန်းမြသံစဉ် တဲ့လား"

"အင်း ... အားလုံးကတော့ ရှိန်းလို့ပဲ ခေါ်ကြတယ်၊ မြင်တာနဲ့တင်ကို ရှိန်းဖိန်းဖိန်း ဖြစ်သွားစေတဲ့ အလှပဲလေ"

ဖွန်ဖွန် ဆိုသည့် ငနဲက တမ်းတသံ အပြည့်ကြီးနှင့် ပြောလျှင် သူက ဘယ်လိုမှ မရည်ရွယ်ထားပါဘဲနှင့် အဲဒီတစ်ယောက်ထံ အကြည့်ရောက်သွားခဲ့သည်။

အဲဒီအခိုက်မှာပဲ ထိုင်ရာမှထကာ တစ်နေရာသို့သွားမည့်ဟန် ပြင်လိုက်သော သူမနှင့် ပက်ပင်းကြီး တည့်တည့်သွားတိုးတာ ဖြစ်ပါသည်။

သူနှင့် တည့်တည့်တိုးသွားသော်လည်း ဘာခံစားချက်မှ ထူးထူးခြားခြား ပြောင်းလဲသွားခြင်း မရှိသော သူမကခပ်တည်တည်ပင် အကြည့်တစ်ချက်ကို ပြန်သိမ်းကာ အတန်းအပြင်သို့ ထွက်သွားခဲ့သည်။

သူ့ကို ဥပေက္ခာပြုထားသော ပထမဆုံး မိန်းကလေးကို သူ နည်းနည်းတော့ စိတ်ဝင်စားသွားခဲ့သည်ဟု ဝန်ခံပါသည်။

❣ ❤ ❣



www.burmeseclassic.com

www.burmeseclassic.com





ထိုနေ့က ဖြစ်ချင်တော့ စာကြည့်တိုက်သွားမည့်ကိစ္စတွင် ဘယ်သူကမှ အဖော်လိုက်ပေးဖို့ ဆန္ဒမရှိချေ။ ဇွန်ဇွန်က သူ့ကောင်မလေးနှင့် ထွက်သွားသည်။ နောင်ဂျိန်နှင့် စောကြီးက ကားသွားပြင်ကြရာ သူ့ဟာသူပဲ ထွက်လာခဲ့ရတာဖြစ်၏။ သူဟာ ပထမတော့ တစ်ယောက်တည်း အေးအေးဆေးဆေး ကားမောင်း





လာခဲ့တာ ဘာပြဿနာမှမရှိ။ နည်းနည်း ကြာလာသောအခါ နောက်ကကားဟာ သူ့ကို တမင်လိုက်စနေသည်ဆိုတာ သိလာခဲ့ရသည်။

သူဟာ စိတ်အနှောင့်အယှက် ဖြစ်သွားခဲ့သော်လည်း ပြဿနာမဖြစ်ချင်၍ အသာပဲ ဆက်မောင်းလာခဲ့သည်။ အဲဒီကားဟာလည်း နောက်ကနေ တကပ်ကပ်ဖြင့် ဆက်ပါတုန်း ရှိသည်မှာ စာကြည့်တိုက် ရောက်တဲ့အထိပင်။

ကားရပ်တော့ သူ့ရဲ့ဘေးမှာပဲ ရပ်သည်။ ကားပေါ်က ဆင်းလာတာက ခေတ်ကို နှစ်ပြန်လောက် ကျော်တက်ထားသည့် အင်မတန် ခေတ်လွန်နေသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ဝတ်စားထားပုံဟာ တခြားယောက်ျားတွေ အတွက်တော့ ကြိုက်ကောင်း ကြိုက်ကြမည်။ သူ့အတွက်တော့ အထင်သေးစရာပဲ ဖြစ်သည်။

သူ့ကို ပြုံးတီတီ လှမ်းကြည့်နေသော အဲဒီမိန်းကလေးကို သူက ရှုတင်းတင်းနှင့် တစ်ချက်ကြည့်ကာ စာကြည့်တိုက်

www.burmeseclassic.com



ထဲ ဝင်လာခဲ့တော့သည်။ ကောင်မလေးတော့ ဆက်မလိုက်လာတော့ချေ။ အဲဒီတော့မှ သူက စိတ်ချမ်းသာသွားရကာ စာအုပ်တွေကို အေးအေးဆေးဆေး ရွေးနိုင်လေသည်။

သူ့ဘဝတွင် အဲဒီပြဿနာကလည်း တကယ့်ကို တမှောင့်ပဲ ဖြစ်သည်။ သူဟာ တမင် စတိုင်လ်ထုတ်ထားတာလည်း မဟုတ်ပါဘဲနှင့် မိန်းကလေးတွေနဲ့ ခပ်ရှင်းရှင်းနေတတ်တာဟာ သူ့ကို ပို၍ ပို၍ စိတ်ဝင်စားစရာ ကောင်းစေလားဟုတော့ မပြောတတ်။ ဖွန်ဖွန်ကတော့ မင်း ရည်းစားတစ်ယောက်လောက် ထားလိုက်ဟု အကြံပေးဖူးသေးသည်။ အဲဒီအကြံကိုလည်း သူက လက်မခံခဲ့ပါ။

စာအုပ်သုံးအုပ် ရွေးပြီးလျှင် သူက စာကြည့်တိုက်ထဲမှ ပြန်ထွက်လာခဲ့သည်။ အဲဒီမှာပဲ သူ့မျက်လုံးတွေ အပြူးသား ဖြစ်သွားခဲ့ရတာ ဖြစ်လေသည်။ သူ့ကား ရှေ့အဖုံးပေါ်တွင် နှင်းဆီပန်းပွင့်ဖတ်တွေမှ တဖွေးကြီးဖြစ်ကာ ဘက်မှန်တွေမှာလည်း မိုးပျံပုဖောင်း ရောင်စုံတွေကို ချည်ကာထားသေးသည်။ သူ့ကား





ဘော်ဒီကိုမှီကာ ခပ်ပြုံးပြုံးနှင့် ပန်းစည်းတစ်စည်းကို ပွေ့စောင့်နေတာက စောစောတုန်းက ကောင်မလေး။

သင်းက စိတ်ကူးယဉ်ဆန်ဆန်ဖြင့် Romantic Style ဖန်တီးထားသော်လည်း သူ့မျက်လုံးထဲတွင် ဘယ်လိုမှ မျက်စိပသာဒလည်း မဖြစ်ချေ။ ကားတစ်စီးလုံး ရှုပ်ပွကာ ရုပ်ဆိုးနေသည်ဟုပဲ မြင်လေသည်။

"ဟေ့ ... မင်း ဘာလုပ်ထားတာလဲ၊ ကျွတ်"

သူ့ကို ပန်းပွင့်ပေါက်နေသည့်အလား သင်းလေးက တခစ်ခစ်နှင့်ပင် ရယ်မောနေလိုက်သေးသည်။ ပြီးလျှင် သူ့အနားသို့ ရောက်လာလျက် ဘာမပြော ညာမပြောနှင့်ပင် လက်ထဲသို့ ပန်းစည်းကြီးကို ထိုးထည့်ပေးလိုက်လေသည်။

"အာ ... ဘာလုပ်တာလဲ၊ ဒါကို ငါက ဘာလုပ်ရမှာလဲ"

"ယူ့အတွက်လေ"

သူက စိတ်ရှုပ်စွာနှင့် ထိုပန်းစည်းကြီးကို ကောင်မလေးလက်ထဲ ပြန်၍ထိုးထည့်ပေးလိုက်သည်။ ကောင်မလေးက



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲ ပြန်ထည့်၊ သူက လက်ကာနှင့် ချာလပတ်ယမ်းထွက်၍ နေလေသည်။

တခြား ဖြတ်သွား ဖြတ်လာတွေက စူးစမ်းသလို ကြည့်သူကကြည့်၊ ပြုံးစိစိ ကြည့်သူတွေကကြည့် ဖြစ်လာလျှင် သူက ဒေါသထွက်လာရချေပြီ။

ဒီပုံစံနှင့် သူ ဘယ်လိုလုပ်ပြီး ကားမောင်းပြန်ရပါ့။

"ဟိတ် ... မင်း လုပ်ထားတဲ့ဟာတွေကို မင်း အကုန်ပြန်ရှင်းသွား"

"ဘာလို့ ရှင်းရမှာလဲ၊ တမင် ဒီလိုဖြစ်အောင်တောင် လုပ်ထားရတဲ့ဥစ္စာ"

"နေစမ်းပါဦး၊ ဒီလို လုပ်ရအောင် မင်းနဲ့ငါနဲ့က ဘာပတ်သက်နေလို့လဲ၊ အခုဖယ်စမ်းကွာ"

"ယူက ကြားဖူးတာထက်တောင် ဒေါသကြီးတတ်တာပဲနော်"





သူက စိတ်တိုလာလျှင် ထိုမိန်းကလေးကို စူးစူးရဲရဲ ...င် စိုက်ကြည့်မိသည်။

သူမဟာ ဒီလို အကြည့်ခံရတာကိုပင် ကျေနပ်နေပုံဖြင့် နှုတ်ခမ်းတွေ ကော့တက်နေအောင်တောင် ပြုံးထားလိုက်သေးသည်။

တောက် ... စိတ်ရှိလက်ရှိ လုပ်လိုက်ရ သေတော့မယ်။

"ယူက ခင်မင်ခွင့်လေးတောင် မပေးဘဲ သိပ်မာနကြီးပြနေတာကိုး၊ စိတ်အနှောင့်ဖြစ်အောင် လုပ်တာတော့ မဟုတ်ပါဘူး ...

ဘယ်လိုလဲ၊ ကိုယ်တို့ အေးအေးဆေးဆေး မိတ်ဆွေဖြစ်ကြမလား"

သူမက ပန်းစည်းကြီးကို သူ့ထံသို့ ဟန်ပါပါနှင့် ...မ်းပေးလာလျှင် သူက ဒေါသထွက်ထွက်နှင့် ဆတ်ခနဲ ဆွဲယူ...ာ လွှင့်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန်းကလေးရဲ့ မျက်လုံးတွေက လက်ခနဲဖြစ်သွားကာ အေးစက်စက် ပြုံးလိုက်တာကို သူ သတိပြုမိသည်။

ပြီးလျှင် သူ့အနားသို့ တိုးလာလျက် လက်တစ်ဖက် မြှောက်လိုက်လျှင် သူကလည်း ဘာလုပ်မယ် ဆိုတာကို ရိပ်မိလျက် အဲဒီလက်ကို ဆွဲယူဖမ်းဆီးထားလိုက်တာ ဖြစ်သည်။ အဲဒီမှာပဲ မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကို ကြုံလိုက်ရတာ ဖြစ်လေသည်။

အဲဒီမိန်းကလေးက စူးစူးဝါးဝါးအော်ဟစ်ကာ ...

"ရှင် လွှတ်နော်၊ ဒီမှာ ... ကျွန်မကို အနိုင်ကျင့်နေပါတယ်"

သူက ရုတ်တရက် ထူပူသွားလေသည်။

"ဟာ ... ဟိတ်၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"လွှတ် ... လွှတ်"

သူမရဲ့ အော်သံစူးရှရှကြောင့် လူတချို့က ကွက်ကြည့် ကွက်ကြည့် လုပ်လာလျက် လူတွေ မအုံလာခင်မှာပဲ အနားသို့ တစ်စုံတစ်ယောက်က ရောက်လာခဲ့တာ ဖြစ်သည်။





"ဘာဖြစ်တာလဲ ညီမ"

စွမ်းအားတစ်မျိုးပါသော အသံပိုင်ရှင်ကို သူရော ပြဿနာမလေးရောကပါ ဖြိုင်တူလှည့်ကြည့်မိကြသည်။ တည်ငြိမ်သော မျက်နှာထားနှင့် ရပ်နေသူဟာ သူသိထားသော ရှိန်း ဆိုသည့် တစ်ယောက်ပဲ ဖြစ်ပါသည်။

သူဟာ အဲဒီတစ်ယောက်ကို မြင်တွေ့လိုက်သည့် အခိုက်အတန့်မှာ ဘာကြောင့် အားတက်သလို ခံစားသွားရသလဲ ဆိုတာတော့ မပြောတတ်ချေ။

"သူ ကျွန်မကို လက်ဆွဲလို့"

"ဟာ ... မဟုတ်တာ၊ မင်း စကားမတတ်နဲ့နော်"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်မ ရှင့်ကို မကျေနပ်ဘူး၊ ကျွန်မကို စော်ကားတဲ့လူ"

"ဒီမှာ ညီမ၊ ညီမတို့ ပြဿနာကို တို့ အစအဆုံး မြင်ပြီးသားပါ၊ သူ ရောက်မလာခင် ညီမ သူ့ကားကို ဘာတွေ လုပ်နေတယ် ဆိုတာကအစ တစ်နေရာက ထိုင်ကြည့်ရင်း သိနေပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေး တစ်ယောက်က ဒီလောက် တင်းမာ ဥပေက္ခာပြုနေတာကို ဘာလို့ ပတ်သက်ချင်နေရတာလဲကွယ် ...

ပြဿနာကို မဖန်တီးချင်ပါနဲ့"

ထိုမိန်းကလေးက သူ့ကို မဲ့ရွဲ့ပြီး ကြည့်ကာ ...

"ဖင်ခေါင်းကျယ်လို့ အမြင်ကတ်လွန်းလို့ လုပ်တာ"

သူမက အဲဒီစကားကို သဘောတကျ ပြုံးလိုက်တာကို သူ မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

"အမြင်ကတ်ရင်လည်း ဥပေက္ခာပြုထားလိုက်တာအကောင်းဆုံးပါပဲ၊ ကိုယ့်ကို ဒီလိုဆက်ဆံတာကို ညီမ လက်ခံပြီး ဆက်နှောင့်ယှက်နေရင် မလိုလားအပ်တဲ့ ကိစ္စတွေ ဖြစ်လာမယ် ...

ညီမက မိကောင်းဖခင် သားသမီး တစ်ယောက်လို့တို့ ထင်ပါတယ်၊ သိက္ခာရှိရှိ ရပ်တည်ပါကွယ်"





"ဒီကလည်း သူ့လိုလူမျိုးကို အုံးမစားပါဘူး၊ နောက်နောင်တော့ ဆောရီးပဲ၊ သိပ်ဘဝင်ခိုက်နေလို့ ပညာပေးကြည့်တာ ...

ကိုယ့်ကိုယ်ကိုယ် အရမ်းအထင်ကြီးမနေနဲ့ သိလား"

ကောင်မလေးက ရိုက်ပေါက်ပုံစံဖြင့် ပြောကာ ချာခနဲ လှည့်ထွက်သွားလျက် ကားကို တရကြမ်း မောင်းထွက်သွားလေသည်။ သူမက နံဘေးမှာ ရပ်နေဆဲဖြစ်သည့် သူမကို ကျေးဇူးတင်စကားပဲ ပြောရတော့မှာလိုလို၊ မဆိုင်ဘဲနဲ့ ဝင်ပါသည့် သူဆိုကာ ရန်ပဲ တွေ့ရတော့မှာလိုလိုဖြင့် ဝေခွဲမရချေ။

သို့သော် ဒီတစ်ခါ မဆိုင်ဘဲ ဝင်ပြောသော ကိစ္စကတော့ သူ့အတွက် စိတ်ဆိုးစရာ မဖြစ်စေပါ။

သူက ထွက်သွားတော့မည့်ဟန် ပြင်နေသည့် သူမဘက်သို့လှည့်ကာ တစ်ခုခုပြောဖို့ အားယူနေဆဲမှာပင် သူမကလည်း သူ့ကို ကြည့်လာခဲ့ပါသည်။ ဘုရားရေ ... အဲဒီအကြည့်တွေနှင့် မျက်လုံးချင်း တည့်တည့်ဆုံစဉ်မှာ သူ့တစ်ကိုယ်လုံး ရှိန်းမနဲ့ ဖြစ်သွားတာ ဘာကြောင့်ပါလိမ့်။

www.burmeseclassic.com



အဲဒီအကြည့်တွေဟာ မိန်းကလေးများစွာတို့၏ မျှော်လင့်ချက် မျက်ဝန်းတွေနှင့်လည်းမတူ။ အေးစက်စက်တွေလည်း မဟုတ်။

"ကျေးဇူးပဲ"

ဒီတစ်ခါတော့ အဲဒီစကားဟာ သူ့နှုတ်ဖျားမှ ရှောရှောရှူရှူပဲ ထွက်သွားတာ ဖြစ်သည်။ သို့သော် သူမ ကြားလောက်ရုံ ခပ်တိုးတိုးမျှသာ ဖြစ်လေသည်။

"ဘာအတွက်လဲ"

ဒီလို မေးခွန်းမျိုးကို ပြန်မေးသော သူမကို သူက အနည်းငယ်မျှ အံ့သြသွားသေးသည်။

"ဪ ... မင်းသာ ရောက်မလာရင် ပြဿနာက ပိုကြီးသွားနိုင်လောက်တဲ့ အတွက်ပါ"

"ကျွန်မက ရှင့်ကို ကူညီတယ်လို့ ရှင်က ထင်နေတာလား"

ဒီအမေးကြောင့် သူပင် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ သူ သတိမှတ်ထားခဲ့တာကတော့ သူမဟာ သူ့အခက်





အခဲတစ်ခုကို ဝင်ရောက်ကူညီပေးလိုက်တာပဲ ဖြစ်သည်။ မျက်မှန်းတန်းမိနေသော တစ်တန်းတည်းသားချင်း အမြင်မတော်တာကို သူမ ဝင်ရောက်ကူညီတာပဲဟု သူက မှတ်ယူခဲ့တာ ဖြစ်လေသည်။

"ကျွန်မရှေ့မှာ မိန်းကလေးတစ်ယောက်ကို ရက်ရက်စက်စက် နှိမ်ချစော်ကားနေတာကို ဆက်မကြည့်ချင်တော့လို့ ဝင်ပါရတာပါ ...

မြင်ကွင်းထဲမှာ ဘယ်လိုမှ မသင့်တော်လို့"

"ဘာပြောတယ်၊ ငါက မိန်းကလေးတစ်ယောက်ကို နှိမ်ချစော်ကားတယ်၊ ဟုတ်လား ...

သူက ငါ့ကို ဘယ်လိုတွေ နှောင့်ယှက်လဲ၊ မင်းမြင်တယ် မဟုတ်လား၊ ဒါတွေ ဒါတွေ ... အဲဒါတွေက ဘာအရူးထ,ထားတာလဲ"

သူက နည်းနည်းမှ မရှည်တတ်သောစိတ်ဖြင့် ချက်ချင်းပင် ဒေါသတွေ ထွက်လာလျက် ကားဘောနပ်စ်ပေါ်က ဖြန့်ကျဲနေသည့် နှင်းဆီပွင့်ဖတ်တွေ၊ ထိုးထိုးထောင်ထောင်လွင့်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ရောင်စုံပွဖောင်းတွေကို လက်ညှိုးငေါက်ငေါက်ထိုးပြကာ ဆောင့်ကြီး အောင့်ကြီး မေးမိလေသည်။

သူမက အဲဒါတွေကို တစ်ချက်မှပင် ဝေ့မကြည့်ဘဲ ဘာမှမဖြစ်သလို အထာလေးဖြင့်သာ ...

"အဲဒါတွေက ရှင့်ကားကို ညစ်ပတ်ပျက်စီးသွားစေလို့လား၊ ရှင့်ကို ပန်းစည်းပေးတာကရော အရှမ်းရိုင်းတဲ့ အပြုအမူမို့လို့လား"

"ညစ်ပတ်မသွားလည်း ပေပွ ရှုပ်ပွသွားတာ မမြင်ဘူးလား ဘာမှမသိဘဲနဲ့ ယောက်ျားလေး တစ်ယောက်ကို ပန်းစည်းလာပေးတိုင်း ငါက ကျေကျေနပ်နပ်ကြီး လက်ခံယူထားရမှာလား ...

နေပါဦး၊ မင်းကရော အဲဒီမိန်းကလေးရဲ့ အပြုအမူကို ကျေနပ်ထောက်ခံနေတဲ့ သဘောလား"

သူ့အမေးကို သူမက ပခုံးနှစ်ဖက် ဟန်ပါပါတွန့်ပြကာ ...





"မကျေနပ် မထောက်ခံလို့ ဝင်ပါခဲ့ပြီပဲ၊ လူတစ်ယောက်ကို ကိုယ်က ဘယ်လောက်ကြီးပဲ မနှစ်မြို့ပါစေ သူ့အပြုအမူဟာ ယဉ်ကျေးခြင်း သဘောကို ဆောင်ခဲ့ရင် ကိုယ်ကလည်း ယဉ်ကျေးတဲ့ တုံ့ပြန်မှုမျိုးပဲ ဖြစ်သင့်တယ် ...

ရှင် သူ့ကို သဘောမကျလည်း ပြေပြေလည်လည် ပြောပြီး ငြင်းပယ်နိုင်တာပဲ၊ အခုတော့ မိန်းကလေးတစ်ယောက်က ပေးတဲ့ ပန်းစည်းကို လွှင့်ပစ်တဲ့ ရှင့်အပြုအမူဟာ သိပ်ရိုင်းတယ်"

"နေပါဦး၊ မင်းက တစ်ဆိတ်တော့ လွန်လွန်းပြီလို့ ထင်တယ်နော်၊ ဘာအကြောင်းနဲ့မှ မင်း ငါ့ကို ဝေဖန်ပိုင်ခွင့်မရှိဘူး"

သူမက သူ့ကို တည့်တည့်ပင် ပြုံးစိုက်ကြည့်လာကာ ...

"ရှင်က ဝေဖန်မှုကို လက်မခံနိုင်တဲ့သူဆိုတာ သိပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း သူများကို အင်မတန် ဆရာလုပ်တတ် လျှာရှည်တတ်တဲ့ မိန်းမဆိုတာလည်း သိပြီးသားပဲ"

"မဆိုးပါဘူး၊ ရှင်က လေ့လာအား ကောင်းသားပဲ"

သူမက စိတ်ဆိုးဟန် မရှိဘဲ အသာပြုံးကာ ပြန်ပြောလေသည်။ ဒီမိန်းမမှာ ဒေါသထွက်တတ်သော စိတ်ထားမျိုး မရှိဘူးလား မသိချေ။ ဘယ်သူဘာဖြစ်ဖြစ် အေးဆေးသက်သာသော အပြုံးတစ်ခုနှင့် ဆရာကြီး လုပ်နေမည့် မိန်းမမျိုးဟု သူက ခပ်ချဉ်ချဉ် တွေးလိုက်မိသေးသည်။

သူမက ထင်မှတ်မထားစွာဖြင့် ...

"ဟို ပန်းစည်းနဲ့ ပွဖောင်းတွေ ကျွန်မကို ပေးမလား"

သူ လွှင့်ပစ်ထားသော ပန်းစည်းကို လက်ညှိုးထိုးပြကာ မေးသဖြင့် သူပင် ယောင်နန ဖြစ်သွားရသေးသည်။

"ငါ့ဟာမှ မဟုတ်တာ"

"အိုခေ ... ပေးတယ်ပေါ့နော်၊ ရှင့်ရဲ့ ရက်ရောမှုက ရှင့်ကို အကျိုးပြုပါလိမ့်မယ်"





သူမက ခပ်လှမ်းလှမ်းမှာ ကျနေသော ပန်းစည်းကြီးကို သွားကောက်ယူလာကာ မလှမ်းမကမ်းရှိ ကွမ်းယာသည်မိန်းမကို သွား၍ ပေးလိုက်လေသည်။ ပြီးတော့ ၎င်းက ဘာတွေပြောနေမှန်းမသိ။ ထိုမိန်းမက သဘောတကျရယ်လျက် သူမ၏ ကလေးနှစ်ယောက်ကို လွှတ်လိုက်လေသည်။

ကလေးနှစ်ယောက်က ချက်ချင်းပင် သူ့ကားအနားသို့ ရောက်လာကာ ကားအဖုံးပေါ်မှ နှင်းဆီပွင့်ဖတ်ကို သိမ်းကျုံးစုစည်းကာ ရှင်းလင်းပစ်လိုက်လေသည်။ ပြီးလျှင် မိုးပျံပွဖောင်းတွေကို ဖြုတ်ယူကြလျက် ပျော်ရွှင်နေဟန်ဖြင့် ပြန်လည်ထွက်ခွာသွားကြ၏။

ခဏအကြာတွင် သူမကား ပြုံးရွှင်သော မျက်နှာထားနှင့် ပြန်၍ ရောက်လာလေသည်။

"ကဲ ... ရှင့်ရဲ့ကား ရှင်းလင်းသွားပြီ မဟုတ်လား၊ လောကမှာ ကိုယ်က စွန့်ပစ်ပစ္စည်းအဖြစ် သတ်မှတ်ထားပေမဲ့ တခြားသူတွေ အတွက်တော့ ပျော်စရာအရာ ဖြစ်သွားတတ်တာတွေလည်း အများကြီးပဲလေ ..."



www.burmeseclassic.com

www.burmeseclassic.com



ဘာမဆို နှစ်ဦးနှစ်ဖက် မျှတွေးပေးတတ်ရင် လောကကြီးက ဒီ့ထက်သာယာလှပမှာ အမှန်ပါ”

ဘယ်လိုမိန်းမလဲ ဆိုတာကို သူပင် လိုက်မမီတော့ချေ။ လှုကြည့်လိုက်လျှင် ရုပ်ရှင်မင်းသမီး တစ်ယောက်လို လင်းထွက်နေသော ရုပ်ရည်ကို ပိုင်ဆိုင်လျက် တင့်တယ်သော အမျိုးသမီးတစ်ယောက်အသွင် ဖြစ်ပါသော်လည်း သာမန်မိန်းမတို့နှင့် လုံးဝမတူသော အတွေးအခေါ်ကို ပိုင်ဆိုင်ထားသူ။

အမှန်တရားတွေကိုသာ ရဲရဲဝံ့ဝံ့ ဆိုတတ်သူ။

ဘဝဆန်တတ်သူ။

အဲဒီ မိန်းကလေးကို သူသည် နှစ်သက်ခြင်း တစ်ဝက်၊ မနှစ်သက်ခြင်း တစ်ဝက်ဖြင့် အတွေးထဲမှာ နေရာပေးမိခဲ့တာ ဖြစ်လေသည်။







## အခန်း(၄)

ရှိန်းသည် တစ်နေ့က ကိစ္စကို အေမိုအား ပြန်ပြောပြလျှင် သူငယ်မက မျက်လုံးအပြူးသားဖြင့် အံ့သြ၍ နေလေသည်။

“ဟယ် … အဟုတ်၊ သူက ပန်းစည်းကြီးကို လွှင့်ပစ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်ပါတယ် ဆိုနေမှ၊ ငါက အစအဆုံး မြင်နေရတာ"

"ဟင် ... အဲဒီလောက်တောင်ပဲလားဟယ်၊ တော်တော်ရက်စက်တဲ့သူပဲ"

"ရက်စက်တာတော့ ဘာရက်စက်လဲ ပြောမနေနဲ့၊ သူ့ကြည့်ရတာ မိန်းမတွေကိုများ မုန်းနေလားတောင် မသိပါဘူး"

"နင် နည်းနည်းလောက် ပညာပေးလိုက်ပါလား ဟဲ ဟဲ"

အေမီက ဘာကိုဆိုလို၍ ပြောမှန်းသိလျှင် ရှိန်းထ နှုတ်ခမ်းကို အသာမဲ့၍ ပြုံလိုက်သည်။

"တော်စမ်းပါဟာ၊ သူ့ကြည့်ရတာ မွေးလာတည်းက အသည်းနှလုံး ပါလာပုံ မပေါ်ပါဘူး"

"ဟဲ့ ... အဲဒီတော့ အသည်းနှလုံးကို နင်က ထည့်ပေးလိုက်ပေါ့ဟဲ့၊ ငါ့အထင်တော့လေ သူက ဂေးများလား မသိပါဘူးဟယ်"

"အာ ... သူများသားသမီးကို လျှောက်ပြောနေပြန်ပြီ"





"ဟဲ့ ... နင် စဉ်းစားကြည့်လေ၊ မိန်းကလေးတွေက ဒီလောက် သည်းနေတာ favour ပေးနေတာကို လုံးဝစိတ်မဝင်စားတဲ့အပြင် ရန်သူလိုတောင် သဘောထားနေတဲ့သူဟာ နော်မယ်လ် အခြေအနေ ဖြစ်နိုင်လားလို့ ..."

အဲဒါကို အသာထားဦး၊ သူက ယောကျ်ားချင်းပဲ ခင်တတ်တာ၊ သူ့သူငယ်ချင်းတွေနဲ့ ဆိုရင်တော့ လုံးလားထွေးလားနဲ့ မျက်နှာကလည်း ဖြီးလို့ပဲ၊ အထူးသဖြင့် ဇွန်မိုးအောင် ဆိုတဲ့ ကောင်နဲ့ဆို သမီးရည်းစား ကျနေတာပဲ"

"ဟယ် ... အေမီရယ်၊ နင် ဒါတွေ ဘယ်လိုလုပ် သိနေတာလဲ"

"သိတာပေါ့ဟဲ့၊ အတန်းထဲမှာ သူတို့အုပ်စုကို စိတ်မဝင်စားတဲ့လူ ဆိုလို့ နင်ပဲ ရှိတာ ...

ဇွန်မိုးအောင် ဆိုတဲ့ ကောင်ကလည်း မသိရင် မိန်းကလေးလား မှတ်ရတယ်၊ အံမယ် ... ခေါ်တာတောင် ချန်လင်းက ဇွန်မိုးအောင်ကို ဇွန်ဇွန်တဲ့နော် ...

www.burmeseclassic.com



အပတ် ... ဟီ၊ ဟုတ်ချင် ဟုတ်နေမှာပါဟယ်"

ရှိန်းသည် တီတီကျကျ ခိုင်ခိုင်မာမာကြီး ပြောနေသော အမိရဲ့စကားကြောင့် ကိုယ်တောင် တွေဝေချင်သလို ဖြစ်လာလေသည်။ မျက်လုံးထဲတွင် အဲဒီ မာနမင်းသား၏ ပုံရိပ်ကို ဖျတ်ခနဲ မြင်ယောင်ကြည့်မိသည်။ ရှိန်းဘဝတွင် ယောကျ်ားတစ်ယောက်၏ ပုံရိပ်ကို ပြန်မြင်ကြည့်မိခြင်းမှာ ဒါ ပထမဆုံးပဲ ဖြစ်လေသည်။

သူ့ပုံစံဟာ ချောသည် ဆိုတာတော့ ရှိန်း လက်ခံသည်။ မြင့်မားသော အရပ်အမောင်းနှင့် လိုက်ဖက်သော ကြံ့ခိုင်သည့်ကာယ ရှိသည့်အပြင် ဖြူဝင်းသော အသားအရေတို့ကြောင့် ကြည့်ကောင်းပြီးသားမှာကိုက သူ့ရဲ့ ရုပ်ရည်က ထပ်မံချောမောပြန်သေးရာ မိန်းကလေးတို့ စိတ်ဝင်စားကြသည်မှာ မဆန်းတော့ချေ။

ပြီးတော့ သူဟာ သိပ်ကိုချမ်းသာသည်ဟုလည်း သိထားရသေးသည်။ သူဝတ်သော အဝတ်အစားတွေဟာ တက္ကသိုလ်





ကျောင်းသားတန်မဲ့ တန်ဖိုးကြီး သပ်ရပ်လွန်းလှသည်။ သူစီးသောကား၊ အသုံးအဆောင် စတာတွေဟာ သူများနဲ့မတူ တစ်မူထူးထွက်နေသော အရာဝတ္ထုများပင်။

အင်း ... သူဟာ သိပ်ချမ်းသာလွန်းလို့ မာနကြီးနေတာတော့လည်း မဟုတ်နိုင်။ ယောကျ်ားလေး အချင်းချင်းလောကမှာတော့ သူ့ကို အခြေကြီးတယ်လို့ ပြောသံမကြားဖူးချေ။ ယောကျ်ားလေးတွေနဲ့တော့ အဆင်ပြေပြေဟန် တူသည်။

သူ့ကိုချစ်ခင်တဲ့ မိန်းကလေးတွေကိုသာ သူ မကြည်ဖြူတာ။

ဟယ် ... ဒါဆို သူက တကယ်ပဲ ဟိုဟာလား။

ရှိန်းသည် သူ့ကို အဲလိုကြီး သွားတွေးမိလျှင်' ရင်ထဲ၌ တစ်မျိုးကြီး ဖြစ်သွားရ၏။

"ငါပြောတာ ဟုတ်,မဟုတ် နင် တွေးနေတာ မဟုတ်လား"

အမိက ငြိမ်သက်သွားသော ရှိန်းရဲ့ပုံစံကို တစ်ချက်အကဲခတ်ကာ အပိုင်သိသလိုနှင့် မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ ... တစ်မျိုးတော့ တစ်မျိုးပဲ၊ သူ့ပုံစံကလည်း ကျားကျားလျားလျားပါပဲဟဲ့"

"ရှိန်းရယ် ... နင်ကလေ တွေးတတ်ရင်လည်း နင့်အပြင် နှစ်ယောက်မရှိဘူး၊ ကျားကျားလျားလျားနဲ့ ခြောက်နေတာ တွေလည်း အများကြီးပဲ ...

တချို့က လုံးဝ အဲဒီဘက်လည်း မရောက်ဘူးဟာ၊ သိတယ်မှလား၊ ပညာတတ်တယ်၊ အသိုင်းအဝန်းသိက္ခာ လည်းရှိတော့ နေတာတော့ ယောကျ်ားပုံပဲ ...

ဒါပေမဲ့ မိန်းမကို လုံးဝစိတ်မဝင်စားဘူး၊ ယောကျ်ား ချင်းပဲ စိတ်ဝင်စားကြတာ ....

နင် မယုံရင် ချန်လင်းကို အကဲခတ်ကြည့်ပေါ့"

"အိုဟာ ... သူ့ဟာသူ ခြောက်ခြောက်စိုစို အကဲခတ်မနေ ချင်ပါဘူး၊ တော်ကြာ ငါပါ သူ့ရန်သူစာရင်းထဲ သွင်းနေ ဦးမယ်"

"အဟား ဟား ... ကြောက်သပေါ့လေ၊ သေချာကြီးတော့ လည်း ဘယ်ဟုတ်ပါ့မလဲဟဲ့၊ မသိမသာလေး ရှိုးရုံပါပဲ ...





စိတ်ဝင်စားစရာ ကောင်းပါတယ်ဟာ၊ သူ့ချစ်ချစ်က ဗွန်ဗွန် ဆိုတဲ့ ကိုရီးယားအဆိုတော်ပုံစံ တစ်ယောက်ကိုလား၊ ဒါမှမဟုတ် ဂျစ်ကန်ကန် မျက်နှာပေးရှိတဲ့ ဂျူလောဒ်နဲ့ တူတဲ့ တစ်ယောက်လား၊ မဟုတ်ရင် ကျူတာပေါက်စ ဒီဇိုင်းရှိတဲ့ တစ်ယောက်ကိုလားတော့ မသိဘူး ...

အဲ ... ဖက်လှဲတကင်း နေတာတော့ ဗွန်မိုးအောင် နဲ့ပဲ၊ ဟဲ့ ... အဲဒီ ဗွန်မိုးအောင်ကလည်း The King and the Clown ကားထဲက အခြောက်မင်းသားနဲ့ မတူဘူးလား ဟယ် ...

ယောကျ်ားချင်း ကြိုက်နေကြတာလေ"

ရှိန်းသည် ထင်ရာကျွ လျှောက်ပြောနေသော အေမိ ၏ စကားတွေကို မျက်ရည်စို့သည်အထိ ဟက်ဟက်ပက်ပက်ကြီး ယ်မိလေသည်။ ဟုတ်,မဟုတ်တော့ မသိ။

ဟိုက ကြားလျှင်တော့ သတ်ချင်လောက်အောင်ပင် ါသထွက်နေမှာ ဖြစ်သည်။

www.burmeseclassic.com



“တော်ပါတော့ အေမိရယ်၊ ဆက်မပြောပါနဲ့တော့၊ ငါ
ရယ်ရလွန်းဂို့ အူတက်တော့မယ်ဟဲ့”

“ငါကတော့ စောင့်ကြည့်မှာပဲ၊ အာကာချန်လင်း ဖြစ်နေ
ပုံက နော်မယ်ကို မဟုတ်ဘူး ...

ဒီလောက် ငယ်ငယ်ရွယ်ရွယ်နဲ့ ခပ်ချောချော ခ
ထောထော သူတစ်ယောက်က မိန်းကလေးတွေကို လုံး
စိတ်မဝင်စားဘူး ဆိုတာ သင်းဟာ ဂေးမို့သာပဲ”

“နင် သူများတွေကို လျှောက်ပြောမနေနဲ့ဦးနော်၊ အကု
ပြဿနာတက်ကုန်မယ်”

“ငါ သိပါတယ်ဟ၊ ဒါမျိုးက ဟုတ်ရင် ကျော်မှာပဲ၊ ဘာ
နဲ့မှ တားဆီးလို့ မရဘူး”

ရှိန်းက စိတ်အားတွေ တအားထက်သန်နေသော
အေမိကို ဘာမှမပျောင်းဖျနိုင်သော်ငြား၊ အဲဒီတစ်ယောက်နဲ့ မာ
ကြီးကြီး မျက်နှာကို ပြန်မြင်ယောင်ကာ တကယ်ပဲ အဲဒီလိုမျ
ဖြစ်နေမလားဟု တွေးနေတာ ဖြစ်သည်။





ရှိန်းရဲ့ရှေ့မှာတင် မိန်းကလေးတစ်ယောက်ကို ပစ်ပစ်ခါခါ ဆက်ဆံဖူးတာကို တွေ့ခဲ့ရတာပဲ။ သူ အဲဒီလောက် ဒေါသထွက်ရအောင် တစ်ဖက်မိန်းကလေးက ဘာမှ စော်ကားနှောင့်ယှက်နေတာလည်း မဟုတ်ချေ။

သူဟာ မိန်းကလေးတွေနဲ့ ပတ်သက်လာလျှင် ရိုးရိုးသားသား မာနကြီးလွန်းတာ မဟုတ်ဘဲ အကြောင်းတစ်စုံတစ်ရာကြောင့်ဟု ဆိုခဲ့နိုင်လျှင် ...။

ရှိန်းသည် သူ့ကို အကြီးအကျယ် နှမြောသွားခဲ့သည်။

❦ ❤ ❦



www.burmeseclassic.com

www.burmeseclassic.com





နောက်တစ်နေ့တွင် ရှိန်းနှင့် အေမိသည် သူ့ကို မသိမသာပင် စောင့်ကြည့်မိကြလေသည်။ သူတို့အဖွဲ့ မရောက်ခင်ကတည်းက ရှိန်းတို့က အတန်းထဲ ကြိုရောက်နှင့်နေလေရာ သူတို့ ဝင်လာတာကို အစအဆုံးပင် အကဲခတ်ခွင့် ရသည်။





အတန်းထဲက မိန်းကလေးတွေဟာ တစ်နေ့ တစ်နေ့ သူနှင့် ဖွန်မိုးအောင် ဆိုသည့် တစ်ယောက် ဘယ်လိုဖက်ရှင်တွေ ဝတ်စားလာမလဲ ဆိုတာကို အမြဲ စိတ်ဝင်စားတတ်ကြလေရာ သူတို့ ဝင်လာလျှင်ဖြင့် ခေါင်းတွေက သူတို့တွေထံ လည်ပြန်ရောက်သွားစမြဲ ဖြစ်၏။

ဒီနေ့လည်း သူတို့ ဝင်လာတာနှင့် အတန်းက စကားပြောသံတွေ မသိမသာ တိုးသွားလျက် သူတို့ထံ အာရုံစိုက်မိကြလေသည်။ အထူးသဖြင့် ရှိန်းဟာ ကိုယ့်အတွေးနဲ့ကိုယ်မို့ သူ့ကို ပို၍ သတိတားကြည့်မိသည်။ ဂျစ်ကန်ကန် မျက်နှာပေးနှင့် တစ်ယောက်ရယ်၊ ကျူတာပေါက်စဒီဇိုင်း ဖြစ်နေသည့် တစ်ယောက်ရယ်ကတော့ အချင်းချင်း စကားပြောကာ ဝင်လာသည်။

သူနှင့် ဖွန်မိုးအောင်က နောက်က ဝင်လာတာဖြစ်သည်။ ဖွန်မိုးအောင် ဖုန်းပြောနေတာကို သူက ဆွဲယူလျက် ဘာမှန်းမသိ ဝင်ပြောသည်။ အဲဒီအခါ ဖွန်မိုးအောင်က ဖုန်းကိုလုလျှင် သူက ပိတ်ပစ်လျက် ယူထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဖွန်မိုးအောင်ကိုငဲ့ကာ ပြုံးလျက် ဘာတွေ ပြောမှန်း မသိချေ။

နှစ်ဦးသားဟာ ပခုံးတွေဖက်လျက် စာသင်ခန်းထဲသို့ ဝင်လာကြတာ ဖြစ်လေသည်။

ရှိန်းက အေမီထံ တစ်ချက်ကြည့်မိလျှင် အေမီက ဘယ့်နှယ်ရှိစပဟူ၍ မျက်စပစ်ပြလေသည်။

"တွေ့လား ရှိန်း၊ ငါ ထင်တာတော့ အဲဒီ ဖွန်မိုးအောင်နဲ့ပဲ"

"ရိုးရိုးသားသား ချစ်ကြတာ နေမှာပါဟယ်"

"အေးပါ၊ ဘယ်အချိန်ထိ ရိုးသားနိုင်မလဲ စောင့်ကြတာပေါ့"

အေမီရဲ့ မကျေမချမ်း ပြောပုံကို ရှိန်းက ဟက်ခနဲ တစ်ချက် ရယ်လိုက်ကာ ဘာရယ်မဟုတ် သူ့ထံသို့ အကြည့်ရောက် ဖြစ်သွားလျှင် ပူးကပ်နေကြပြန်သော သူနှင့် ဖွန်မိုးအောင်တို့ ထပ်တွေ့ရပြန်လေသည်။





ဖွန်မိုးအောင်က သူ့အနားသို့ကပ်ကာ ဘာတွေပြောမှန်းမသိ တတွတ်တွတ် ပြောနေသည်။ သူက ခေါင်းညိတ်ကာ ညိတ်ကာဖြင့် နားထောင်နေရာမှ အဆုံးသတ်၌ ဖွန်မိုးအောင်ရဲ့ ဆံပင်တွေကို ဆွဲဖွပစ်ကာ ခေါင်းမော့ရယ်လိုက်လေသည်။

အဲဒီမှာပဲ သူ့ရဲ့မျက်နှာဟာ ရှိန်း ရှိရာ တည့်တည့် ရောက်လာတာ ဖြစ်သည်။ ရှိန်းဟာ သူ့ရဲ့ ပြောပုံ ဆိုပုံ လှုပ်ရှားပုံတို့ကို စိတ်ဝင်စားစွာဖြင့် (ရိုးရိုးသားသား) အကဲခတ်နေတာမို့ သူ လှမ်းကြည့်လိုက်သော အချိန်မှာ ကိုယ့်အကြည့်တို့ကို ဘယ်လိုမှ ရှောင်မဖယ်အားတော့ချေ။

အိုးတိုးအမ်းတမ်းကြီးနှင့်ပင် ပုံဆိုးပန်းဆိုး မျက်နှာလွှဲလိုက်ရတာ ဖြစ်သည်။

သူ့ကို ငေးနေတာကို မိသွားခြင်းအတွက် စိတ်ပျက်၍ မဆုံးချေ။

"ကျွတ် ... စိတ်ပျက်လိုက်တာ အေမီရယ်။ ငါနဲ့မှ ပက်ပင်း သွားတိုးရတယ်လို့။ ဒုက္ခပါပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရိုတော့ သူ့ကို ငမ်းနေတယ် ထင်သွားတော့မှာပဲ"

"မထင်ပါဘူးဟာ၊ နင် သူ့ကို ပြောထားတာတွေ သူသိသားပဲ၊ နင် သတိထားမိပြီ မဟုတ်လား ...

ယောကျ်ားလေးတွေဖြစ်ပြီး သိပ်ကဲကြတာပဲနော်"

ရှိန်းဟာ အစောနက သေချာ အကဲခတ်ထားသော သူတို့နှစ်ယောက် ပုံစံကို မျက်လုံးထဲတွင် ပြန်မြင်၍ လာသည်။ တစ်ယောက်နှင့် တစ်ယောက် အင်မတန်ချစ်သော အသွင်အပြင်တွေပင်။

တစ်ယောက်ကို တစ်ယောက် ကြင်နာဟန်လည်း ရှိကြသည်။ တစ်ဦးနှင့် တစ်ဦး ပြုံးကြည့်နေပုံတွေကိုက နူးညံ့၍ နေကြတာ ဖြစ်လေသည်။

"သူဟို့နှစ်ယောက်က တော်တော်တော့ ချစ်ပုံပဲဟဲ့"

"နင် သေချာကြည့်စမ်း၊ ဖွန်မိုးအောင်က မိန်းမနဲ့ မတူဘူးလား"

"မိန်းမချော ချောတာပါဟယ်၊ နဖပ်နေလို့ပါ"





"အေးလေ .. အဲဒါကိုပဲ အာကာချန်လင်းက ကြွေနေတာနေမှာပေါ့၊ ဟား ဟား ဟား"

အေမိက သူ့ဟာသူ ပြောလျက် သဘောတွေကျကာ တဟားဟား ရယ်နေလျှင် ရှိန်းလည်း အသာရယ်မိတော့သည်။

သူ့ထံကိုတော့ သေသေချာချာ သွားအကဲမခတ်ရဲတော့။

တစ်ခါ တလေမှ မသိမသာ လှမ်းကြည့်ဖြစ်သည်။

သူနှင့် ဖွန်မိုးအောင်သည် တစ်ချိန်လုံး ပြောလိုက်ကြ ရယ်လိုက်ကြနှင့်သာ ရှိသည်။ တစ်ခါတစ်ရံ၌ ဖွန်မိုးအောင်ရဲ့ ပခုံးကိုဖက်ကာ သူက စကားပြောသေးသည်။ မိန်းကလေးတွေနှင့် တွေ့လျှင် ရန်စွယ်ငေါငေါ ရှိတတ်သည့် သူ့ရုပ်က အဲဒီအခါရေတွနှင့် ဘာမှမဆိုင်အောင်ပင် ဖွန်မိုးအောင်ကိုတော့ နူးညံ့ချိုသာလို့ နေလျှင် ရှိန်းမှာ သက်ပြင်းတစ်ချက်ကို အသာချမိရလေသည်။

သူတို့တွေမှာ သဘာဝလွန်တဲ့ ချစ်ခြင်းတွေများ ရှိနေလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဆိုလျှင်တော့ အာကာချန်လင်း ဆိုတဲ့ တစ်ယောက်မဖြစ်က သနားဖို့ ကောင်းသည်ဟု ယူဆရတော့မှာ ဖြစ်ပါသည်။

❣❤❣







နေ့ခင်းဘက် Class လွတ်၍ ထမင်းစားချိန်ရောက်လျှင် သူတို့အုပ်စုက ကန်တင်းမှာ ထိုင်ဖြစ်ကြသည်။ အစားစားရင်းမှ သူဟာ ဟိုတစ်ယောက်နှင့် အကြည့်ချင်းဆုံသည့် ကိစ္စကို သူငယ်ချင်းတွေအား ပြောသင့် မပြောသင့် စဉ်းစားနေမိတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က စာကြည့်တိုက်မှာဖြစ်သည့် ကိစ္စကိုတော့ သူငယ်ချင်းတွေအား ပြောပြထားလေရာ ဒီကောင်တွေက သူ့ကို တော်တော်ဝေဖန်ပြီးပြီ ဖြစ်သည်။ ပြီးတော့ ပြောသေးသည်မှာ "ရှာကီရာရဲ့ ကျေးဇူးတွေ များနေပြီ"တဲ့။ ဒီလို ဘေးရန်တွေက ကာကွယ်ရအောင် သူမကို ရည်းစားတော်လိုက်တော့တဲ့။

သူကလည်း သူပင်။ အဲဒီလို ဣန္ဒြေမဲ့သော၊ ကဲသော မိန်းကလေးတွေဆို လုံးဝကို ကြည့်မရတတ်ချေ။ တော်တော်ကို အမြင်ကတ်လှတာ ဖြစ်ပါသည်။ ဘယ်လိုမှ အလိုက်သင့်ကို မဆက်ဆံတတ်ပေ။

နားထဲတွင် ညုချွဲနေသော အသံတွေကို တစ်မိနစ် ပြည့်အောင်တောင် သည်းမခံနိုင်ချေ။

ဒါကြောင့် အခုဆိုရင် မိန်းကလေး တော်တော်များများက သူ့ကို အော့ကြောလန်ကြပြီ ဖြစ်သည်။ ဒါတောင် ခွဲ မလျှော့တဲ့ လူတွေကတော့ မလျှော့သေးကြ။

"ချွန်ချွန် စားလေ၊ ဘာတွေ တွေးနေတာလဲ"





သူက ခေါက်ဆွဲကြော်ကို မွှေပေးနေသော ဇွန်ဇွန်ရဲ့ မျက်နှာကို စူးစိုက်ကြည့်ကာ တစ်စုံတစ်ခုကို တွေးတောနေမိသည်။ သူတို့ သူငယ်ချင်းတစ်တွေဟာ တစ်ယောက်နဲ့ တစ်ယောက် အင့်မတန် ချစ်ကြသည်။ အထူးသဖြင့် ဇွန်ဇွန်ဟာ သူ့အပေါ်ကိုဆို အလွန်တွယ်တာ သံယောဇဉ်ရှိတာကို ပြန်စဉ်းစားမိလျှင် အေးမြသော မေတ္တာအကြောင်းကို အလိုလို ခံစား၍ သွားရလေသည်။

"ငါ တွေးနေတာ မေတ္တာတရား အကြောင်းကွ"

"အမမယ် ... တယ်လာပါလား၊ စိတ်ဝင်စားစရာပဲ၊ ပြောသယ်ရင်း ပြော"

ဇွန်ဇွန်က သူ့စကားကို သဘောကျသွားဟန်ဖြင့် ရယ်မောကာ သူ့ခေါင်းလေးကို အသာသပ်ဖွပေးဟန် ပြုသည်။ သူတို့ သူငယ်ချင်းတွေက အဲဒီလိုတွေ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ကြင်နာသော အမူအရာတွေ အလွန်ပြတတ်ကြပါသည်။

"ငါ ခံစားလို့တော့ သိနေတယ်ကွာ၊ ပါးစပ်ကတော့ အရမ်း ထုတ်မပြောပြတတ်ဘူး၊ အခု မင်းတို့ ငါတို့ကြားမှာ ရှိတဲ့အရာကို မေတ္တာတရားလို့ မြင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဟာက အရမ်းအေးမြတယ်၊ မိန်းမတစ်ယောက်ဆိုကဲဆို အဲဒီလို အေးမြတာမျိုး မရနိုင်ဘူးနဲ့ တူတယ်"

သူ့စကားကို စောကြီးက သေချာ အလေးအနက် တွေးဟန်ဖြင့် ...

"မင်း အဲဒီလိုတော့ တရားသေ သွားမမှတ်ထားပါနဲ့ကွာ၊ မေတ္တာစစ်မှန်တဲ့ ချစ်ခြင်းတွေလည်း ရှိကြပါတယ်၊ ဒါပေမဲ့ တွေ့ဖို့တော့ ခဲယဉ်းတယ်၊ မင်းဆို သေချာရှာမှ ရလိမ့်မယ်"

"အေးကွာ ... ငါ့ကို ယင်ကောင်တွေလို ဝိုင်းအုံနေတဲ့ မိန်းကလေးတွေကို ကြည့်ပြီး စိတ်ပျက်မိတာတော့ အမှန်ပဲ ...

ကြာလေ စိတ်ကုန်လာလေပဲ၊ ငါ ဆိုက်ကို ဖြစ်နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးကွာ၊ မင်းကလည်း၊ စား ... စား သူငယ်ချင်း စား၊ လျှောက်တွေးမနေနဲ့ ...





မင်းအတွက် ချစ်ချစ်ကို ငါကိုယ်တိုင် ရှာပေးမယ်"

သူက ရင်ဘတ်ကို ပုတ်ပြောသော ဖွန်ဖွန့်ကို တစ်ချက်ကြည့်ရယ်လျက် ...

"ဖွန်ဖွန် ... မင်းက ဟိုကိုရီးယားရုပ်ရှင်ကွာ၊ ကိုရီးယားမှာ Top One ဝင်တာလေ၊ အဲဒီထဲက မင်းသားနဲ့အရမ်းတူတာ"

"The King and the Clown ဇာတ်ကား မဟုတ်လား"

"အေးကွာ ... အေးကွာ၊ မင်းနဲ့ တကယ်တူတယ်၊ နော် စောကြီး"

သူက ကျန်တဲ့သူငယ်ချင်းတွေကို အဖော်ညှိလိုက်လျှင် အားလုံး ဝိုင်း၍ထောက်ခံကြလေသည်။ ဖွန်ဖွန်ကတော့ ရှုံ့မဲ့ကာ နေလေသည်။

"အာ ... မလုပ်ပါနဲ့ကွာ၊ အဲဒီကောင်တွေက ဆိုက်ကိုတွေကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ … မင်း လုပ်နေတဲ့ စတိုင်လ်တွေက အဲဒီပုံတွေပဲ လေကွာ၊ မင်း ပိုက်ဆံတွေ အများကြီး အကုန်ခံပြီး လုပ်ထားတဲ့ ကျီးကန်းသိုက်က ကိုရီးယားစတိုင်လ်ဆို"

စောတင်မောင်က အကွက်ရတုန်း ဖွန်ဖွန့်ကို အသားကုန် နှိပ်ကွပ်တော့သည်။ စောကြီးက ဖွန်ဖွန်ရဲ့ အုပ်အုပ်ဆိုင်းဆိုင်းနှင့် လန်ပျံ့နေသော ဆံပင်ကေကို ဘယ်လိုမှ ကြည့်မရသော သူ ဖြစ်၏။

"ပြောရက်ပါ့ကွာ၊ ကျီးကန်းသိုက်တဲ့"

ဖွန်ဖွန်က ရှုံ့ရှုံ့မဲ့မဲ့နှင့် ငိုတော့မလိုဟန် လုပ်ပြလျှင် သူက အဲဒီပုံစံကို ချစ်စနိုး ဖြစ်သွားလျက် ဖွန်ဖွန့်ရဲ့ မေးစေ့ကို ဆွဲယူဖျစ်ညှစ်ပစ်လိုက်လေသည်။ အဲဒီအခိုက်မှာပင် မသိစိတ်ရဲ့ နှိုးဆော်မှုကြောင့် သူက တစ်နေရာသို့ အကြည့်ရောက်သွားခဲ့သည်။

အဲဒါဟာ ဘယ်လိုအာရုံလဲတော့ ပြောမပြတတ်ပါ။ လူတစ်ယောက်က တစ်နေရာကနေပြီး ကိုယ့်ကို စူးစူးစိုက်စိုက် ကြည့်နေခဲ့လျှင် အဲဒီအကြည့်တွေကို အလိုလို ခံစား၍ ရလေသည်။





သူ့ကို စူးစိုက်ကြည့်နေသူဟာ ရှိန်းမြသံစဉ်ပဲ ဖြစ်သည်။ သူမရဲ့ အဲဒီအကြည့်တွေက သူ့တစ်ကိုယ်လုံးကို တကယ်ပဲ ရှိန်းဖိန်းဖိန်း ဖြစ်၍သွားစေခဲ့သည်။

သူ့ကို နှစ်သက် သဘောကျသဖြင့် ငေးမောနေသော မျက်ဝန်းမျိုးတွေလည်း မဟုတ်။

သူဟာ အဲဒီမျက်ဝန်းတွေကို တစ်ခါမှ မကြုံဖူးစွာဖြင့် တန်ပြန်ငွေးစိုက်ပြီး ကြည့်နေခဲ့ပါသည်။

ခပ်လှမ်းလှမ်းက လှမ်းမြင်ရတာတောင် အားပြင်းနေသည့် မျက်ဝန်းတွေသည် အတန်ကြာမှ သူ့ထံက လွှဲဖယ်သွားလေသည်။

နှစ်ခါရှိပြီ။ သူမ ဘာကြောင့် သူ့ကို စိတ်ဝင်တစားလိုက်ကြည့်နေရဟာပါလိမ့်။

ဒီကောင်မလေးဟာ သူ့ကို ဘယ်တုန်းကမှ အဖက်မလုပ်ခဲ့ဖူးတဲ့ မိန်းကလေး မဟုတ်ချေ။ အခု ဘာကြောင့် ? …။



www.burmeseclassic.com

www.burmeseclassic.com



သူက စဉ်းစားရကျပ်စွာ (စိတ်ဝင်စားစွာဖြင့် ခေါက်ဆွဲ တွေကို စိတ်မပါတပါ စားနေမိသည်။ သူ့အရိပ်အကဲကို အကဲ ခတ်မိသော ဇွန်ဇွန်က ...

"ချန်လင်း ဘာငြိမ်သွားတာလဲ"

"ဘာမှ မဟုတ်ပါဘူးကွာ၊ ဟိုတစ်ယောက်ကွ၊ ငါ့ကို လှမ်းကြည့်နေတယ်"

"ဘယ်သူလဲ"

"ရှိန်းမြသံစဉ်လေ"

"ဟုတ်လား၊ မင်းကို သူက လှမ်းကြည့်နေတယ်"

သူ့စကားကို ဇွန်ဇွန်က အံ့သြသလိုနှင့် သူမကို ရှာဖွေကာ လိုက်ကြည့်သည်။ သူတို့စားပွဲဝိုင်းနှင့် မျက်စောင်းထိုး လောက်မှာ ထိုင်နေသော သူမက သူငယ်ချင်းတစ်ယောက်နှင့် စကားပြောကာ ထမင်းစားနေသည်။

ရွှေညိုစိမ်းရောင်ဝတ်စုံဖြင့် စိမ်းညို့ညို့ လှနေတာကို ဘယ်လိုမှ မငြင်းနိုင်ချေ။





သူမက စကားပြောရင်းမှ သူ့ကို တစ်ချက်လှမ်း ကြည့်သည်။ ဒီတစ်ခါတော့ ဇွန်ဇွန်နဲ့ပါ အကြည့်ချင်း ဆုံသွားလေ သည်။

ဇွန်ဇွန်က သူမကို လှစ်ခနဲရယ်ပြလိုက်သည်။ သူမက မျက်စောင်းတော့ မထိုးချေ။ သို့သော် ပြန်လည်း ရယ်မပြ။ ပြုံး တုံ့တုံ့ ပုံစံဖြင့်သာ မျက်နှာလွှဲ၍ သွားသည်။

"အလို ... ရှိန်းက တယ်မိုက်ပါလား၊ ငါ ရင်တောင်ခုန် လာပြီ"

"မင်းကလည်းကွာ၊ တွေ့သမျှပဲ"

သူက မနှစ်မြို့ဟန်ဖြင့် ပြောလျှင် ဇွန်ဇွန်က ငါသိ ပါတယ်ဟူသော အထာဖြင့် သူ့ပါးတစ်ဖက်ကို ဆွဲလိမ်လိုက်လေ သည်။

"အဟား ဟား ... ငါသိပါတယ် ချန်လင်းရာ၊ မင်း ဂျလက်စ် ဖြစ်မနေစမ်းပါနဲ့၊ သူ့ကို ငါကြိုက်တောင် မင်း အတွက် ပေးမှာပါကွ"



www.burmeseclassic.com

www.burmeseclassic.com



သူက မလုံမလဲ ပြုံးလိုက်ရင်း သူမထံ ခိုးကြည့်လိုက်လျှင် တစ်ခါထပ်ကြည့်နေပြန်သော အကြည့်တို့နှင့် ထပ်ကိုဆုံပြန်သည်။ ဟား ... ဘယ်လိုများတုန်း ရှိန်းမိန်းကလေးရယ်။

(သိဘူးလေ ... တရုတ်ကားတွေထဲမှာ အဲဒီလိုခေါ်တာ ကြားဖူးနေလို့)

"မင်း စွတ်ကြည့်မနေနဲ့ကွ၊ ရှိန်းမိန်းကလေးက ငါတို့ကိုပဲရှိုးနေတာ"

သူ့အပြောကို နောင်ဂျိန်တို့ကပါ သဘောတကျဖြစ်လျက် သူတို့ တစ်အုပ်စုလုံးက သူမ ထိုင်နေသော စားပွဲထံ အကြည့်တို့ စုပြုံတော့သည်။

မိန်းကလေးတွေကို စေ့စေ့ပင် မကြည့်ရဲသော ညီညီထွန်း ဆိုသည့် လူပျိုကြီး စောတင်မောင် ဆိုသည့် တစ်ယောက်တောင် သူမကို သေချာကြည့်ကာ ... (အုပ်စုအားကိုးဖြင့်)

"ဟုတ်တယ်ကွ၊ မင်း ခေါ်သလို သူက တရုတ်ကားဒဏ္ဍာရီဇာတ်လမ်းမျိုးတွေထဲက မိန်းကလေးပုံစံမျိုးပဲမာကျောပြီး နူးညံ့တတ်တဲ့ပုံ ...





အချစ်ကြီး ချစ်တတ်မဲ့ပုံ၊ နေမကောင်းလည်း ဖွတ်ပဲ"

"အမယ် ... အမယ် ... စောကြီးက ... စောကြီးက ..."

"စောကြီးလည်း ကြွေနေပြီနဲ့ တူတယ်ဟေ့"

"ကြွေသွားတောင် တို့သားသားဖို့ပါဟယ်"

စောကြီးက သူ့လက်ကို လှမ်းဆွဲကာ မာမီစတိုင်လ်ဖြင့် ပြောလိုက်လျှင် တစ်ဖွဲ့လုံးက တဝါးဝါး တဟားဟားဖြင့်ကျသွားတော့သည်။

ဒီအသံတွေကြောင့် သူမ လှမ်းကြည့်လာ မလားမျှော်လင့်သော်လည်း သူမက မကြည့်လာတော့ပေ။

စားပွဲထိုးလေးကို ငွေရှင်းနေပြီ ဖြစ်သည်။ အဲဒီနောက်ဆိုင်ရာမှအထ သူတို့စားပွဲနားကနေ၍ သူမ သူငယ်ချင်းနှင့်အတူတူအသာဖြတ်လျှောက်လို့ သွားပါသည်။

သူတို့ဘက်သို့ တစ်ချက်မှတောင် ငုံ့မကြည့်သွားပေ။ ဆိုင်ထဲမှာ ဖွင့်ထားသော ဆောင်းဘောက်စ်က လွင့်ပျံ့နေသော သီချင်းသံက သူမကို စောင်း၍ဆိုနေသလိုပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချက်လေး စောင်းငဲ့ကြည့်ဦး ... နင်မရှိရင် ငါ့ဘ
ဟာ မရှိ ... ကျောခိုင်းထားရင်လည်း ငါ့ကိုပြန်လှ
ကြည့် ...

တို့ရဲ့အကြည့် ဆုံစည်းတော့မှ ..."

ဟုတ်တယ်။ သီချင်းထဲကလိုပဲ သူ့ကို တစ်ချ
လောက်တော့ဖြစ်ဖြစ် ငဲ့ကြည့်သွားစေချင်သည်မှာ ဘာဖြစ်လို့
လိမ့်။

❣ ❤ ❣







ရှိန်းရဲ့ မျက်လုံးထဲတွင် သူနှင့် ဖွန်မိုးအောင်တို့၏
င်တွေကို မျက်လုံးထဲမှ မထွက်ပေ။ တစ်ယောက်နှင့် တစ်
ောက် စကားပြောပုံ၊ ကြည့်ကြပုံတွေဟာ အသည်းယားဖို့
ာင်းသည်ဟုပင် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် တစ်ချက်များ ပါးတွေ နားတွေ ဆွဲ
လိုက်ကြတာတွေက ရည်းစားအချင်းချင်း ကျီစယ်နေသည့် အ
ပင်။

ဒီကြားထဲ ဖွန်မိုးအောင်က ရှိန်းကိုပင် စကား
ဖောရောဖြင့် လာရယ်ပြလိုက်သေးသည်။

သူတို့အချင်းချင်း ပြုမူနေထိုင်ပုံကိုတော့ တစ်
လေးမှ ရှိုးတိုးရှန့်တန့် ဖြစ်ဟန်မရှိ။

သူတို့ကို ရှိန်းတို့ပဲ အဲဒီလို ထင်နေတာ မဟုတ်
တခြားသူတွေကပါ ထင်ကြေးပေးကြပြီ ဆိုတာကိုလည်း
မကြာမီမှာပဲ သိခွင့်ရခဲ့သည်။

ထိုနေ့က ကျောင်းထဲက ဝက်သားတုတ်ထိုးဆိုင်
ရှိန်းနှင့် အေမီတို့အတူ တခြားကောင်မလေးတွေလည်း စာ
ရာ သူတို့က ပထမတော့ ဟိုအကြောင်း ဒီအကြောင်းတွေ
နေရာမှ အနားက ဖြတ်မောင်းသွားသော ရွှေမင်းသားရဲ့ကာ
မြင်သွားရာမှ စတာဖြစ်သည်။





ကားပေါ်တွင် သူက ကားမောင်းလျက် ဖွန်မိုးအောင်
က ဘေးကထိုင်၍ လိုက်ပါသွားသည်။

ကောင်မလေးတွေက ကားနောက်မြီး ပျောက်ကွယ်
သွားတော့မှ ..

"ဟဲ့ ... King.က ဟိုဟာတဲ့ သိလား"

"ဘာဟိုဟာလဲ၊ ရှင်းရှင်းပြောစမ်းပါ"

"သြော် ... ခြောက်နေတာကို ပြောတာ"

အဲဒီစကားကို ကြားလျှင် ရှိန်းနှင့် အေမီသည်
အချင်းချင်း အလိုလိုကို ပြိုင်တူကြည့်မိကြသည်။ စားပြီး၍
ပိုက်ဆံရှင်းမဲ့ဟာတောင် မရှင်းဖြစ်ဘဲ ငုံ့ဥကင်စားသလိုလို၊ ရေ
နွေးကြမ်း သောက်သလိုလိုဖြင့် အချိန်ဆွဲနေကြလေသည်။

"ဟာ ... ဟုတ်လို့လား၊ နင်ကလည်း"

"ငါ ပြောရင် ဘယ်တုန်းက မဟုတ်တာ ရှိဖူးလို့လဲ၊
သတင်းအတိအကျ ရထားတာ"

"ဟယ် ... ဘယ်ကရတာလဲ၊ ဟုတ်လား၊ တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မှ တကယ်၊ ဂေးမို့သာပဲ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားပဲ ဒီလို နေ,နေတာပေါ့ဟဲ့၊ သူက ငယ်ငယ်လေးတည်းက အဲဒီအတိုင်းပဲတဲ့ ...

မိန်းကလေးတွေဆို အပေါင်းအသင်းကို မလုပ်ဘူး၊ စကားတောင် သိပ်မပြောဖူးဘူးဆိုပဲ"

"ဟာ ... နင်ကလည်း၊ အခြောက်ဆိုရင် မိန်းမတွေနဲ့ပို ပေါင်းချင်တာပါဟာ"

"ကျွတ် ... သူက အဲဒီလို အဲဒီစိတ်က အပြည့်ဖြစ်နေတာလည်း မဟုတ်ဘူး၊ နင်တို့ အဲဒီလို ဖြစ်နေတာတွေ မမြင်ဘူး မကြားဖူးဘူးလားဟယ် ...

သူတို့တွေက မိန်းမလည်း ယူတယ်၊ ဒါပေမဲ့ အဲဒီလို စိတ်ဓာတ်ချို့တဲ့တဲ့ သူတွေပေါ့ဟာ ...

သူက အဲဒီပုံစံမျိုး"

ရှိန်းသည် အဲဒီစကားကို ကြားလျှင် အေမှိကို အသာ မျက်စပစ်ပြမိလေသည်။ ကောင်မလေးတွေက မပြီးကြသေးဘဲ ...





"သူကလည်း အဲလိုပေါ့၊ လုံးဝဘာဝပြောင်းသွားတာတော့ မဟုတ်ဘူး အဲဒါမျိုးတွေက မိန်းကလေးတွေကို စိတ်မဝင်စားဘူး ...

ယောကျ်ားလေးတွေကိုပဲ စိတ်ဝင်စားတာ၊ ယောကျ်ားတွေနဲ့ပဲ ပေါင်းချင်တာ"

"ဒါဆို သူ့အဆက်က ဇွန်မိုးအောင်လား၊ ဇွန်မိုးအောင်က ရော ဘာလဲဟယ်"

"မသိဘူး၊ ငါ ကြားတာတော့ အဲဒီ အာကာချန်လင်းပဲ၊ သူ့အဖေက မိန်းမပေးစားတာတောင် ခါးခါးသီးသီး ငြင်းတာဆိုပဲ ...

မိန်းမကလည်း အချော မဟုတ်ဘူးနော်၊ ရုပ်ရှင်မင်းသမီး(......)ကို တောင်းပေးတာ၊ သူကကို ငြင်းလွှတ်တာ"

"ဘုရား ... ဘုရား ... ဒါဆိုရင်တော့ သေချာနေပါပြီဟယ်၊ သူ မိန်းကလေးတွေကို ဒီလောက် ကင်းပြ တည်ပြနေတာ အဲဒီစိတ်မျိုးရှိလို့ နေမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာ အတိအကျ သိထားတာပါဆို၊ သူ့ကိုများ သွားမညှာနဲ့. ပိုးစိုးပက်စက် ပြောလွှတ်ဖို့လည်း ဝန်မလေးဘူး ...

ယောက်ျားချင်း ဆိုရင်တော့ ဖြီးလို့၊ ခွန်မိုးအောင်ကို ခေါ်တာများ ခွန်ခွန်တဲ့၊ ဆံပင်လေးသပ်လိုက်၊ မေးငေ့လေး ဆွဲလိုက်နဲ့၊ သိပ်သည်းတာ ...

အဲဒါ ဘာတွေလဲ ... ကဲ"

"အေးဟယ် ... ဒုက္ခပါပဲ၊ ဒီလိုကြီးဆိုရင်တော့ ရင်မခုန်ချင်တော့ပေါင်"

"သူကလည်း မိန်းကလေးဆို ရင်မခုန်တာတဲ့"

"အံ့ရော ... အံ့ရော၊ နမြောစရာ ... အဟိ ဟိ"

ကောင်မလေးတွေက တဟိဟိ ရယ်မောရင်း တခြားအကြောင်းအရာတွေဆီသို့ ခေါင်းစဉ်ပြောင်းသွားလျှင် ရှိန်းနှင့် အေမီသည် ပိုက်ဆံရှင်းကာ ထထွက်လာကြသည်။

လမ်းရောက်မှ အေမီက ရှိန်း အနားသို့ ကပ်ကာ_





"ငါ ထင်တာ မမှန်ဘူးလား ရှိန်း၊ တော်တော်များများက သတိထားမိကြပြီနော်"

ရှိန်းဟာ လမ်းသာ လျှောက်လာရတာ လွတ်လပ်ပေါ့ပါးမှု မရှိချေ။ သူ့အကြောင်းကို ဒီလိုကြီး ကြားလာခြင်းအတွက် ရင်ထဲ၌ ဘယ်လိုမှ မကောင်းနိုင်တာတော့ အမှန်ပဲဖြစ်သည်။

သူဟာ မာနကြီး မောက်မာလွန်းတာဟာ ငွေကြေးဥစ္စာကြောင့် မဟုတ်ဘဲ တစ်စုံတစ်ရာသော စိတ်ကျန်းမာရေးချို့တဲ့လို့သာဟု သုံးသပ်ကြည့်ပြီး နောက်ပိုင်း၌ သူ့အပေါ်တွင် အရင်လို ခါးသီးသော စိတ်ထားမျိုးလည်း မရှိတော့ပါ။

ကျန်းမာဖျတ်လတ်လျက် ရှင်းသန့်သော အမျိုးကောင်းသားလေး တစ်ယောက်ဟာ ဒီလိုအဖြစ်မျိုး မကြုံသင့်ပါဘူးကွယ်။ ဝင်္ကနာ ကံနာ မဟုက်ခဲ့ရင် ရှင် ကြိုးစားပြုပြင်သင့်ပါတယ်။

"ငါကတော့ သူ့ကို အဲဒီလို မဖြစ်စေချင်ဘူးဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ... ၊ ဘာလို့လဲ"

"ဘာလို့လဲတော့ သေချာပြောမပြတတ်ဘူး၊ အစကတော့ သူ့ကို မောက်မာတယ်ဆိုပြီး ကြည့်မရတာ၊ ချဉ်ခဲ့တာတော့ အမှန်ပဲ ...

အခုတော့ ဒီလို ဖြစ်နေရင် ဘာ့လည်း ဝမ်းမသာနိုင်ပါဘူးဟယ်"

ရှိန်းရဲ့ ညည်းညည်းညူညူ အပြောကို အေမီက တအံ့တသြ ငေးကြည့်ကာ ...

"ဟဲ့ ... ရှိန်း၊ နင်က သူ့ကို သနားသွားတာလား"

"အင်း ... သနားသလိုလိုပဲ"

"သနားရင်လည်း စိတ်ထဲကပဲ သ . . း၊ ဒါမျိုးက တကယ် ဗီဇပါလာရင် ဘယ်လိုမှ လုပ်မရ ဘ်ဘူးဟဲ့၊ အတိတ်ကံပေါ့ဟယ်"

"အေးပေါ့လေ၊ အတိတ်ကံ ပါလာရင်တော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ သူနဲ့ သူငယ်ချင်းအဖြ ်ငမ်ငရင်းနှီးသွားရင်တော့ သူ့ကို ဖျောင်းဖျပေးချင်ပါ ယ်ဟာ ...





လူမှာ အဓိက,က စိတ်ပါပဲ၊ စိတ်ကို ချုပ်တီးနိုင်ဖို့ဆိုတာ ခက်ပေမဲ့ နည်းနည်းလောက် ကြိုးစားကြည့်သင့်တာပေါ့"

အတည်ပေါက် ပြောနေသော ရှိန်းရဲ့ လေးလေးနက်နက် ပုံစံကို အေမီက လိုက်မမီတော့သည့်ဟန်ဖြင့် ပခုံးနှစ်ဖက်ကို စုံတွန့်ပြလေသည်။

"ရှိန်းတို့တော့ ဗီဇက မပျောက်နိုင်ဘူး၊ လူတိုင်းကို Please, May I help you (ကျေးဇူးပြုပြီး ကူညီပါရစေ) လုပ်ချင်နေပြန်ပြီ၊ ဒါက ရော ... အင့် ဆိုပြီး အကောင်အထည်မြင်ရတဲ့ဟာလည်း မဟုတ်ဘူးနော်၊ အခုမှ Queen က King ကို ခတ်ကျတော်မူနေတယ်"

ရှိန်းဟာ အေမီ့ အပြောကို လွှင့်လွှင့်လေးပြုံးလျက် ...

"လူတစ်ယောက်ကို ဥပေက္ခာပြုထားပြီး လုံးဝလှည့်မကြည့်ရင်တော့ ဘာမှမသိ ဘာမှမလိုအပ်ဘူးပေါ့ဟာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါက တစ်ချိန်လုံး သူ့ကို တစ်ချက်မှ လှည့်မကြည့်ခဲ့ပါဘူး၊ စိတ်လည်း မဝင်စားခဲ့ဘူး။ ဟော ... အမှတ်တမဲ့လေး ငဲ့ကြည့်ဖြစ်တော့မှ သူ့ဘဝဟာ စိတ်ဝင်စားဖို့ကောင်းမှန်း သိလာရတာ၊ အခုတော့ အသေအချာကိုကြည့်လာရပြီပေါ့၊ ကြည့်တာမှ စိတ်နှလုံးသားနဲ့ ကြည့်တာ ...

တကယ်တော့ လူတစ်ယောက်ကို စိတ်ဝင်စားသွားဖို့ဆိုတာ အကြာကြီး တွေ့ဆုံရမှ မဟုတ်ပါဘူး၊ တစ်ချက်လေး ငဲ့ကြည့်ဖို့ပဲ လိုတယ် ...

သူက တစ်ချက်လောက် ငဲ့ကြည့်တာနဲ့တင်ကို တော်တော် စိတ်ဝင်စားဖို့ ကောင်းတဲ့သူပါ”

ရှိန်းဟာ အဆုံးသတ် စကားကို ပြောပြီးနောက် တစ်ယောက်တည်း သဘောတကျ ပြုံးနေဖြစ်တော့သည်။







အခန်း(၇)

သူနဲ့ ရှိန်း အတွက် ရင်နှီးပတ်သက်မှုတစ်ခု အစပြုရန်အတွက် တစ်နေ့မှာတော့ ထင်မှတ်မထားသည့် ကိစ္စတစ်ခုက ဖြစ်ပွားခဲ့သည်။ ဘယ်တုန်းကမှ ဈေးသွားလေ့သွားထမရှိ



www.burmeseclassic.com

www.burmeseclassic.com



သော ရှိန်းဟာ အဲဒီနေ့ကတော့ မေမေ နေမကောင်းသဖြင့် တ… ပတ်စာ ဈေးဝယ်သည့်တာဝန်ကို လွှဲယူကာ ဈေးဝယ်ထွက်ရသည်။

မိုးရေတွေနှင့် ချော်ချော်ချွတ်ချွတ် သားငါးတန်း… စိတ်ပျက်လှသော်လည်း ဘယ်လိုမှ မတတ်နိုင်ချေ။ သတိထား… သွားရ လာရ ဝယ်ရနှင့် သားငါးတန်းက အထွက်မှာပဲ ရှိန်း… အရှေ့က ခပ်ဝဝ မိန်းမကြီး တစ်ဦးဟာ ရေထဲ၌ ဘိုင်းခနဲ ချော်… လဲတော့သည်။

ခြင်းတောင်းကြီးလည်း ဖရိုဖရဲ၊ လူကလည်း ခပ်ဝ… မို့ ဘယ်လိုမှ မထနိုင်ပေ။ ရှိန်းကပဲ ကပျာကယာ ဆွဲထူပေးရ… သည်။

"အန်တီ ... ထ,ထ၊ ဘယ်နာသွားသေးလဲဟင်၊ ဖြစ်ရဲ့လား"

"အား ... ကျွတ် ... ကျွတ် ... အမယ်လေး၊ နာလိုက်… တာကွယ်"

ထိုအန်တီကြီးမှာ နာကျင်မှုကို အတော်အောင့်… ထားရသော ဝေဒနာဖြင့် ရှိန်းကိုမှီကာ ထရလေသည်။





"ဘယ်နား နာသွားလဲဟင် အန်တီ"

"ခါးက တော်တော်မျက်သွားတယ်ကွယ်၊ ကျွတ် ... ကျွတ်"

"ဟုတ်လား ... ဒါဆို အန်တီ ဈေးဆက်ဝယ်လို့ ရမယ် မထင်တော့ဘူး၊ ပေး ... ပေး ... ကျွန်မ ကူသယ်ပေးမယ်"

"ကျေးဇူးပါ သမီးလေးရယ်"

ထိုအန်တီကြီးက အမှန်ကိုပင် ကျေးဇူးတင်သည့် မျက်လုံးများဖြင့် ကြည့်လာကာ ရှိန်းရဲ့ အကူအညီကို ဝမ်းပန်းတသာပင် လက်ခံလေသည်။ ထိုအန်တီကြီး ဝယ်ထားသော ပစ္စည်းတွေကလည်း မနည်းလှချေ။ ရှိန်းက အသားငါး တစ်မျိုးတည်းသာ ဝယ်ရသေး၍သာ တော်တော့သည်။

"အားနာလိုက်တာကွယ်၊ နိုင်ရဲ့လား သမီး"

"နိုင်ပါတယ် အန်တီ၊ အန်တီရော သက်သာရဲ့လား၊ သွေးအေးသွားရင် ပိုကိုက်လာမယ်နဲ့တူတယ်၊ ဆေးခန်းပြပါလားဟင်"

"နေ ... နေ ... ပြီးမှပဲ ပြပါမယ်၊ အန်တီ တစ်ကိုယ်လုံးလည်း ပေရေနေပြီ၊ ရတယ် သမီး၊ ဒီထိပ်နားဆို ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းဟာ နာကျင်မှုကြောင့် မျက်ရည်စို့နေရှာသည့် အန်တီကြီးကို သနားစိတ်ဖြင့် အဆုံးထိတိုင် ကူညီဖို့ ဆုံးဖြတ်လိုက်သည်။

"အန်တီက ဘယ်မှာနေတာလဲ၊ ဖြစ်ရဲ့လား၊ ရှိန်း အိမ်အထိ လိုက်ပို့ပေးပါ့မယ်"

"ရ ... ရပါတယ် သမီးရယ်၊ အားနာပါတယ်"

"အားမနာပါနဲ့ အန်တီရဲ့၊ ရှိန်းက ဒီနားမှာ နေတာပါ။ အန်တီ တစ်ယောက်တည်း ဒီပစ္စည်းတွေနဲ့ ဖြစ်မှာမဟုတ်ဘူး ...

ဘယ်ကို ပို့ပေးရမလဲဟင်"

"ဗဟန်းက ကိုယ့်မင်းကိုယ့်ချင်းလမ်းမှာပါကွယ်"

"ဪ ... သိပ်မဝေးပါဘူး၊ ခဏလေးနော်၊ ရှိန်း တက္ကစီ ငှားလိုက်မယ်"

ရှိန်းက ခပ်သွက်သွက်ပင် တက္ကစီတစ်စီးကို ငှားလိုက်ပြီးနောက် ထိုအန်တီကြီးနှင့်အတူ အထုပ်အပိုးတွေ၊ ခြင်းတွေကိုပါ တင်ကာ ထွက်လာကြတော့သည်။





"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ ဒီနေ့ကျမှပဲ ပစ္စည်းနည်းတယ်ဆိုပြီး ကောင်မလေးတွေလည်း ခေါ်မလာ၊ ကားနဲ့ ဒရိုင်ဘာကလည်း မအား၊ ဖြစ်ချင်တော့ ဘာတစ်ခုမှ အဆင်မပြေဘူး၊ သမီးလေးလို သူတော်ကောင်းနဲ့ တွေ့ပေလို့သာပေါ့"

"ရပါတယ် အန်တီရယ်၊ မိုးတွင်းဆိုတော့ သတိထားပေါ့၊ ဈေးထဲက အရမ်းချော်တာ"

"သမီးကိုတော့ ဘယ်လို ကျေးဇူးတင်မှန်းကို မသိဘူး၊ နာမည်လေးက ဘယ်လိုခေါ်လဲကွယ်"

"ရှိန်းမြသံစဉ်ပါ အန်တီ"

"ဪ ... ဪ ... ချစ်စရာလေး၊ စိတ်ကောင်းရှိလိုက်တာ၊ ငါ့တူရေ ... ခြံနံပါတ်(၂၅)နော်"

"ဟုတ်ကဲ့ ခင်ဗျ"

ကားက ထိုအန်တီကြီး ပြောသော ခြံရှေ့မှာ ရပ်လိုက်သည်။ ရှိန်းက အရင်ဆင်းလျက် တက္ကစီဖိုး ရှင်းပေးကာ



www.burmeseclassic.com

www.burmeseclassic.com



ထို အန်တီကြီးကို တွဲပေးရသည်။ အထုပ်တွေချ ခြင်းတွေချ
တော်တော်အလုပ်ရှုပ်သွားခဲ့သေးသည်။

ခြင်းတွေဆွဲကာ ပျူကိုလည်း တွဲနေသော ရှိန်းကို

"နေ့,နေ သမီး၊ ဘဲလ်တီးလိုက်၊ ကလေးမလေး
ထွက်လာလိမ့်မယ်၊ အိမ်ထဲဝင်ဦးနော်"

"နေပါစေ အန်တီ၊ ရပါတယ်"

"မဟုတ်တာကွယ်၊ ဝင်ပါဦး၊ လာပါ"

ဘဲလ်တီးလိုက်လျှင် ကောင်မလေး တစ်ယောက်
တံခါးလာဖွင့်ပေးကာ အံ့သြတကြီး မေးမြန်းလျက် အထုပ်
ခြင်းတွေကို ဆွဲသွားသည်။

ရှိန်းကသာ ခပ်ဖြည်းဖြည်းဖြင့် တွဲပေးလျက် ဝင်
ရသည်။

ကျယ်ဝန်းသာယာသော ခြံထဲတွင် လူတစ်ယော
က ကျောပေး၍ စာထိုင်ဖတ်နေရာမှ အသံတွေကြားသဖြင့် လှ
ကြည့်လို့ လာလေသည်။ အဲဒီမှာပဲ ရှိန်းဟာ မျက်လုံးအဝိုင်း





ဖြင့် အံ့သြသွားရတာ ဖြစ်သည်။ သူကလည်း အံ့သြသွားဟန်
ဖြင့် ရှိန်းကိုတစ်လှည့်၊ အန်တီကြီးကိုတစ်လှည့် ကြည့်နေပြီးမှ
တော်တတ်အသာထရပ်လို့ လာသည်။

"ဘယ်လိုဖြစ်လာတာလဲ အန်တီဆွေ"

"ဩော် ... ဈေးထဲက အသားတန်းထဲမှာ ချော်လဲတာလေ
ချန်ချန်ရယ်၊ ခါးကို မျက်သွားတာပဲ၊ ဘယ်လိုမှ မထနိုင်
ဘူး၊ အဲဒါ ဒီက သမီးလေးက ထူပေး ကူပေးလို့သာပေါ့၊
အိမ်အထိ ပြန်လိုက်ပို့ပေးတာ"

"ဒေါက်တာမဉ္ဇူကို ပင့်လိုက်လေ"

"အင်း ... အင်း။ ပြီးမှ ခေါ်ခိုင်းလိုက်မယ်၊ ဒီက သမီး
လေးကို ကော်ဖီ တိုက်ချင်သေးလို့"

ရှိန်းသည် အဲဒီစကားကြောင့် လက်အမြန်ကာပြ
ကာ ...

"နေပါစေ အန်တီ၊ ရှိန်း မသောက်တော့ပါဘူး၊ ပြန်တော့
မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာပဲကွယ်၊ လာပါ၊ အိမ်ထဲမှာ ဝင်ထိုင်ပါ၊ အန့်တီက ဒီအိမ်ရဲ့ အိမ်သားလို ဖြစ်နေပါပြီ၊ အိမ်တော်ထိန်း ဆိုပါတော့ ...

ကော်ဖီတော့ သောက်သွားပါကွယ်"

"ကျေးဇူးတင်ပါတယ်၊ ရှိန်း အချိန်မရတော့လို့ပါ"

ဒီအိမ်ဟာ သူ့ရဲ့အိမ်မှန်း သိပြီးမှတော့ ရှိန်းဟာ ဒီအိမ်ထဲ၌ ဘယ်လိုမှ ဆက်နေချင်စိတ် မရှိတော့ပေ။ ဖိတ်ခေါ်မှုကို အကြောက်အကန် ငြင်းနေသည့် ရှိန်းကို အန့်တီကြီးက လက်လျှော့လိုက်သည့် အချိန်ဝယ် သူက ...

"အိမ်ထဲ မဝင်ချင်ရင်လည်း ဒီမှာပဲ ထိုင်ပါ ရှိန်းမြသံစဉ်"

သူ့စကားကြောင့် ရှိန်းက အံ့သြသွားသလို အန့်တီကြီးကလည်း တအံ့တသြဖြင့် ...

"ချန်ချန်က သူ့ကို သိနေတယ်"

"သူက ကျွန်တော်နဲ့ တစ်ခန်းတည်းပါ"





"ဟင် ... အဲဒီလိုလား၊ ဒါများ သူငယ်ချင်းကို ကြိုဆိုရောပေါ့ သားရယ်၊ စိတ်မဆိုးနဲ့ သမီးရေ၊ ချန်ချန်က အဲဒီလိုပဲ အရမ်းနေစိမ့်တာ ...

ထိုင် ... ထိုင် ... သမီး၊ ဒီမှာပဲထိုင်၊ အန့်တီ ကော်ဖီ ပို့ခိုင်းလိုက်မယ်၊ စကားပြောကြဦး"

"ရတယ် အန့်တီ၊ အန့်တီ နားနားနေနေ နေလိုက်တော့၊ လှုပ်ရှားရင် ပိုနာနေလိမ့်မယ်၊ ခဏနေ ရှိန်း ပြန်တော့မှာပါ"

အန့်တီကြီးက သူနှင့် သူငယ်ချင်း ဆိုသည့်အဖြစ်ကို ကျေနပ်သဘောကျဟန်ဖြင့် ဘာမှမပြောတော့ဘဲ အသာထွက်ခွာသွားလေတော့သည်။ ရှိန်းဟာ အခုပင်ပြန်ဖို့ စိတ်ကူးနေတုန်းမှာပဲ သူက ...

"ထိုင်ပါ ရှိန်းမြသံစဉ်"

အင်း ... ဇွတ်ပြန်ရင်လည်း သူ့ကို ရင်မဆိုင်ရဲရာရောက်သည်မို့ ရှိန်းက ခပ်တည်တည်ပဲ စတီးလ်ခုံတစ်ခုမှာ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်သည်။ သူ့အိမ်မှန်း၊ သူ့အိမ်သားမှန်း ရှိန်းမှ မသိခဲ့တာ။ သူ့ဘက်သူယက်၍ ဘာမှတွေးနေဖို့ မလိုပေ။

"ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ"

ရှိန်းရဲ့ ခပ်ဆတ်ဆတ် အမေးကို သူက နားလည်ခွင့်လွှတ်ဟန်ဖြင့် ...

"အန်တီဆွေ့ကို ကူညီခဲ့တဲ့ အတွက်ပါ"

"မလိုပါဘူး၊ ကျေးဇူးတင် ခံချင်လို့ ကူညီတာမှ မဟုတ်တာ၊ ဒုက္ခဖြစ်နေတဲ့ လူကြီးတစ်ယောက်ကို စာနာစိတ်နဲ့ အကူအညီပေးတာ"

"မင်းက စာနာစိတ်ဆိုတဲ့ စကားကို သိပ်သုံးတယ်နော်"

ဘာမှ သိပ်မသုံးဘူး။ တစ်ခါတည်းပဲ ပြောဖူးတာ။ မှတ်မှတ်ရရ သူနဲ့ ပထမဆုံး စတွေ့တုန်းကပဲ ပြောခဲ့တာဖြစ်၏။ သို့သော် ဒါကို သူ မှတ်မိနေခြင်းအတွက် ရှိန်းဟာ ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မောင်ချန်လင်းရယ်။





ရှိန်းက အတွေးနှင့် ငြိမ်သက်နေတုန်းမှာပဲ ကောင်လေးတစ်ယောက်က ကော်ဖီတစ်ခွက်ကို လာချပေးလေသည်။

"သောက်ပါဦး ရှိန်းမြသံစဉ်"

"တော်ပါပြီ၊ ကျွန်မ ပြန်တော့မယ်"

"ဘာလို့လဲ၊ ကိုယ်နဲ့ သူငယ်ချင်း မဟုတ်ဘူးလို့ ယူဆလို့လား"

သူ့ကို အဲဒီလောက်ထိ ပွင့်လင်းဖြောင့်ကျလိမ့်မည်ဟု မထင်ထားသဖြင့် ရှိန်းဟာ ဘာပြန်ပြောရမှန်း မသိချေ။ ဘယ်လိုကြီးလဲ၊ သူဟာ မိန်းကလေးတွေကို ကြည့်ရတတ်သူ မဟုတ်ဘူးဆို။ အခုနေများ သူ့အခန်းထဲ သွားကြည့်လျှင် တူးဝေးခရမ်ပတ်ဖ် မိတ်ကပ်တစ်ဘူး၊ နှုတ်ခမ်းနီတစ်တောင့်လောက်များ တွေ့နိုင်မလား။

အို ... သူက အဲဒီလောက်မှ အခြေအနေ မဆိုးသေးတာ။ ယောကျ်ားလေးချင်း သာလွန်ချစ်ခင်မှုမျိုးပဲ ရှိတာပဲ။ ရှိန်းဟာ ရောက်တတ်ရာရာတွေကို တွေးတောနေသဖြင့် သူ ဘာမေးလိုက်မှန်းတောင် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာမေးလိုက်တာလဲ"

"ကိုယ်နဲ့ မင်း ခင်မင်ခွင့် ရှိမလားလို့ပါ"

ဒီစကားကိုကြားလျှင် ရှိန်းဟာ မျက်ခုံးနှစ်ဖက်ပင် မြင့်တက်သွားရသည်။

ဘုရားရေ ... သူက ရှိန်းနဲ့ ခင်မင်ခွင့်ကို တောင်းနေတာတဲ့လား။ ကမ္ဘာကြီး လည်နေတာတောင် နည်းနည်း ပိုမြန်သွားသလိုပဲ။

သူက မေးမှတော့ ရှိန်းကလည်း ဘာမှပြန်မမေးရဲစရာ မရှိတော့ချေ။

"ရှင်က မိန်းကလေးတွေနဲ့ မခင်တတ်ဘူးဆို"

"ဟုတ်တယ်၊ ကိုယ်က မိန်းကလေးတွေကို အရင်တုန်းက ခင်မင်စိတ် မရှိခဲ့ဘူး။ ဘာကြောင့်လဲ ဆိုတာတော့ ပြော မပြချင်တော့ပါဘူး ...

မင်း သိပြီးသား နေမှာပါ၊ မင်းကိုတော့ ခင်မင်ချင်တယ်၊ ဘာ့အတွက်ကြောင့်လို့တော့ ပြောပြရဦးမှာလား"





အလဲ့ ... သူကလည်း အလာကြီးပဲ။ ရှိန်းကလည်း အပြန်ကြီးပေါ့။

(အသွားအပြန်ကို ပြောတာပါ)

"ပြောကြည့်လေ။ သိထားရတာပေါ့"

"မင်းက တခြားမိန်းကလေးတွေနဲ့ မတူဘူး။ ရိုးသားပွင့်လင်းတယ်၊ နောက် ... ကူညီတတ်တယ် ... အင်း"

သူက ဆက်ပြောစရာ ကျန်သေးသလို နားထင်ကို ကုတ်ကာ စဉ်းစားနေလျှင် ရှိန်းဟာ ရယ်ချင်လာတော့သဖြင့် ဟက်ခနဲ ရယ်မိတော့သည်။ ဒီအခါ သူကလည်း အသာပြုံးလျှင် ရှိန်းသည် အဲဒီအပြုံးလေးမှာပဲ စတင်ခင်မင်သွားပြီဖြစ်၏။

"ကဲ ... တော်ပါပြီ၊ လုံလောက်ပါပြီ"

"ဒါဆို မင်းနဲ့ ကိုယ်နဲ့ သူငယ်ချင်း ဖြစ်သွားပြီပေါ့နော်"

"သူငယ်ချင်း ...၊ ဒါပေမဲ့ တစ်ခုတော့ ကြိုပြောထားမယ်နော်၊ ကျွန်မက စိတ်ထဲရှိတဲ့အတိုင်း ဆက်ဆံတတ်တယ်၊ ဒါကို ရှင် သိတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ သိပါတယ်၊ လျှာလည်း ရှည်တတ်တယ် ဆိုတာလည်း သိတယ်"

"ဟယ် ... နိပ်ကွပ်တတ်ယိုက်တာ၊ ဘာလျှာရှည်တာလဲ၊ အမြင်မတော်တာ တွေ့ရှင်ဘော့ ပြောမှာပဲ၊ အပြောမခံချင်ရင် သူငယ်ချင်း မတော်နဲ့"

"အား လား လား ... တော်တော်စွာတဲ့ သူငယ်ချင်းပါလား၊ အင်း ... မင်းက တခြားမိန်းကလေးတွေနဲ့ အဲဒါတွေ မတူတာပဲလေ ...

ကိုယ့်အတွက် တကယ်စစ်မှန်တဲ့ သူငယ်ချင်း ဖြစ်လာနိုင်မယ် ထင်လို့၊ မင်း အိမ်ပြန်မယ်ဆိုရင် ကိုယ်ပြန်လိုက်ပို့ပေးပါ့မယ်"

"ရပါတယ်၊ ကိုယ့်ဘာသာပဲ ပြန်ပါ့မယ်"

"ကဲ ... ကော်ဖီသောက်လိုက်ပါ၊ ကိုယ် ကားသွားထုတ်လာခဲ့မယ်"





ရှိန်းက ထပ်မငြင်းခင်မှာပဲ သူက ထထွက်သွားနေပြီ ဖြစ်သည်။ ရှိန်းဟာ ထွက်ခွာသွားသော သူ့နောက်ကျောပြင်ကို ခိုးငေးရင်း ကျန်ခဲ့ရက်သားမှ တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်းလာခဲ့သော ကံကြမ္မာကို အံ့သြရလေသည်။

ဒီတစ်ပတ် ကောဂင်း ပိတ်ရက်ဟာ ရှိန်းအတွက်တော့ အဆန်းတကြယ်ပင်။

အေမီသာ သိလို့ကတော့ ဘယ်လောက်များ အံ့သြနေမလဲ မပြောတတ်ချေ။ နယ်ပယ်တစ်ဆင့်တက်ဖို့အတွက် ရှိန်းကို သူငယ်ချင်း လာတော်တာလား၊ ဒီလိုတွေးမိလျှင် ရှိန်းဟာ သူ့ကို အားနာသွားခဲ့ရပါသည်။

အိမ်နေရင်းတောင် သန့်ပြန့်သပ်ရပ်နေသော သူဟာ မိန်းကလေးတွေ ကြိုက်လည်း ကြိုက်ချင်စရာဖြစ်သည်။ ဘာအဝတ်အစားမှ မလဲဘဲ ကားထုတ်ကာ ပြန်ရောက်လို့ လာလေသည်။ ရှိန်းဟာ ပထမတော့ နောက်ခန်းမှာ ထိုင်ဦးမလို့ပင်။ သို့သော် သူ့ကို အားနာတာကြောင့် ရှေ့ခန်းကပဲ ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com



ရှိန်း ထိုင်ပြီးတာနှင့် သူက ကားကို ရှေ့ခနဲ မောင်းထွက်လို့ သွားသည်။ ကားထဲတွင် အေးစိမ့်မွှေးပျံ့လျက် ခဏတိတ်ဆိတ်နေ၍ သူက စီဒီကို လှမ်းဖွင့်လိုက်သည်။ ပြီးတော့ သူကပဲ စကားပြောတာ ဖြစ်ပါသည်။

"မင်းအနေနဲ့ ရုတ်တရက် ပြောင်းလဲသွားတဲ့ အခြေအနေ တစ်ခုအတွက် နည်းနည်းတော့ အံ့သြနေမှာပေါ့နော်"

"အင်း … အဲဒါတော့ အမှန်ပဲ"

ရှိန်းက မညာချင်သဖြင့် အမှန်အတိုင်း ဝန်ခံလိုက် လေသည်။

"ကိုယ်က ဘာလို့လဲတော့ မသိဘူး၊ ငယ်ငယ်လေးတည်း က မိန်းကလေး အပေါင်းအသင်း သိပ်မထားတတ်ဘူး၊ မိန်းကလေးလည်း မခင်တတ်ဘူး …

ဖွန်ဖွန်နဲ့ကတော့ ငါးတန်းတည်းက ခင်လာတာဆို တော့ သူနဲ့ပဲ ပေါင်းဖြစ်တာ ကျန်တဲ့ကောင်တွေကတော့ ရှစ်တန်းမှ တွဲဖြစ်တာ"





ရှိန်းရဲ့နားထဲတွင် ဖွန်ဖွန် ဆိုသော အသံကြီးက ဒိန်းခနဲ မြည်သွားသည်။ သူများတွေ ပြောပြောနေသော ဒီအခေါ် အဝေါ်ကို နားနှင့်ဆတ်ဆတ် ကြားရချေပြီ။

"ဖွန်ဖွန်"

ရှိန်းရဲ့ ရေရွတ်သလို အပြောကို သူကငဲ့ကြည့်ပြီး…

"ဖွန်ဖွန် ဆိုတာ ဖွန်မိုးအောင်ကို ပြောတာလေ၊ ချောချော လေး တစ်ယောက်လေ၊ သိတယ်မှုလား"

ဘုရား … ဘုရား။ ချောချောလေး တစ်ယောက် ဆိုပါလား၊ ဖွန်ဖွန် …၊ ချောချောလေး တစ်ယောက်၊ ဒီအပြော တွေထဲ၌ ကြည်နူးရိပ်တွေ လွှဲဖြာနေသော သူ့နှုတ်ခမ်းမှာ တွဲခိုနေသည့် အပြုံးတွေကို ရှိန်းက အံ့သြတကြီး ငေးစိုက်ကြည့်နေမိ သည်။

သူ့အပြောတွေမှာတင် ဖွန်မိုးအောင်ကို သူ ဘယ် လောက်ချစ်မှန်း သိသာစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွန်မိုးအောင်က အရမ်း ပဲချာတယ်နော်"

ရှိန်းက သွေးတိုးစမ်းသလိုလို မေးလိုက်လျှင် သူက လှစ်ခနဲပြုံးကာ ...

"အင်း ... နွန်နွန်က အရမ်း မော်ဒန်နိုက်စ် ဖြစ်တာပါ သူက အဲဒါတွေ ခရေဇီလေ၊ သူ ရှော့ပန်လုပ်ရင် ကိုယ်က အမြဲပါရတယ် ...

အဲဒါနဲ့ ကိုယ်ပါ ဝယ်ဖြစ်ရော။ ကိုယ်ကတော့ Handsome စတိုင်လ်ပဲ ကြိုက်တယ်"

ရှိန်းသည် သူ့စကားတွေကို နားထောင်ရင်း တဖြည်းဖြည်း သူ့စိတ်ထားကို ပို၍သိလာရသည်။ သူကတော့ နွန်မိုးအောင်ကို စကားထဲ မပါလျှင်မပြီး ချစ်ခင်သည့်ပုံ။ ဒါနဲ့ နွန်မိုးအောင် ဘက်ကရော။

အဲဒီတစ်ယောက်ကိုပါ ရှိန်းက လေ့လာအကဲခတ် လာချင်လေသည်။





"ရှင့်ကိုတော့ ကျွန်မ ခင်ပါတယ်၊ ဒါပေမဲ့ ကျောင်းရောက်ရင်တော့ လူစိတ်ဝင်စားခံရမှာ ကြောက်တယ်"

ရှိန်းက စိတ်ထဲရှိသည့်အတိုင်း သူ့ကို ဖွင့်ပြောလိုက်သေးသည်။

သူက ရှိန်းကို တစ်ချက်ငဲ့ကြည့်ကာ ...

"မင်းလို မိန်းကလေးက ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်သေးလား"

"လူဆိုတာ ပတ်ဝန်းကျင်နဲ့ ကင်းလို့ရတာမှ မဟုတ်တာ။ ကိုယ် မဟုတ်ဘူးဆိုပြီး ပတ်ဝန်းကျင်ကို မေ့ထားလို့ ဘယ်ရမလဲ ...

ရှင့်ကိုခင်လို့ သတိပေးတာပါ။ ရှင့်အနေနဲ့ မိန်းကလေးတွေကို အရမ်း ရင်းရင်းသီးသီး မဆက်ဆံပါနဲ့ ...

လောကမှာ အလိုက်အထိုက် ဆိုတဲ့စကားကို ကြားဖူးတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆရာကြီး လုပ်ပြန်ပြီ ဟူသော အကြည့်မျ ဖြင့် ရှိန်းကို ငဲ့ကာကြည့်သည်။ သို့သော် အဲဒီအကြည့်တွေထဲ ခင်မင်ကျီစယ်ရိပ်တွေသာ ပါ,ပါသည်။

"ကြားဖူးပါတယ်၊ အင်းလေ ... မိန်းမတွေကို သိပ်စိ မရှည်တတ်ပေမဲ့ မင်းပြောသလို ကြိုးစားကြည့်ပါ့မယ်"

"ရှင်က မိန်းမတွေကို မုန်းနေတာလားဟင်"

သူက ရှိန်းရဲ့အမေးကို ဟက်ဟက်ပက်ပက် ရယ် လေတော့သည်။

"မမုန်းပါဘူး၊ ပြောရင် ကြားတယ်လို့တော့ မထင် ကိုယ် ရစ်တန်းလောက်တည်းက ကိုယ့်ကို ကောင်မလေး တွေက ဝိုင်းကြွေကြတာ ...

မကြိုက်ဘူးကွာ သိလား။ အဲဒီတုန်းကလည်း ဖွင့် ကပဲ ကာကွယ်ပေးခဲ့တာ၊ ကိုယ် မိန်းကလေးတွေ လျှော့တွက်တာတော့ မဟုတ်ပါဘူး၊ တကယ်တော်တဲ့





တွေလည်း ရှိတာပဲ၊ ဒါပေမဲ့ ကိုယ်အားနားက ဟာတွေကတော့ စိတ်ညစ်ဖို့ ကောင်းတယ်၊ ကြာလာတော့ လွတ်လပ်မှုတွေကိုပါ ထိခိုက်လာရော ...

အဲဒီတော့ ကျိုင်တွေ လောင်ကုန်တာပေါ့"

သူက တရှည်တလျားပင် ရှင်းပြလေသည်။ ဒီလိုဆိုတော့လည်း သူ့စိတ်ထားလေးက ထင်သလောက် ခက်ထန်မနေမှန်း ရိပ်မိရသည်။ သူက ရှိန်းတို့အိမ်ရှေ့တည့်တည့်ရောက်လျှင် ကားကို ညင်သာစွာ ရပ်ပေးလာသည်။ ပြီးလျှင် နှုတ်ဆိတ်လျက် အသာပြုံး၍ နေလေသည်။

"လိုက်ပို့ပေးတဲ့အတွက် သင့်ခ်ယူနော်"

ရှိန်းက ကားတံခါး ပြန်ပိတ်ပေးရင်း သူ့ကိုငုံ့ကာ နှုတ်ဆက်စကား ဆိုလိုက်လျှင် သူက ခေါင်းညိတ်ပြုံးပြကာ လက်ချောင်းလေးများ လှုပ်ခတ်လျက် နှုတ်ဆက်ပြသည်။

"သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နူးနူးညံ့ညံ့ပြုံးကာ နှုတ်ဆက်ထွက်သွားသော သူ့ကို ငေးမောကြည့်ရင်းမှ ရှိန်းဟာ မမျှော်လင့်ထားသော နေ့တစ်နေ့အတွက် တိတ်တဆိတ်တော့ ဝမ်းသာကျေနပ်နေခဲ့ပါသည်။

သူ့ကို စစ်မှန်တဲ့ ခံစားချက်ရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ ဖြစ်စေချင်တာပါ။

❣❤❣







## အခန်း(၆)

ဒီနေ့မနက် ကျောင်းကိုလာသော ခရီးလမ်းဟာ ခါတိုင်းထက်ကို သာယာသည်ဟု ထင်မိသည်။ ဘာရယ်ကြောင့်ခုန်းမသိဘဲ သူ့စိတ်တွေဟာ လန်းဆန်းလတ်ဆတ်လို့နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပြောရလျှင် ဘာရယ်ကြောင့်မှန်းတော့ သိလိုလို ပင်။

အရင်က ပဋိပက္ခတွေ ရှိခဲ့ရသော်လည်း အဲဒါတွေ ပြေပျောက်သွားကာ စစ်မှန်သော နွေးထွေးမှုဖြင့် သူ့ကို ခင်မင်သည့် သူမကြောင့်ပဲဖြစ်သည်။

ဒီအချိန်မှာ သူဟာ အချစ်တွေ၊ ရန်ခုန်ခြင်းတွေ ဘာမှ နားမလည်ချင်သေး။ မစဉ်းစားချင်သေး။ တစ်ယောက်နဲ့ တစ်ယောက် ကြားမှာရှိသော ဖြူစင်နွေးထွေးမှုလေး တစ်ခုကို တန်ဖိုးထားသည်။

အဲဒီအရာကြောင့်ပဲ သူ့စိတ်တွေ ကျေနပ်ပျော်ရွှင်လို့ နေတာဖြစ်လေသည်။

ဒီနေ့ သူ ကျောင်းသို့ ထွက်လာတာ စောသဖြင့် သူငယ်ချင်းတွေတောင် မရောက်ကြသေးချေ။

သူက ကုံကော်ပင်အောက်မှာ ကားကို ထိုးရပ်လျက် သူ့မိတ်ဆွေတွေကို မျှော်သည်။





အဲဒီမှာပင် အနားက ဖြတ်သွားသည့် ကောင်မလေး တွေထံမှ စကားတချို့ ကြားလိုက်ရတာဖြစ်၏။ သူ တစ်ယောက် တည်း ရှိနေတာကို မြင်လျှင် ထိုအုပ်စုထဲမှ တစ်ယောက်က ...

"တစ်ယောက်တည်းပါလားဟဲ့၊ ကေတ္တ တို့ကို လာစောင့် နေတာနဲ့တူတယ်"

"မဖြစ်နိုင်ဘူးနော်၊ Prince ကို King က စောင့်နေတာပဲ နေမှာ"

"သေချာလား၊ ဒါဆို ဘယ်သူ့ကိုမှ မရတော့ဘူးလားဟယ်"

"နောက်ဘဝမှပဲ မျှော်လင့်တော့ပေ။ သူတို့ကတော့ အရမ်း ချစ်နေကြပြီ"

ထိုအုပ်စုက တဟားဟားနှင့် ရယ်မောကာ ထွက်သွား ကြသော်လည်း သူက အတွေးတစ်စနှင့်အတူ မျက်မှောင်ကုတ် ကာ ကျန်ရစ်ခဲ့သည်။ ဘာတွေပြောသွားတာပါလိမ့်။ သူ့ကို အကြောင်းပြောသွားတာမှန်းတော့ သိသည်။ သို့သော် ဘာအဓိပ္ပာယ်ဆို တာကိုတော့ နားမရှင်းပေ။



www.burmeseclassic.com

www.burmeseclassic.com



Prince! ...။ ပရင့်ဆိုတာကတော့ ဖွန်ဖွန့်ကို ပြော
တာပဲ။ King ဆိုတာကလည်း သူ့ကိုဆိုလိုတာဖြစ်သည်။ အရင်း
ချစ်နေကြပြီ ဆိုတာက ဘာအဓိပ္ပာယ်လဲ ...။ သူက စဉ်းစားရင်း
စဉ်းစားရင်းနှင့် ခေါင်းတောင် မူးချင်လာလေသည်။ သို့သော်
ခေါင်းမူးဖို့ အခွင့်အရေးမပေးသော သူတစ်ယောက်က သူ့ မြင်
ကွင်းထဲသို့ တန်းတန်းမတ်မတ် ရောက်လို့လာခဲ့သည်။

အဝေးက လျှောက်လာတဲ့ပုံကပင် ဆွဲဆောင်မှုတစ်
မျိုး စိမ့်ဝင်နေသော သူမဟာ ပတ်ဝန်းကျင်ကို သိပ်ဂရုမထားဟန်
ဖြင့် လမ်းလျှောက်လာတာဖြစ်သည့် အစိမ်းနုရောင်ဝတ်စုံဖြင့်
ချုပ်ရပ်လှပနေသော သူမက အိတ်ကြီးကြီးတစ်အိတ်ကို လွယ်ကာ
ဆံနွယ်တွေကို သပ်တင်ရင်း သူ့ကို မြင်သောအခါ နှုတ်ခမ်းထောင့်
စွန်းလေးတွေ ကော့တက်သွားအောင်ပင် ပြုံးပြသည်။

"တစ်ယောက်တည်းပါလား"

သူက စ၍ နှုတ်ဆက်စကားပြောလိုက်လျှင် သူမက
ပြုံးလျက် ခေါင်းညိတ်ပြသည်။





"ဟုတ်တယ်၊ ပရက်တီကယ်ရှိလို့ စောစောလာတာလေ၊
ရှင်လည်း တစ်ယောက်တည်းပါပဲလား"

"အင်း ... ဘယ်သူမှ မရောက်ကြသေးဘူး။ ဟိုလေ ...
မင်း ကိုယ်နဲ့ ကန်တင်းမှာ တစ်ခုခု လိုက်စားပါလား"

သူက ကိုယ့်ကိုယ်ကိုယ် "ကိုယ်"ဟု ပြောင်းလဲသုံးစွဲ
လိုက်တာကို နည်းနည်းတော့ မျက်နှာပူသွားမိသော်လည်း သူမက
ဘယ်လိုမှ နေပုံမရချေ။

"သူငယ်ချင်းဖြစ်ငဲ့ အထိမ်းအမှတ်နဲ့ပေါ့လေ"

"အဲဒီလို ပြောလည်း ရပါတယ်၊ ကိုယ် အိမ်ကလည်း
ဘာမှ စားမလာခဲ့လို့"

"အို ... ဟုတ်လား။ ဆာနေရောပေါ့၊ ကဲကဲ ... သွားစို့"

အဲဒီလိုတော့လည်း သူမက ချက်ချင်းပင် သူ့ဆန္ဒကို
လိုက်လျောပေးလေသည်။ သူမနှင့်အတူတူ ကန်တင်းသို့ တွဲလျှောက်
လာရသော အဖြစ်ဟာ သူ့အတွက်တော့ နည်းနည်းအိပ်မက်ဆန်
သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အရပ်နှင့် တန်းတူမြင့်မားသော သူမထံမှ သင်းပျံ့သော မွှေးရနံ့တစ်ခုကလည်း စိတ်ကို လာလာဖမ်းစားနေတာကလည်း ကိုယ်တိုင်က နှစ်သက်ရသော တွယ်ငြိမှုတစ်ခု ဖြစ်ပါသည်။

ကန်တင်းသို့ ရောက်လျှင် သူက မုန့်လေးမုန့်တီနှင့် လက်ဖက်ရည်မှာကာ သူမက နက်စ်တစ်ခွက်ပဲ မှာသည်။

"ဩော် ... ဟို အန်တီကြီးရော သက်သာရဲ့လား။ ဘယ်လိုနေသေးလဲဟင်"

"ခါးကတော့ တော်တော်နာနေတယ်၊ ဘာမှ မလုပ်နိုင်ဘူး။ မင်းကိုတော့ ကျေးဇူးတင်ကြောင်း တဖွဖွနဲ့ ပြောရှာပါတယ်"

"အဲလောက်လည်း မဟုတ်ပါဘူး"

သူက သူမနှင့် စကားပြောနေစဉ်မှာပဲ သူငယ်ချင်းတွေကို လှမ်းခေါ်ဖို့ သတိရသည်။

"ခဏနော်။ ဖုန်းခဏဆက်ချင်လို့"





သူမက ခေါင်းညိတ်ပြလျှင် သူက ဇွန်ဇွန်ရဲ့ဖုန်းနံပါတ်တွေကို သွက်သွက်လက်လက်ကြီး နှိပ်ချလိုက်သည်။ တစ်ဖက်က သူမှန်းသိ၍ ချက်ချင်းပဲ ဖုန်းဖွင့်ကာ နားထောင်လေသည်။

"ဇွန်ဇွန်လား ငါပါ"

"အေး ပြော။ ငါ ခုပဲ ထွက်လာတော့မှာ"

"မင်းလာရင် ကန်တင်းကို လာခဲ့ကွာ၊ အဲဒီမှာ စောင့်နေတယ်"

"အလဲ့ ... တစ်ယောက်တည်း၊ အရှိုးသွားခံနေတယ်ပေါ့လေ"

"ထားလိုက်ပါတော့၊ စိတ်မချလို့လား ... ဟဲ ဟဲ"

"မဒီတွေက ဝိုင်းဆော်မှာကို စိတ်မချတာ ... ဟား ဟား"

"စိတ်ချချနေ။ မပြောင်းလဲသွားပါဘူးကွာ၊ ကဲ ကဲ ... ဒါပဲနော် ... ဘိုင့်ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို အားနာသဖြင့် စကားစကို မြန်မြန်ဖြတ်ကာ ဖုန်းပိတ်လိုက်လျှင် သူ့ကို စောင့်ကြည့်နေသော သူမကို တွေ့လိုက်ရသည်။

သူ ဖုန်းပြောတာကို ဂရုတစိုက် ငေးမောနားထောင်နေသော သူမရဲ့ မျက်နှာလေးက တကယ်ပဲ အပြစ်ကင်းကာ ရိုးသားသန့်စင်ပါသည်။

သူမ ကြည့်နေတာ သူ သိသွားလို့လည်း ဘယ်လိုမှ ဖြစ်သွားပုံမရ။

"ဘာလိုလိုနဲ့ စသင်နှစ်တစ်နှစ်တောင် ပြီးတော့မယ်နော်၊ စာမေးပွဲ နီးလာပြီ။ ရှင် စာတွေရပြီလား"

"ရပြီ၊ မင်းရော"

သူမက သူ့အဖြေကို သဘောကျသွားဟန်ဖြင့် ပခုံးနှစ်ဖက်တွန့်ကာ ...

"ကျွန်မကတော့ မရဘူး။ ရှင်က စာပဲ ကျက်နေတယ်နဲ့ တူတယ်"





"အင်း ... ဒီလိုပါပဲ။ ကိုယ်က စာကျက်တာ မဟုတ်ပါဘူး။ စာဖတ်တာပေါ့၊ တီချယ်သင်တာတွေကို အသံဖမ်းထားပြီး ပြန်နားထောင်တာမျိုး လက်ချာတွေကို ဖတ်ကြည့်တာမျိုး အဲဒီလောက်ပဲ လုပ်တာ ...

ကိုယ် နားလည်သလို ဖြေတာ။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ကတော့ စာရတယ်လို့ သတ်မှတ်ထားတာပါ၊ Parrot Learning(ကြက်တူရွေးစာအံနည်း) လုပ်တာမျိုး ကိုယ် မကြိုက်ဘူး"

သူက သူမကို စာကျက်နည်းအကြောင်း တရှည်တလျား ရှင်းပြနေတုန်းမှာပင် ကန်တင်းထဲမှာရှိသော မျက်လုံးတွေက သူတို့နှစ်ယောက်ကို အာရုံစိုက်လာကြသည်ဆိုတာ သတိထားမိလာရသည်။

တချို့ကောင်မလေးတွေဆို တီးတိုး တီးတိုးဖြင့် ပေါ်တင်တောင် အတင်းတုတ်နေမှန်း သိသာစေလေသည်။ အင်းပေါ့ သူမဟာလည်း ကျောင်းမှာ သူ့နည်းတူ နာမည်ကြီးတဲ့သူပဲဥစ္စာ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တော့ မသိဘူးနော်၊ ကျွန်မကိုယ်မှာတော့ မျက်လုံးတွေ လာစိုက်နေသလိုပဲ ခံစားရတယ်"

"ဟုတ်တယ်၊ လူတွေက တို့နှစ်ယောက်ကို တော်တော် စိတ်ဝင်စားကြတယ်နဲ့တူတယ်၊ မင်းအနေရကျပ်ရင် သွားကြမလား"

"မသွားပါနဲ့၊ ဘာမှ ဂရုစိုက်စရာမရှိဘူး။ ဟော ... ဟိုမှာ ရှင့်သူငယ်ချင်းတောင် ရောက်လာပြီ"

သူမက ဖွန်ဖွန့်ကို မေးလှမ်းဆတ်ပြကာပြောသည်။ ဖွန်ဖွန် ရောက်လာတာမှန်း သိသာစေစွာဖြင့် ဝန်းကျင်တစ်ခုလုံး က မွှေးကြိုင်၍ သွားလေသည်။ ဖွန်ဖွန်က သူ့ပခုံးကို ဖက်ကာ ပခုံးစွန်းဇာစ်ဖက်ကို ဖျစ်ညှစ်ပြီးမှ သူ့ဘေးမှာ ဝင်ထိုင်သည်။

"ဖွန်ဖွန် ... ဒါ New Friend လေ။ နာမည်တော့ ခင်ဗျား သိမှာပါ"

သူက စတင်ကာ အဲဒီလိုဖြင့် မိတ်ဆက်ပေးလိုက်တာ ဖြစ်သည်။ ဖွန်ဖွန်ကလည်း ချက်ချင်းဆိုသလိုပင် ...





"သူ့နာမည်ကို ပြောပြခဲ့တာ ငါပါကွ။ Hi ရှိန်းမြသံစဉ်၊ Good morning ပါ"

ဖွန်ဖွန်က အင်မတန်ဖော်ရွေသော အမူအရာဖြင့် နှုတ်ဆက်လေသည်။ သူမကလည်း လိုက်လျောသော အပြုံးနှင့်ပဲ တုံ့ပြန်ပါသည်။

"မောနင်း ဖွန်မိုးအောင်"

"ထူးတော့ထူးဆန်းတယ်နော်၊ စာသင်နှစ်တစ်နှစ် ကုန်ခါနီးမှ ကျွန်တော်တို့ ဘော်ဒါလာဖြစ်နေကြတယ်၊ ကျွန်တော်က ရှိန်းမြသံစဉ်ကို ခင်မင်ချင်တာ ကြာပြီ၊ ဒီကောင်ပေါ့"

"ဟော့ကောင် ငါက ဘာဖြစ်နေလို့လဲ"

"ဩော် ... မင်းနဲ့ သူနဲ့က ငြိထားတာလေးတွေ ရှိတော့ လန့်နေရတာပေါ့ကွ။ အခုလို အစတည်းကဖြစ်ရင် ဘယ်လောက်ကောင်းမလဲ၊ မဟုတ်ဘူးလား"

ဖွန်ဖွန်က သူမကို မေးဆတ်၍ လှမ်း၍မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရာရာတိုင်းမှာ အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိတယ်လေ။ အချိန်မကျသေးခင်တော့လည်း ဒီလိုပဲပေါ့"

"ဒါနဲ့ မင်းတို့က ဘယ်လိုပြေလည်သွားကြတာလဲ"

သူက အဆင်ပြေသွားပုံကို အကျဉ်းချုံး၍ ရှင်းပြလိုက်သည်။ ဖွန်ဖွန်က ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်ပြီးလျှင် ...

"ငါ မပြောဘူးလား။ သူက စိတ်ရင်းကောင်းပါတယ်လို့"

"ဟယ် ... ရှင်တို့က ပေါ်တင်ကြီး လာမြှောက်နေကြတယ်။ ကေန္တ တော့ ကျွန်မ ကွယ်ရာမှာ ကျွန်မအကြောင်း ပြောဖူးကြတယ်နဲ့ တူတယ် ...

ဟုတ်လား။ ဘာတွေ ပြောထားကြလဲ ပြောစမ်း"

ဖွန်ဖွန်က သူ့ကို မျက်စလှမ်းပစ်ပြကာ "ပြောလိုက်ရမလား"ဟု မေးလေသည်။ ဒီကောင်က ပြောရသော ကောင်မဟုတ်ပေ။ အကုန်သွားလျှောက်ပြော၍ ပြဿနာဖြစ်မှာကို သူက မလိုလားသဖြင့် ကပျာကယာ တားဆီးရ၏။





ဖွန်ဖွန်က သူ့အဖြစ်ကို တဟားဟားနှင့် ရယ်မောဘာ ...

"သွား ... လူဆိုး။ ဘာအခုမှ ကြောက်ပါပြီလဲ ... ဟဲ ဟဲ"

"လိမ္မာတယ်ကွာ၊ လျှောက်မပြောနဲ့။ မင်း လိုချင်တာ ဝယ်ပေးမယ်"

"ဂယ်လား (တကယ်လား)"

"တကယ် ... တကယ်။ လိမ္မာတယ် ဘေဘီက နော်"

သူက ဖွန်ဖွန့်ဆံပင်လေးတွေကို အသာသပ်ဖွကာ ချော့ပြောလိုက်လျှင် ဒီကောင်က ဆက်မညှဉ်းတော့ဟန်ဖြင့် ကျေနပ်၍ သွားလေသည်။

သူတို့နှစ်ယောက်ကို သူမကတော့ မေးထောက်လျက် စိပ်ပြေနပြေပင် ငေးမောနေတာဖြစ်သည်။

အယူးသဖြင့် သူမရဲ့ အကြည့်တွေဟာ သူ့ရင်ကို တစ်မျိုးတုန်လှုပ်စေသည်။ မျက်လုံးတွေဟာ စိန်ပွင့်လေးတွေလို အရည်တဖျပ်ဖျပ်လက်ကာ စိုရီနေကြသည်။ အဲဒီ စိုစိုရီရီ အကြည့်



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် နှင်းဆီဖူးလို နှုတ်ခမ်းတွေကို မပွင့်တပွင့်ဟ၍ ပြုံးကြည့်တတ်ပုံကို သူ ရင်ခုန်ချင်တာ ကြာပြီ။

"ရှင်တို့ နှစ်ယောက်က တော်တော်ချစ်ကြတယ်နော်"

သူမက ပြုံးကာ မှတ်ချက်ချပေးလျှင် ဖွန်ဖွန်က သူ့လက်တစ်ဖက်ကို ဆတ်ခနဲ ဆွဲယူလျက် ရင်ဘတ်မှာ သွားကပ်ထားပြီးနောက် ...

"အရမ်းချစ်တာဗျ။ ဒီကောင်က ကျွန်တော့်အသည်း"

ဟု ခပ်ကြွားကြွား ပြန်ပြောလေသည်။ ဒါကို သူကလည်း ကျေနပ်ဂုဏ်ယူစွာဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်သေးသည်။

သူမကတော့ စိုရိရိ အကြည့်တွေနှင့် ကြည့်စမြဲ နှုတ်ခမ်းတွေက အဓိပ္ပာယ်ပါပါ ပြုံးစမြဲပင် ဖြစ်လေသည်။

❣❤❣





"ကြည့်ရင်း ကြည့်ရင်းနဲ့ ပိုပြီး သေချာလာသလိုပဲဟာ။ သူတို့ ဆက်ဆံတဲ့ ပုံစံက နော်မယ် မဟုတ်ဘူးတော့ အမှန်ပဲ"

"နင် သေချာ အကဲခတ်ကြည့်နေတာပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အမေ့မိက သတင်းကြီးသည့် ဘုရင်လေးနှင့် အိမ်ရှေ့မင်းသားလေးကို ပိုင်ပိုင်နိုင်နိုင်ကြီး အကဲခတ်ရှုစားခွင့်ရလာသော ရှိန်းကို အနားမှပင် မခွာနိုင်ဘဲ တကပ်ကပ်နှင့် မေးနေတာဖြစ်၏။

အခုဆိုရင် သူတို့နှစ်ယောက်ကို အဲဒီလို ထင်ကြေးပေးနေကြသော သတင်းတွေက ဘယ်သူက ဘယ်လိုတွေ သတင်းပြန့်လိုက်သလဲတော့မသိ။ တော်တော်ကြီးတော့ ပျံ့နှံ့နေခဲ့ပြီဖြစ်သည်။

"အပြင်မှာ သူတို့အကြောင်းတွေ ဒီလို ပျံ့နေတယ်ဆိုတာ သူတို့ မသိဘူးလား"

"မသိဘူးထင်တယ်။ သူတို့ကြည့်ရတာတော့ အေးဆေးပဲလေ။ ပြီးတော့ သူတို့က အပြင်ကလူတွေနဲ့ သိပ်တွဲတာမှ မဟုတ်တာ။ ဒါမျိုးက ဘယ်သူကရော ပြန်ပြောနေကြမှာလဲ"

"နင် အကဲခတ်ကြည့်တော့ ဘယ်သူက ဖြစ်နေတာလဲ"





ရှိန်းက ဒီစကားကို မျက်မှောင်တစ်ချက်ကုတ်ကာ စဉ်းစားပုံဖော်ကြည့်မိသည်။ နှစ်ဦးစလုံးပါပဲ။ နှစ်ဦးစလုံးက အပြန်အလှန် ငြိတွယ်ချစ်ခင်ကြတာပဲ။ အလှအပကို ပိုစိတ်ဝင်စားလျက် မိန်းကလေးရှုံးအောင် ပြင်ဆင်တတ်တာတော့ ဇွန်မိုးအောင်ပဲဖြစ်သည်။

"ဘယ်သူက ဖြစ်နေတာလဲဆိုတော့ နှစ်ယောက်စလုံးပဲလို့ ပြောရမလား။ တစ်ယောက်နဲ့တစ်ယောက် ယုယအကဲပိုကြတာတော့ အတူတူပဲဟ ...

ရှိုးများတာတော့ ဇွန်မိုးအောင်ပေါ့"

"နင် အကဲခတ်နေတာကို သူတို့ သိလား"

"သိလား ဆိုတော့ ..."

ရှိန်းဟာ ဒီစကားကို မဆက်သေးဘဲ သူနှင့် မျက်ဝန်းချင်းတွေ ဆုံခဲ့သည့် အခိုက်အတန့်ကို ပြန်၍ Recall လုပ်လိုက်သည်။ ရှိန်းကို ကြည့်လာသော သူ့မျက်ဝန်းတွေထဲတွင် အရောင်လေးတွေ လင်းဖြာလျက် နွေးထွေးမှုတစ်ခု ခိုအောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အကြည့်ချင်းဆုံကြလျှင် ဒါဟာ မျက်ဝန်းချင်း အသိအမှတ်ပြုသည်သဘောပဲ မဟုတ်လားနော်။

"သိလားဆိုတော့ဟာ ... သူ လှမ်းကြည့်နေတော့ ငါကြည့်နေတာကိုတော့ သူ သိတာပေါ့။ အကဲခတ်နေတယ်လို့တော့ ထင်မှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ နင် ရှိုးနေတယ်ပဲ ထင်မှာ။ ဘယ်လိုလဲရှိန်း၊ နင်က အဲဒီလို အထင်ခံနိုင်လို့လား"

"အထင်ခံနိုင် မခံနိုင်ဆိုတာထက် သူ့ကို ငါ အဲဒီလို မဖြစ်စေချင်တာက အဓိကပဲ ...

နှစ်ယောက်စလုံးပါပဲဟာ"

"ဒီတော့ နင်က ဘယ်လို လုပ်မှာလဲ"

"သူက ငါ့ကိုတော့ ခင်မင်တဲ့ပုံပါ။ ရင်းနှီးမှုနဲ့ပဲ သူ့ကို ဖျောင်းဖျဖို့ စိတ်ကူးထားပါတယ်"





ရှိန်းက အေမီကိုပါ ပြန်ဖြေရင်း တစ်လက်စတည်းမှာ သူ့ကို ဘယ်လို စကားလုံးတွေနှင့် နှစ်သိမ့်ဖျောင်းဖျရမလဲ ဆိုတာကို တွေးတောနေခဲ့မိသည်။ လိုအပ်ရင် စိတ်ရောဂါဆရာဝန် တစ်ယောက်နဲ့ပါ ဆွေးနွေးကြည့်ရင် ကောင်းမလား။ ဒါဆို ချဉ်းကပ်ကုစားနည်းဟာ ပို၍ လွယ်မလား စသဖြင့် ရောက်တတ်ရာရာ တွေးတောနေတာ ဖြစ်လေသည်။

ရှိန်းဟာ ဘယ်လို နက္ခတ်နှင့် ယှဉ်မွေးလာသလဲတော့ မပြောတတ်ချေ။ သူမျှားကိစ္စဆိုလျှင် အလွန်စိတ်ဝင်တစားဖြင့် ကူညီချင်သော ကောင်မလေးတစ်ယောက်ပဲ ဖြစ်ပါသည်။

❣❤❣



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

ထိုနေ့က ရှိန်း တစ်ယောက်တည်း ရှော့ပင် ထွက်လာခဲ့တာဖြစ်သည်။ ရှိန်းဟာ ဘာဝယ်မယ်ရယ်လို့ လာခဲ့တာမဟုတ်ဘဲ မျက်လုံးထဲ တည့်တာတွေ့မှ ကောက်ဝယ်လိုက်သည် ဖြစ်လေ





ရာ ရှော့ပင်းစင်တာကြီးထဲမှာသာ လျှောက်နေသော်လည်း ဘာမှ မဝယ်ရသေးချေ။

နောက်တော့ MKဆိုင်ထဲဝင်၍ ဟိုဟိုဒီဒီ လျှောက်ငေးနေရင်းမှ မမျှော်လင့်သော သူတစ်ယောက်နှင့် ဘွားခနဲ ဆုံလိုက်ရတာဖြစ်၏။ သူက ရှိန်းကို မြင်လျှင် အံ့ဩဝမ်းသာသွားသော မျက်နှာထားဖြင့် ချက်ချင်း နှုတ်ဆက်လေသည်။

"ရှိန်းမြသံစဉ်"

သူက နာမည်ခေါ်ကာ နှုတ်ဆက်မှပင် ရှိန်းက အပြုံးမျက်နှာဖြင့် ခေါင်းညိတ်ပြကာ ...

"အာကာချန်လင်းပါလား"

သူက ရှိန်းရဲ့ အပြောကို ပက်ခနဲ ရယ်လေသည်။ သူ့ ရယ်ပုံက တခြား ဘယ်ကောင်လေးတွေရဲ့ ရယ်ပုံနှင့်မျှ မတူပေ။ သူဟာ ကောင်မလေးတွေ သည်းလည်း သည်းလောက်စရာပါပဲဟု ပထမဆုံးအကြိမ် တွေးမိသွားသေးသည်။

"ရှိန်းမြသံစဉ် ရှော့ပင်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဝင်းဒိုးရှော့ပင် ဆိုပါတော့။ ရှင်ရော ..."

"ကိုယ်လား ... ကိုယ်က ဇွန်ဇွန့်အတွက် Brithda[y] Present လာဝယ်တာ"

"ဟုတ်လား၊ ဝယ်ပြီးပြီလား"

"မဝယ်ရသေးပါဘူး။ ဪ ... မတော်တဆဆုံတုန်း တစ်ခုခု သွားစားအောင်။ ရမလားဟင်"

"ရပါတယ် သွားလေ"

အဲဒီနောက် ရှိန်းတို့နှစ်ယောက်ဟာ အေးအေးဆေးဆေးရှိလှသော ကော်ဖီဆိုင်လေးထဲမှာ ဝင်ထိုင်ဖြစ်ကြသည်။ Romanticဖြစ်လွန်းသော ကော်ဖီဆိုင်လေးထဲတွင် အတွဲတွေသာ ရှိနေသဖြင့် ရှိန်းဟာ ယောကျာ်းလေးတစ်ယောက်နှင့် တစ်ခါမှ မထိုင်ဖူးသောသူ ဖြစ်လေရာ တစ်မျိုးကြီး ဖြစ်လို့နေသည်။

ဒါကို သူက ရိပ်မိဟန်ဖြင့် ...

"စိတ်ကျဉ်းကျပ်နေလား ရှိန်းမြသံစဉ်။ အပြင်ဘက်က ဆိုင်တစ်ဆိုင်ဖြစ်ဖြစ် သွားမလား"





"ရပါတယ် ခဏတစ်ဖြုတ်ပဲဟာ"

"မင်း ဘာစားမလဲ"

"ဂျူစ်တစ်ခုခုဆို တော်ပါပြီ"

"အိုခေ ... ကိုယ်လည်း အဲဒါပဲ။ Orangeပဲ မှာလိုက်မယ်နော်"

သူက လိမ္မော်ရည်နှစ်ခွက် မှာပြီးသွားလျှင် ရှိန်းဘက်သို့ ပြုံးကြည့်လာလျက် ...

"မင်းက ဒီလိုပဲ တစ်ယောက်တည်း ရှော့ပင် ထွက်နေကျလား"

"အင်း ... တစ်ခါတလေပါ။ ပျင်းတာနဲ့ ထွက်လာတာ။ များသောအားဖြင့် အေမီနဲ့ပဲ သွားတာပါ ...

ရှင်လည်း တစ်ယောက်တည်းပဲ သွားတတ်သလား"

"ဟင့်အင်း ... ကိုယ်တို့က တစ်နေရာရာသွားရင် တစ်ဖွဲ့လုံးပဲ။ ရှော့ပင်ကတော့ ဇွန်ဇွန်နဲ့ပဲ များပါတယ်။ သူက မိန်းကလေးလိုပဲလေ။ ဈေးပတ်နေတာ။ ကျန်တဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



တွေက စိတ်မရှည်တော့ သိပ်မလိုက်ချင်ကြဘူး။ ဒီတော့ ကိုယ်နဲ့ပဲ ကျတာများတယ်"

ရှိန်းရဲ့ နားစည်ထဲတွင် သူက မိန်းကလေးလိုပဲဆေ ဟူသော ပြောလိုက်သံက ပဲ့တင်ထပ်၍ ကျန်ရစ်ခဲ့သည်။ ရှိန်းသည် အတွဲတွေကြားထဲမှာမို့ တစ်မျိုးဖြစ်နေသော စိတ်တွေပင် လွင့်ပြေ ကုန်လျက် သူတို့အခြေအနေကို အကြီးအကျယ် လမိုင်းပြန်က ၍လာသည်။

"အခုနက ပြောပါတယ်။ ဇွန်မိုးအောင်အတွက် ဘတ်ဆေ ပရဲဆင် လာဝယ်တာဆို"

"အင်း ... ဟုတ်တယ်။ လာသာ လာတာ ဘာဝယ်ရမှန်းထဲ မသိဘူး။ MK ထဲ ဝင်ကြည့်တော့လည်း သိပ်ကြိုက်တာ မတွေ့ပါဘူး"

Wacoalတစ်ထည်လောက် ဝယ်ပေးလိုက်ပါလား ရှိန်းသည် စိတ်ထဲမှ ခပ်ချဥ်ချဥ် တွေးလိုက်မိသော်လည်း အပြင် မှာတော့ တကယ်တမ်း ထုတ်မပြောရဲချေ။





ဟုတ်တယ်လေ။ သူ ပြောနေတဲ့ပုံစံကြီးက ရည်းစား အတွက် ဘာမွေးနေ့လက်ဆောင်များ အဆန်းတကြယ် ဖန်တီး ပေးရပါ့မလဲလို့ စဥ်းစားတွက်ချက်နေတဲ့ပုံမျိုးကြီးဥစ္စာ။

"မွေးနေ့လက်ဆောင်များ အဲဒီလောက် စဥ်းစားနေစရာလို လို့လား။ တစ်ခုခုပေါ့။ ဝယ်ပေးလိုက်လည်း ဖြစ်တာပဲ မဟုတ်ဘူးလား"

သူက ရှိန်းရဲ့ အပြောကို သူငယ်နပ်စားတစ် ယောက်ရဲ့ အတွေးမျိုးဟု သဘောထားပုံမျိုးဖြင့် ပြုံးကြည့်လာ လျက် ...

"မတူဘူးလေ ရှိန်းမြသံစဥ်ရဲ့။ မွေးနေ့လက်ဆောင်ဆိုတာ တန်ဖိုးကြီးတာ နည်းတာနဲ့ အလေးထားတာချင်း မတူ ဘူးလေ ...

စိတ်တစ်ခုကိုပါ ထည့်ပေးနိုင်ရင် ပိုအဓိပ္ပာယ်ရှိတာ ပေါ့"

"ဘာရယ် ... စိတ် !... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းဟာ တစ်ခါမှ မကြားဖူးသော စပါယ်ရှယ် ဒိုင်ယာလော့တွေမှာ အငိုက်ချည်းမိနေရလေသည်။

"စိတ်ဆိုတာကကွာ ... သူ့အတွက် အဓိပ္ပာယ်တစ်ခုခု ပေးနိုင်တဲ့အရာမျိုး ဖြစ်ရမယ်ပေါ့။ သူ့အတွက် အသုံးဝင်တဲ့ ပစ္စည်းမျိုးပေးရင် ပေးမယ် ...

ဒါမှမဟုတ် အသုံးမဝင်ရင်လည်း အမှတ်တရ ဖြစ်စေမဲ့ တစ်ခုခု ပေးဖြင့်ပေါ့။ အများကြီးတွေးတယ်ဆိုကတည်းက သူ့အပေါ် ဘယ်လောက် အလေးထားတယ်ဆိုတာ ဖော်ပြနေတာပဲလေ ...

မင်းရော သူငယ်ချင်းတွေကို မွေးနေ့လက်ဆောင် မပေးဖူးဘူးလား"

"ပေးဖူးတယ်လေ။ ဒါပေမဲ့ ရှင်လိုကြီး စိတ်တွေ ဘာတွေ မပါပေါင်"

သူက ရှိန်းကို ကလေးတစ်ယောက်လို သဘောတကျ ကြည့်ရယ်လေသည်။ ဒီလို ပြုံးရယ်နေတော့လည်း သူဟာ အမှန်





တကယ်ကို ကြွေချင်စရာကောင်းတဲ့ ကောင်ချောလေးတစ်ယောက်ဆိုတာ ပို၍ လက်ခံလာရလေပြီ။

ဒီလိုဆိုတော့မှဖြင့် သူ့ကို ဂျိမ်းစ်ဘွန်းလို ယောကျ်ားမျိုးသာ ဖြစ်စေချင်တော့သည်။

"ဘာတွေ ဝယ်ပေးဖူးတာလဲ"

"အိုး ... ဒီလိုပဲပေါ့။ သူတို့ လိုချင်တဲ့ဟာရှိရင်လည်း ဝယ်ပေးလိုက်တာပဲ။ မဟုတ်ရင်လည်း အသုံးဝင်မဲ့ဟာ တစ်ခုခုပေါ့။ သိပ်တော့ စဉ်းစားမနေပါဘူး"

"အဲဒါဆို မင်းရဲ့ Birthday Present က သိပ်အဓိပ္ပာယ်မရှိတော့ဘူးပေါ့"

"ဟင် ... ကြံကြီးစည်ရာ"

"ဟုတ်တယ်လေ။ မျက်စိထဲတွေ့တာ ဝယ်ပေးလိုက်တာ ဘာအဓိပ္ပာယ်ရှိမှာလဲ။ နောက်ဆုံး ပန်းလေးတစ်ပွင့် ဖြစ်ပစေဦး။ ခံစားချက်နဲ့ ပေးရင် အရမ်းကို အဓိပ္ပာယ်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက် အပြည့်အသိပ်ဖြင့် ပြောနေသော သူ့ရင်ကြီးကို မဲ့ရွဲ့ကာ မျက်စောင်းမထိုးမိအောင် အတော်ကြီး ထိန်းသိမ်းထားရသော ရှိန်းသည် ပါးစပ်ကတော့ မနေနိုင် မထိုင်နိုင် ကလိလိုက်သေးသည်။

"ရှင်က လူကြည့်တော့ ခံစားချက်မရှိသလိုလို အသည်းနှလုံးမရှိသလိုလိုနဲ့ ပြောမဲ့ပြောတော့လည်း ဝေမျှုသွင်တို့ နီကိုရဲတို့ အစွဲ့ပေးရလောက်ပါလား"

သူက ရှိန်းရဲ့ စကားကို နှုတ်ခမ်းလေးတွန့်ရုံမျှ ပြုံးကာ ...

"မင်းက ကိုယ့်ကို အသည်းနှလုံးမရှိဘူးလို့ ထင်နေတာလား"

"မဟုတ်လို့လား"

"အသည်းနှလုံးမရှိရင် ကိုယ် သေသွားမှာပေါ့။ ကိုယ့်မှာ ချစ်တတ်တဲ့ နှလုံးသား ရှိပါတယ်"

"အလဲ့ ... တယ်မိုက်ပါလား၊ ဆက်ပါဦး"





"အင်းပေါ့လေ ... မင်းရဲ့ အမြင်မှာတော့ ကိုယ့်ကို နှလုံးသားမရှိတဲ့လူလို့ ထင်နေမှာပေါ့။ တကယ်တမ်းကျတော့ ကိုယ်က ဘော်ဒါတွေကို အရမ်းချစ်တာ ...

ပိုပြီး Closeဖြစ်တာတော့ ဖွန်ဖွန်ပေါ့။ ဒီကောင်က ကိုယ့်အနွံ့အတာကိုလည်း အရမ်းခံတာ။ ကြာတော့ ညီအစ်ကိုတွေလို ဖြစ်သွားကြတယ်၊ အချစ်ဆိုတဲ့ အရာကို ကိုယ်က သိပ်မခံစားချင်ဘူး သိလား။ ကိုယ်တို့ ဘော်ဒါတွေကြားက အချစ်ကတော့ အရမ်းအေးမြတယ်"

ဘုရားသခင် ...။

အေးမြပါ ... အေးမြပါ။

အပြင်မှာ ပျံ့နေတဲ့ သတင်းကို ကြားရင် ရှင့်ရင်ထဲ မီးပုံကြီးဆယ်ပုံ ရောက်လာလိမ့်မယ်။

ရှိန်းဟာ သူ့အစား ရင်ပူလာသဖြင့် ချလာပေးထားသော လိမ္မော်ရည်တွေကို တဂွတ်ဂွတ်နှင့် ကုန်အောင်မော့ပစ်သည်။ ဒါကို သူက သဘောကျသည့်အလား ပြုံးကြည့်နေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို ခင်မင်တာ အဲဒါတွေပဲ။ မင်းက အရှင်း ပွင့်လင်းတယ်။ တခြားမိန်းကလေးတွေနဲ့ မတူဘူး"

"ကျုပ် ရင်ပူနေလို့တော့"

ရှိန်းရဲ့ အဖြေကို သူက မျက်ရည်ထွက်လုမတတ် ရယ်လေသည်။

ရှိန်းဟာ သူ ရယ်နေသောပုံစံကို ခဏမျှတော့ ငေး စိုက်ကြည့်မိကာ အမြန် မျက်နှာလွှဲရသည်။ သူ့အတွက် ရှိန်း အပတ်ပဲ ရင်ပူရပါသည်။

သူက အရယ်ကို လက်စသတ်ရင်းမှနေ၍ ...

"အားပါး ... ရယ်လိုက်တာ တော်တော် ပွင့်သွားတယ် သင့်ခ်ယူ ရှိန်းမြသံစဉ်။ ရယ်ခြင်းဟာ ရုပ်နုစေတယ်လို့ ကြားဖူးတယ် ...

မင်းနဲ့သာ အမြဲအတူနေရရင်တော့ ကိုယ် အသက် အရှည်ကြီး နေရမယ်နဲ့ တူတယ်နော်"





အံမယ် ဒီစကားက ဘာကို ဆိုလိုတာပါလိမ့်။ သူက ပြောနေမှတော့ ရှိန်းကလည်း မပြောရဲစရာအကြောင်း မရှိတော့။

"ရှင် ချစ်တဲ့ ဘော်ဒါတွေနဲ့ရော မရယ်ရလို့လား"

"ရယ်တော့ ရယ်ရတာပေါ့။ ဒွန်ဒွန်နဲ့က ပိုရယ်ရတယ်။ ဪ ... မင်းကို ဒုက္ခပေးတာတော့ မဟုတ်ပါဘူး၊ ကိုယ့်ကို ကူစဉ်းစားပေးပါလား ...

ဒွန်ဒွန့်အတွက် ဘာပရဲဆင့်ပေးရင် ကောင်းမလဲလို့"

ရှိန်းက အရူးကြီးရှူးနေရှာသည့် သူ့ကို သနားသလို တစ်ချက်စိုက်ကြည့်ကာ စိတ်မသက်သာစွာနှင့်ပင် ...

"သူ့ဘတ်ဒေးက ဘယ်တော့လဲ"

"နောက်တစ်ပတ်ထဲမှာပါ"

"ရှင်က အခုတစ်ခါတည်း ဝယ်ချင်တာလား။ စဉ်းစားချိန် ပေးမလား"

"ပေးပါတယ်။ ဟို ... အကြာကြီးတော့ မစဉ်းစားနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသည် မျက်စောင်းမထိုးမိအောင် ထိန်းထားသည်ကြားမှပင် မျက်စောင်းကား ထိုးဖြစ်အောင် ထိုးသွားမိသေးသည်။ သူက ဒါကို သဘောကျသည့်အလား ရှိန်း မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ ပြုံးနေသေးလေသည်။

"ရှင့် ဖုန်းနံပါတ်ပေးထားလေ။ ကျွန်မ စဉ်းစားလို့ရရင် ဖုန်းဆက်ပြောမယ်"

"ဟုတ်ပြီ သင့်ခ်ယူ။ ကိုယ့်နံပါတ်က (……)ပါ။ မင်းဆီကိုရော ဆက်လို့ရမလားဟင်"

သူက တောင်းပန်တိုးလျှိုးသလို မေးသော်လည်း ရှိန်းက အမြင်ကတ်နေပြီဖြစ်သဖြင့် မရဘူးဟု တုံးတိ ပိတ်ပြောလိုက်သည်။

ဒါကိုလည်း အဟုတ်မှတ်သွားပုံဖြင့် ဘာမှ ဆက်မမေးတော့။ ဘယ်လိုလူကြီးမှန်းကို မသိချေ။

"ဒါဆို ကိုယ် ဆက်မစဉ်းစားတော့ဘူးနော်။ မင်းပဲ စဉ်းစားပေးမယ် မဟုတ်လား"





"နိုင်ငံခြားမှာဆို ဒါမျိုးက ဥာဏ်ပူဇော်ခ မြိုးမြိုးမြက်မြက် ပေးရတယ်တဲ့နော်"

"ဪ … ပေးမှာပေါ့။ ဘယ်လောက်ပေးရမလဲပြော"

"ကျွန်မက အခကြေးငွေ မလိုချင်ပါဘူး။ ရှင့်ကို စိတ်နဲ့ ဝန်ဆောင်မှုပေးတဲ့အတွက် ရှင့်ဆီကလည်း စိတ်တစ်ခုကိုပဲ ပြန်လိုချင်တာပါ"

သူက အံ့သြသလိုနှင့် ငဲ့ကြည့်ကာ …

"ဘာစိတ်လဲ"

"ကျွန်မ ပြောတဲ့စကားတွေကို အမှားအမှန် ဝေဖန်ဆန်းစစ်တဲ့စိတ်"

သူက ရှိန်းရဲ့ စကားကို နားလည်ဟန်မတူသော်လည်း ဘာမှတော့ ဆက်မမေးတော့ချေ။ သို့သော် ခေါင်းညိတ်ပြုံးပြကာ လက်သင့်တော့ခံလေသည်။

အဘက်ဘက်က ပြည့်စုံလျက် အပြစ်ရယ် ပြောစရာမရှိသော သူ့ကို စင်းလုံးချောဖြစ်စေချင်သည်မှာ ရှိန်းရဲ့ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်တစ်ခုပဲ ဖြစ်ပါသည်။ ကျွန်မပြောတဲ့ စကားတွေထဲမှာ ရှင့်အတွက် စေတနာတွေချည်းပါပဲ ချန်လင်းရယ်။

ထိုနေ့က အိမ်ပြန်ရောက်သည်အထိ ရှိန်းဟာ မွန်မွန် အတွက် မွေးနေ့လက်ဆောင်ကို တကူးတကပင် စဉ်းစားပေးနေ ခဲ့မိတာလည်း ကိုယ့်ကိုယ်ကိုယ်တော့ ထူးဆန်းအံ့သြရသေးပါသည်။

❣❤❣







အလုပ်တစ်ခုခုရှိလျှင် ဘယ်တော့မှ အကြွေးမထား တတ်သော ရှိန်းဟာ အိမ်ရောက်တာနှင့်လည်း ထူးခြားမည့် မွေး နေ့လက်ဆောင်ကို စဉ်းစား၊ ထမင်းစားတော့လည်း စဉ်းစား၊ အချိန်တိုင်းစဉ်းစားကာ ကြားထဲက ကျွန်ဝယ်ရာ အဆစ်ပါလျက် ကိုယ့်အဖြစ်ကိုယ် ရယ်လည်းရယ်ချင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ည ဆယ်နာရီလောက်မှာပင် စိတ်တိုင်းကျသော တစ်ခုကို စဉ်းစားမိလျက် သူ့ထံသို့ ဖုန်းခေါ်လိုက်လေသည်။ ဖုန်းနံပါတ်တွေကို နှိပ်ရင်းမှ မိန်းကလေးတွေ အသည်းအသန် လိုချင်နေရှာသော နံပါတ်လေးပါလားဟု အတွေးရောက်ရသည်။

ဒီနံပါတ်တွေကို ဒီလို အချိန်မှာ နှိပ်ခေါ်ရမည်ဟု ဘယ်တုန်းကမှ တွေးမထားခဲ့ဖူးပေ။ သို့သော် ...။

"ဟယ်လို"

တစ်ဖက်မှ ဖုန်းဖွင့်ထူးသံ ကြားလိုက်လျှင် ရှိန်း တွေးနေသော အတွေးစတို့ဟာ ပြတ်တောက်လို့ သွားရသည်။

"အာကာချန်လင်း ... တို့ပါ"

"ဩော ... ရှိန်းမြသံစဉ်။ ဂွတ်အီးဗီးနင်း"

အရေးထဲ သူက လာနှုတ်ဆက်နေသေးတယ်။ သူကတော့ မသိပေ။ ရှိန်းကတော့ သူ့အစား နာမည်ခေါ်ရတာနှင့် မောနေပြီဖြစ်သည်။ ဒါကြောင့် အဲဒီကိစ္စကို အရင်ရှင်းဖို့ ဆုံးဖြတ်လိုက်သည်။





"ရှင် ကျွန်မနာမည် ခေါ်ရတာ မမောဘူးလားဟင်"

သူက ကြောင်သွားဟန်ဖြင့် ခေတ္တလေးတော့ တိတ်ဆိတ်သွားလေသည်။ ပြီးမှ တိုးညှင်းညင်သာသော ရယ်သံတိုးတိုးလေးဖြင့် 'ဘာဖြစ်လို့လဲ'ဟု မေးသည်။

သူဟာ လူတင်မကဘဲ အသံကပါ ဆွဲဆောင်မှုရှိသော ယောကျ်ားတစ်ယောက် ဖြစ်သည်ဆိုတာ ထပ်၍ သိခွင့်ရချေပြီ။ ဒီလို အသံမျိုးနှင့်သာ ရှိန်းကို ဖုန်းသရဲ ဖုန်းချစ်သူ လာလုပ်ကြည့် အသံကို နှစ်သက်တာနဲ့တင် ပြန်၍ အီလောက်မှာသေချာသည်။

"နာမည်အပြည့်အစုံကြီးပဲ ခေါ်နေလို့လေ"

"ကိုယ်က တိုတိုခေါ်ချင်ပါတယ်။ မင်း ခွင့်မပြုမှာစိုးတာ"

"ဘာခွင့်မပြုစရာရှိလဲ။ ကျွန်မ နားထဲမှာ အဲဒီလို ခေါ်နေတာကြီးက ပိုကန့်လန့်ဖြစ်နေသလိုပဲ။ အများခေါ်သလို ရှိန်းလို့ပဲ ခေါ်ခိုင်းပါတယ်"

"အိုခေ ... ရှိန်းမိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသည် သူ့စကားကြောင့် အတော်နားဆန်းသွားရကာ ...

"ဘာ ... ဘာရယ်။ ရှိန်းမိန်းကလေး !...။ ဘာတုံး ... ရှိန်းမိန်းကလေးဆိုတာက"

"ရှိန်းဆိုတာ မင်းနာမည်ပေါ့။ မိန်းကလေး ဆိုတာကတော့ မင်းက မိန်းကလေးမို့လို့လေ။ ကိုယ် မင်းကို ရှိန်းလို့ပဲ ခေါ်မှာပါ။ ဒါပေမဲ့ ... တစ်ခါတစ်ရံတော့ ရှိန်းမိန်းကလေးလို့ ခေါ်ခွင့်ပေးပါလို့ ...

ဘာလို့လဲ မသိဘူး။ ကိုယ့်စိတ်ထဲမှာ မင်းကို အဲဒီလိုပဲ ခေါ်ချင်နေတယ်"

ရှိန်းဟာ ထူးဆန်းသော သူ့အခေါ်အဝေါ်ကို သဘောတကျဖြင့် တဟက်ဟက် ရယ်မောမိလေသည်။ ဒီလိုဆိုတော့လည်း သူဟာ ခင်မင်ဖို့ကောင်းသော လူငယ်လေးတစ်ယောက်ဖြစ်သည်ဆိုတာ လက်ခံလာရပြီ။





"ခေါ်ပါ ... ခေါ်ပါ။ ကြိုက်သလိုခေါ်နိုင်ပါတယ်။ အဲ ... ဒါနဲ့ ရှင့်ဆီကို ကျွန်မ ဖုန်းဆက်တာ Idea တစ်ခု စဉ်းစားမိလို့လေ"

"ဟာ ... ဟုတ်လား။ ပြော ... ပြော"

ဒီတော့လည်း သူ့အသံဟာ မုန်းစရာကောင်းအောင် တက်ကြွလှုပ်ခတ်လို့ သွားပြန်သည်။ အင်းလေ ... သူလည်း သူ့ဝေဒနာနဲ့သူပေါ့။

ရှိန်းက နားလည်စွာနဲ့ ဖြေတွေး,တွေးပေးလိုက်သည်။

"ကျွန်မ စဉ်းစားမိတာပေါ့နော်။ ရှင် သုံးချင်မှ သုံးပါ။ ဇွန်မိုးအောင်ရဲ့ အကြိုက်ဆုံး ဓာတ်ပုံတစ်ခုကို လူတစ်ရပ်စာ ဓာတ်ပုံမှန်ဘောင်လုပ်ပြီး သူ့အခန်းထဲမှာ သူ မသိအောင် တိတ်တိတ်လေး ထားပေးဖို့ပါ ...

သူ့အတွက် အမှတ်တရပေါ့။ ဒါမျိုးက အနုပညာရှင်တွေပဲ လုပ်တာများပေမဲ့ သူ့ကို ပေးမယ်ဆိုရင်လည်း သူ ကြိုက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကြည့်စမ်း။ ကြိုက်မှာပေါ့။ ကိုယ် အဲဒါကို မေ့နေတာ။ သူ တစ်ခါပြောဖူးတယ်။ သူ့ဓာတ်ပုံ အကြီးကြီး လုပ်ပြီး အခန်းထဲမှာ ချိတ်ထားဦးမယ်ဆိုပြီး။ မလုပ်ဖြစ်တာ ...

ဒီကောင် Full House ဇာတ်လမ်းတွဲထဲက Rain လိုမျိုး ဓာတ်ပုံအကြီးကြီး ရှုးသွပ်နေတာ ...

ဟား ... ရှိန်းမိန်းကလေး ... မင်းက ရေလည်တော်တယ်ကွာ။ ဒီ Idea ကို မင်း ဘယ်လိုများ တွေးမိတာပါလိမ့်"

သူ့အသံက ဆန္ဒပြည့်သွားသော ကလေးငယ်တစ်ယောက်လို ဝမ်းသာမှုအပြည့်ဖြင့် ရွှင်လန်းတက်ကြွလို့နေလေသည်။

ဖွန်မိုးအောင်အတွက် အကြီးကျယ်ဆုံးသော အရာတစ်ခုကို ဖန်တီးပေးရတော့မှာမို့ ဝမ်းပန်းတသာ ဖြစ်နေတဲ့ပုံပင်။





"မင်း ဘယ်လို တွေးမိတာလဲဟင်"

သူက အလွန်အမင်း သိချင်ဟန်ဖြင့် မေးသည်။ ရှိန်းသည် စိတ်ထဲကတော့ ခပ်ချဉ်ချဉ်နှင့် ပြောနေမိသည်မှာ ရှင့်လူဟာ မိန်းမလို အလှကြိုက်၊ ရှုံးများ၊ ပဲများလွန်းလို့ ကိုယ့်ပုံကိုယ် အဲဒီလို လုပ်ထားပါလားဟု ပြောချင်နေတာဖြစ်၏။ သို့သော် စိတ်ထဲကအတိုင်းတော့ မဖြေလိုက်ပါ။

"ဒီလိုပဲ လျှောက်တွေးကြည့်တာပါ။ ရှင်က ဒီ Idea ကို မကြိုက်ဘူးဆိုရင်လည်း နောက်တစ်ခုပြောဖို့ အသင့်ရှိနေပါတယ်"

"ဟား ... မိုက်လှချည်လား။ မင်းက Brain အရမ်းကောင်းတာပဲ။ အဲဒီတစ်ခုကရော ဘာလဲ ..."

"မပြောတော့ဘူးလေ။ ရှင် ဒါကို ကြိုက်နေပြီပဲ"

သူက တစ်ဖက်မှ သဘောတကျဖြင့် ရယ်လို့သာနေလေသည်။ ရှိန်းဟာ သူ့ရယ်သံလေးကြောင့် စိတ်တော့ ချမ်းသာရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာအတွက်ကြောင့် သူ ဒီလိုရွှင်မြူးနေရသလဲဆိုတာကို သိလျှင်လည်း အပြည့်အဝ စိတ်မချမ်းသာနိုင်ပါ။

“ရှိန်းမိန်းကလေးနဲ့ သူငယ်ချင်းဖြစ်တာ အရမ်းနောက်ကျသွားတယ်”

“နောက်မကျပါဘူး။ ကဲ ... ရှင် ကြိုက်တယ်ဆိုရင် စိစဉ်ဖို့ အချိန်ရမယ် မဟုတ်လား”

“အင်း ... တစ်ပတ်လောက်ဆိုရင်တော့ မီမှာပါ။ ဖွန်ဖွန် သိရင်လည်း အရမ်းပျော်သွားမှာပါ ...

သူ့ဓာတ်ပုံတွေ ကိုယ့်ဆီမှာ ရှိတယ်။ အဲဒီထဲက အဆင်ပြေတဲ့တစ်ပုံကို ရွေးလိုက်မယ်”

“အိုခေ ... အိုခေ ... အဆင်ပြေပြီနော်။ ဒါဆို ဗွတ်ဒ်နိုက်ချ် သိလား၊ ကျွန်မ ဖုန်းချတော့မယ်”

“ဟာ ... ချတော့မလို့လား။ ဆက်မပြောတော့ဘူးလား”

“မပြောတော့ဘူးလေ။ ကျွန်မ အိပ်ချင်ပြီ။ ဘာလို့လဲ ...”





တကယ်တော့ ရှိန်း မအိပ်ချင်သေးပါ။ ဒါပေမဲ့ သူ့အကြောင်းကိုတွေးဖို့ အချိန်တစ်ခုကတော့ မအိပ်သေးခင် လိုအပ်သည် မဟုတ်ပါလား။

“ဆောရီး ... မင်း အိပ်ချင်ရင် အိပ်ပါ။ ဒါပေမဲ့ ကိုယ့်ကို မင်း ဖုန်းနံပါတ်လေးတော့ ပေးပါလားဟင်”

“ရှင် ဒီလောက် သိပ်ဆက်ချင်မှတော့ စုံစမ်းပေါ့”

ရှိန်းဟာ ပြောပြီးပြီးချင်း ဖုန်းကို ချက်ချင်း ချပစ်လိုက်လေသည်။ ပြီးလျှင် တစ်ယောက်တည်း သဘောတကျဖြင့် ရယ်မိနေမိတော့သည်။

ကဲ ... ဘယ်နဲ့ရှိစ King။ သူ့ဘဝမှာ မိန်းကလေးတွေနဲ့ ပတ်သက်လာလျှင် အင်မတန်လွယ်ကူကာ အမြင်တစ်မျိုးရှိသဖြင့် အဲဒီအမြင်ကိုလည်း ရှိန်းက ပြောင်းလဲပေးချင်သေးသည်။ စကားပြောကြည့်လေလေ ပိုပြီး သိလာလေလေဖြစ်သည့် သူတို့နှစ်ယောက်ကိုလည်း ရှိန်းက ပတ်ဝန်းကျင်ရဲ့ စကားတွေကို ပြန်ကြားသိကာ ဆင်ခြင်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ပြည့်စုံကြွယ်ဝကြလွန်းသော ကောင်လေး နှစ်ယောက်ကို စင်းလုံးချောဖြစ်စေချင်သည့် ရှိန်းရဲ့ ရင်တွင်း ဆန္ဒတစ်ခုသာ ဖြစ်ပါသည်။







အခန်း(၈)

ဇွန်ဇွန်ရဲ့ မွေးနေ့တွင် သူက ကြိုတင်စီစဉ်ထားသည့်အတိုင်း လူတစ်ရပ်စာရှိသည့် ဓာတ်ပုံကြီးကို လက်ဆောင်ပေးခဲ့သည်။ ဒါကိုလည်း ဇွန်ဇွန်တစ်ယောက် ကြိုမသိစေရပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မသိအောင် အသာလေး သွားထားထားခြင်းဖြစ်သည်။ သိလျှင်သိချင်း ခွန်ခွန်က သူ့ထံ ဖုန်းခေါ်ကာ ...

"ဟေ့ကောင် မင်း မဟုတ်လား။ ဓာတ်ပုံကြီးပို့ထားတာ"

"ဒါပေါ့၊ မင်း ကြိုက်တယ် မဟုတ်လား"

"အား ... သိပ်ကြိုက်တာပေါ့။ ငါတောင် လုပ်မယ်လို့ မင်းကို ပြောထားဖူးသားပဲ။ မင်း အဲဒါကို မှတ်မိနေတယ်"

သူက ကိုယ့်အကြောင်းကိုယ်သာ သိသည်မို့ ဘာမှ မပြောဘဲ တဟဲဟဲ ရယ်နေလိုက်သည်။ ဒါကို ခွန်ခွန်က အဓိပ္ပာယ်တစ်မျိုးတွေးကာ ...

"ဘာသံကြီးနဲ့ ရယ်နေတာလဲ။ ကောင်မ ကြည်နေပြီနဲ့တူတယ် ဟုတ်လား"

"အင်း ... အဲဒါလည်း ပါတယ်။ ဟေ့ကောင် ... မင်း ဘတ်ဒေး အစီအစဉ်က မီလျံကွိုင်ပဲနော်"

"အေးလေ ... အစီအစဉ် မပြောင်းတော့ဘူး၊ အဲဒီမှာ ခြောက်နာရီလောက် ဆုံကြမယ်"





"အိုခေ ... အိုခေ ... ဒါဆို ဘိုင့်ဘိုင်"

"မဘိုင်နဲ့ဦး ဆရာ။ မင်း ငါ့ကိုတော့ လျှို့ထားမယ်မကြံနဲ့နော်။ ရှိန်းမိန်းကလေးကို ငါလည်း ကြိုက်တာပဲ။ ဒါပေမဲ့ ထူးထူးခြားခြား မင်း အာရုံကျသွားတဲ့သူမို့ Pass ပေးလိုက်တာ"

"အေးပါကွာ။ သိပ်လည်း ခြိမ်းခြောက်မနေပါနဲ့။ ဟိုက မင်း ကြိုက်လည်း မင်းကို မကြိုက်ပါဘူး"

"ဘာလဲ ... မင်းမှ မင်းပါတဲ့လား။ အဟား ဟား ... ကြိုက်တယ်ကွာ။ ငါ့ကောင်ကြီးတစ်ယောက် ရေလည်လန်းနေတာ ဝမ်းသာပါတယ် ... လိုအပ်ရင် Idea တွေ ကူညီမယ် သူငယ်ချင်း"

"သင့်ခ်ယူ။ မင်းကိုတော့ လိုအပ်တယ်၊ ကဲ ... တွေ့မှ ပြောမယ်ကွာ။ ဟုတ်ပြီလား"

သူက တက်ကြွရွှင်လန်းနေသော စိတ်တို့ဖြင့် ပေါ့ပါးစွာ ဖုန်းချလိုက်သည်။ အာရုံထဲတွင် ခွန်ခွန် ပြောသွားသော ရှိန်း



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးရဲ့ ပုံသဏ္ဍာန်တွေကို ပြန်မြင်ယောင်လာလျက် ရင်ထဲတွင် နွေးထွေးငြိမ့်ညောင်းလာတာကိုလည်း သတိထားမိသည်။ မိန်းကလေးတစ်ယောက်အတွက် သူ ဒီလို ခံစားရဖူးခြင်းမှာ ဒါဟာ ပထမဆုံးပဲဖြစ်သည်။ မိန်းကလေးတွေနှင့် ပတ်သက်လာလျှင် အမြဲတမ်း စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသော သူ့အတွက် ဒီခံစားမှုဟာ မက်မောချင်စရာကောင်းလောက်အောင်ကို နူးညံ့ချိုမြိန်လို့နေသည်။

အဲဒီနေ့ကျ မီလျံကွိုင်မှာ ဖွန်ဖွန့် မွေးနေ့ကျင်းပကြတော့လည်း မွေးနေ့ရှင်ထက် သူ့အကြောင်းကသာ ပို၍ စိတ်ဝင်စားဖို့ကောင်းနေသည်။

အထူးသဖြင့် ဘတ်ဒေးလက်ဆောင် Ideaကို သူ ပေးခဲ့သည် ဆိုသော အဖြစ်ကို သူငယ်ချင်းတွေက ဝိုင်းကျပ်၍ မဆုံးပေ။

"ဟော့ကောင် မှန်မှန်ပြောစမ်း။ ဒါဆို မင်းတို့ အခြေအနေက ဘယ်လိုလဲ"





"အခြေအနေကတော့ ဂွတ်ဒ်မှာပါပဲ။ Idea တွေတောင် ပေးတယ်ဆိုတော့"

"သြော် ... လက်စသတ်တော့ ငါ့ အသည်းလေးက ငါ့ အကြိုက်ကို သိနေတာကိုး။ ဟော့ကောင်တွေ သူ့ကို ဘာမှ သွားမေးမနေနဲ့တော့။ ရှိန်းမိန်းကလေးက ငါ့ကို ထိနေတာကွ။ စဉ်းစားကြည့်လေ ...

ငါ့အကြိုက်ကို သူ တွေးပေးနိုင်တယ် ဆိုကတည်းက ရင်ဘတ်ချင်း နီးနေပြီနော်။ ငါနဲ့ ဖူးစာပါလာပုံရတယ် ... ဟဲ ဟဲ ဟဲ"

ဖွန်ဖွန်က နောက်သလိုလိုဖြင့် အတည်ပြောသလိုလို လုပ်နေလျှင် ထိုစကားကို သူက မခံစားနိုင်ချေ။

"ဟော့ကောင် မဟုတ်တာ လျှောက်ပြောမနေနဲ့နော်။ ငါက အကူအညီတောင်းလို့ စဉ်းစားပေးရတာ"

"ဒါဆို မင်းက သူ့ကို Heart မထိဘူးလား ပြော"



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီအမေးကိုတော့ ချက်ချင်း မဖြေနိုင်ချေ။ သူမကို ချစ်နေလား၊ မချစ်နေဘူးလားဆိုတာ သူ့ရင်မှာ မသေချာသေး။ သို့သော် မချစ်ဘူးဟူ၍လည်း ယတိပြတ် မပြောနိုင်ပါ။

"ငါ မပြောတတ်ဘူးကွ"

သူ့ပုံစံကို နောင်ဂျိန်က ပြုံးစိစိ ကြည့်ကာ ...

"အဲဒီ မပြောတတ်ဘူး ဆိုတာကိုက ချစ်ချင်သလိုလိုကို ဖြစ်နေပြီ"

သူ မျက်မှောင်ကုတ်၍ ပြောနေပုံကို သူငယ်ချင်းတွေက အထူးအဆန်းသဖွယ်ပင် ဝိုင်း၍ လှောင်ကြလေသည်။ သူ ဖြစ်နေပုံကို ဆက်မလှောင်ရက်သော ဇွန်ဇွန်ကမူ ...

"ကဲ ကဲ ... ပြောကြည့် ... ပြောကြည့်။ မင်း ခံစားချက်လေး နည်းနည်းလောက် ထုတ်ပြလိုက်။ အချစ် ဟုတ်မဟုတ် ကိုယ် စစ်ဆေးပေးမယ်"

"ငါ့ ခံစားချက်ကတော့ သူနဲ့ကျရင် နှလုံးသားမှာ ငြိမ်းအေးသွားတယ်ကွာ၊ ဟိုးအရင် သူနဲ့ ငါနဲ့ စတွေ့တုန်းက





အဆင်မပြေတာတွေ ရှိခဲ့ပေမဲ့ အခုချိန်မှာကျတော့ အဲဒီ အတိတ်ဟာ သင်းသင်းလေး လွမ်းစရာ ကောင်းနေသလို ပဲ"

"အလဲ့ ... ဟုတ်လာပြီ ... ဟုတ်လာပြီ။ ဆက်ပြော"

သူငယ်ချင်းတွေက မြှောက်ပေးသဖြင့် သူက စိတ်အားတက်ကြွကာ ရင်ထဲက ဖီလင်တွေ ပို၍ ဖွင့်ပြချင်လာသည်။

"ပြီးတော့ သူ့ကို သဘောကျတာလည်း ပါတယ်ကွ။ သူက တခြားမိန်းကလေးတွေနဲ့ မတူဘူး။ စိတ်ဓာတ်က ရိုးသားပွင့်လင်းတယ်။ နောက် သူတစ်ပါးကို ကူညီတတ်တယ်။ သူနဲ့ စကားပြောကြည့်လေလေ ပိုစိတ်ဝင်စားစရာ ကောင်းလေလေပဲလို့ လက်ခံလာရတယ်"

"အဲဒါက မင်း ဦးနှောက်က အတွေးကွ။ ငါ မေးနေတာက မင်း ရင်ဘတ်ကြီးထဲက ကဗ္ဗာတွေကို မေးနေတာ"

"ရင်ဘတ်ထဲက ကဗ္ဗာကတော့ ငါ သိပ်မသိဘူးကွာ။ အစောန ပြောသလောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ လှတယ်ကွာ၊ အဲဒါကိုရော မင်း မခံစားဖူးလား"

အလှတဲ့။ စောကြီးပြောမှ သူမဟာ သိပ်လှပပါလား

ဟု သူ ပြန်သတိရမိတာဖြစ်၏။

ရယ်လိုက်လျှင် သွားဖွေးဖွေးလေးတွေ လှစ်ခနဲ ပေါ်လာလျက် မျက်ခုံးလေး တပင့်ပင့်ဖြင့် စကားပြောတတ်ပုံ ဟာ သူမကိုယ်သူမတော့ မိန်းမလှတစ်ယောက် ဟု သတ်မှတ်ပုံ မရချေ။

သူကလည်း အဲဒီ အလှအပတွေကို မေ့လျော့ခဲ့တာ ဖြစ်ပါသည်။

"အဲဒီ အလှတွေကြောင့်တော့ မဟုတ်ဘူး"

"ကိုယ်ဟာ မင်းကို လှလို့ ချစ်တာမဟုတ်၊ ချစ်လို့ လှတာပါပေါ့"

"ကဲ ... မင်းက ချစ်လားဆိုတော့လည်း ချစ်တယ်မပြော နိုင်ဘူး၊ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် စမ်းသပ်ကြည့်တာ အကောင်းဆုံးပဲ။ မင်း သူ့ကို တစ်ပတ် နှစ်ပတ် ... အို ...





နေနိုင်သမျှကွာ မတွေ့ဘဲနေကြည့်။ ဖုန်းလည်း မပြောနဲ့၊ သူ့အကြောင်းလည်း မစဉ်းစားနဲ့၊ ဖြစ်နိုင်လား လုပ်ကြည့်"

"အဲဒါဆို ဘာဖြစ်မှာလဲ ..."

ဇွန်ဇွန်က သူ့ကို ပိန်းလိုက်တာဟူသော အကြည့်မျိုးဖြင့် ...

"မင်း ရင်ထဲက သူ့အတွက် အဖြေကို တိတိကျကျ သိရမှာလေ ငပိန်းရဲ့"

တခြား သူငယ်ချင်းတွေကလည်း ထောက်ခံမှု အပြည့်အဝဖြင့် အဲဒီအတိုင်းမဲ အကြံပေးကြသည်။ သူမကိုမတွေ့၊ မကြည့်၊ စကားမပြောရတဲ့လား။

နောက်ဆုံး အတွေးထဲ မှာတောင် မရှိစေရ ဆိုပါ လား။

ဟင်း ... ဘယ်လိုဖြစ်နိုင်မလဲ ရှိန်း မိန်းကလေးရ။

သူဟာ အဲဒီအကြံအစည်ကို လက်တွေ့တောင် အကောင်အထည်မဖော်ရသေး။



www.burmeseclassic.com

www.burmeseclassic.com



ရင်က မောသွားချေပြီ။ လက်တွေ့ အကောင်အထည် ဖော်လျှင် ဘယ်လိုဖြစ်လာမလဲ မသိချေ။

တကယ်တော့ သူ့စိတ်ကို အဲဒီ အခြေအနေမှာပဲ နားလည်ဖို့ ကောင်းနေခဲ့ပြီဖြစ်သည်။ သို့သော် သူက အချစ်ရဲ့ ဖွားဖက်တော် အလွမ်းရဲ့ အရသာကိုလည်း ခံစားဖူးချင်လေသည်။

❣❤❣







သူမနဲ့ မတွေ့အောင် ရှောင်ဖို့ဆိုတာက ကျောင်းမတက်မှ ဖြစ်မည်မို့ သူက တစ်ပတ်လုံးလုံး ကျောင်းမတက်ဖြစ်ချေ။

အဲဒီ တစ်ပတ်လုံးဟာ သူ့အတွက်တော့ ဘယ်လို အဓိပ္ပာယ် ဖွင့်ရမည်မှန်း မသိသော ရက်သတ္တပတ်တစ်ခုသာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် မတွေ့ဖြစ်အောင် တမင်ရှောင်ထားသော ရက်တွေမှ အဓိပ္ပာယ်မရှိတာလားဟုတော့ မဝေခွဲတတ်တော့။

အဓိပ္ပာယ်မရှိသော နေ့တွေကတော့ အမှန်ပဲဖြစ်သည်။ ပြီးတော့ လူဆိုတာက မတွေ့ရလေလေ ပိုတွေ့ချင်လာလေလေလားတော့ မပြောတတ်ပေ။

သူမကို အလွန်အမင်းလည်း တွေ့ချင်သည်။

အသံလေးကို ကြားချင်ကာ စကားတွေလည်း အလွန်ပြောချင်လှပါသည်။

ဒါကြောင့် ငါးရက်မြောက်နေ့မှာတော့ ဘယ်လိုမှ မနေနိုင်တော့သဖြင့် သူမတို့ လမ်းထိပ်သို့ ညနေစောင်းစောင်းလေးမှာ သွားချောင်းကြည့်ခဲ့သေးသည်။

စာအုပ်အငှားဆိုင်သို့ ထွက်ခွာသွားသော သူမကို ကလေးငယ်တစ်ယောက်လို လွတ်လပ် ပေါ့ပါးသော ပုံစံလေးနှင့် တွေ့လိုက်ရလျှင် ချစ်သည့်စိတ်က အတိအကျ ခိုင်မာလို့သွားခဲ့တော့သည်။





သူ အိမ်ပြန်ရောက်လာလို့ အိပ်ခန်းထဲ ဝင်လိုက်လျှင် သူ့ခုတင်ပေါ်မှာ ပက်လက်လှန်နေသော ဖွန်ဖွန်က မိန့်မိန့်ကြီး ပြုံးလျက် အသင့်အနေအထားဖြင့် စောင့်၍ကြိုနေသည်။

“ဒါက ဘယ်က ကြွချီတော်မူလာရတာလဲ”

“ဟိုနား ဒီနားပေါ့ကွာ”

သူက ဘာမှ မဖြစ်သလို ပြန်ဖြေကာ ရေချိုးခန်း ဝင်ဖို့အတွက် အင်္ကျီဆွဲချွတ်လိုက်လျှင် ဖွန်ဖွန်က ခုတင်ပေါ်မှ လူးလဲထလာကာ ...

“ဟော့ကောင် .. မင်း မညာနဲ့နော်။ ဘယ်တုန်းက မင်း တစ်ယောက်တည်း သွားပတ်ဖူးလို့လဲ၊ မင်း ရှိန်းမိန်းကလေးကို သွားချောင်းလာတာ မဟုတ်လား”

“သိရင်လည်း မေးမနေနဲ့တော့ကွာ”

သူက ချွတ်ထားသော အင်္ကျီနှင့် ဖွန်ဖွန့်ကို ပစ်ပေါက်လိုက်လျှင် ဒီကောင်က သူ့ထံ အလူးအလဲ ပြေးလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရေချိုးခန်းတံခါးကို အမြန်ပိတ်သော်လည်း မမီတော့။

ဇွန်ဇွန်က သူ့လက်မောင်းကို လက်သီးနှင့်ထိုးကာ—

"ဟော့ကောင် … မင်း ပြောစမ်း၊ ဘာကိစ္စ မင်းက လျှို ထားရတာလဲ ပြော"

"မင်းကို မယုံလို့"

"အောင်မာ … ငါ လုပ်လိုက်ရ သေတော့မယ်၊ အခု မိန်းမကောင်းမှန်း သိနေတဲ့ ကောင်ကများ …

တော်သေးတာပေါ့ကွာ၊ မင်း အစိုမှန်း သေချာ သွားလို့"

"ခွေးကောင် မင်းက ငါ့ကို အခြောက်လို့ ပြောတာပေါ့လေ နာပေတော့"

သူက ရေပိုက်ကို ဖွင့်ကာ ဇွန်ဇွန့်ထံ ရေတွေနှင့် လှမ်းပက်လိုက်လျှင် အပြတ်အသတ် ရှိုင်းလာသော ဇွန်ဇွန် တစ်ကိုယ်လုံး ရေတွေ ရွှဲနစ်သွားတော့၏။





တဟီးဟီး တဟားဟားနှင့် ပွဲကျနေသော သူတို့ နှစ်ယောက်မှာ အန်တီဆွေ လာရောက်တော့မှပင် လူချင်းကွဲတော့ သည်။

"အမလေး … ဘယ်လို ဖြစ်ရတာလဲ။ ကလေးမဟုတ် သူငယ်မဟုတ် ဆော့နေကြတယ်၊ ချန်ချန်ရေ မင်း ဟန်ဒ်ဖုန်း က မြည်နေတာ ကြာလှပြီနော်"

"ဟာ … ဟုတ်လား၊ ပေး … ပေး … Pleaseအန်တီဆွေ၊ တစ်ဆိတ်လောက် ဖုန်းလေး ယူပေးပါလားခင်ဗျာ"

အန်တီဆွေက ဖုန်းယူပေးလျှင် သူက အလျင်အမြန် ပင် ဖွင့်နားထောင်လိုက်သည်။

ဖုန်းမဖွင့်ခင် သူ့ဖုန်းမှာ ပေါ်နေသော နံပါတ်လေး ကိုလည်း အသေအချာ မှတ်သားထားလိုက်ပါသေးသည်။

"ဟယ်လို … အာကာချန်လင်းပါ"

"ကျွန်မပါ"



www.burmeseclassic.com

www.burmeseclassic.com



နာမည်မပြောသော်လည်း ဒီအသံလေးဟာ ဘယ်သူ့အသံဆိုတာ သူက သေချာစွာ သိနေသည်မို့ နှလုံးသားက အပျော်တို့ဖြင့် လှိုက်ခနဲ ခုန်သွားခဲ့ပါသည်။ သူမ သူ့ထံကို ဖုန်းဆက်လာတယ်။

"ရှိန်းမိန်းကလေး မဟုတ်လား ပြော"

"မပြောခင် မေးရဦးမယ်၊ ဖုန်းခေါ်နေတာ အကြာကြီးပဲ၊ လိုင်းဝင်ပြီး မကိုင်ဘူး။ ပြန်ဖြုတ်သွားပြီး နောက်တစ်ခါ ထပ်ခေါ်တော့လည်း အကြာကြီးပဲ စောင့်ရတယ်"

"ဪ ... အဲဒါက အဟဲ ..."

သူ့ရဲ့ ပြုံးဖြဲဖြဲ မျက်နှာကို အမြင်ကတ်လာဟန်တူသော ဖွန်ဖွန်က ရေနဲ့ လှမ်းပက်လျှင် သူက အမှတ်တမဲ့ဖြင့် ကုန်းအော်မိသည်။

"ဟေ့ကောင် ဖုန်း ရေစိုကုန်မယ်ကွ"

"ဟယ် ... ရှင် ဘာပြောတာလဲ"





"ဪ ... ဆောရီး ... ဆောရီး၊ မင်းကို ပြောတာ မဟုတ်ပါဘူး၊ ဟိုကောင်လေး ဖွန်ဖွန်၊ ရေနဲ့ လှမ်းပက်နေလို့"

"ရေကူးကန် ရောက်နေတာလား"

"အဟဲ ... ရေကူးကန် မဟုတ်ပါဘူး။ ကိုယ်တို့ ရေချိုးခန်းထဲမှာ ရေဆော့နေကြတာ"

"ဟင် ... ရေဆော့နေတယ်။ ရေချိုးတာကို ပြောတာလား"

သူမ အသံက အံ့သြတကြီး ဖြစ်နေတာမို့ သူက ဟက်ဟက်ပက်ပက် ရယ်မိသည်။ ဖွန်ဖွန်က ပြိတ္တာမြူးနေတယ်ဗျို့ဟု လှမ်းအော်သဖြင့် အသံပြကြီးက ဖုန်းထဲဝင်သွားလျှင် သူမက အသက်ရှူသံပြင်းပြင်းနှင့်ကို စိတ်ဝင်တစား နားထောင်၍နေလေသည်။

"ဟို ... ရေချိုးနေတယ် ဆိုရင်လည်း နောက်မှ ပြန်ဆက်ပါ့မယ် အာကာချန်လင်း"

"ဟာ ... ရပါတယ် ပြောပါ၊ ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟိုဟာလေ ... မနက်ဖြန်ကျရင် မြရိပ်ညိုမှာ ဈေးရောင်းပွဲတော် ရှိတယ်၊ အဲဒီကရတဲ့ ငွေတွေကို အမျိုးသမီးဂေဟာကို လှူမှာပါ ..."

အဲဒါ အဲဒီပွဲလေးကို လာအားပေးပါဦးလို့ ရှင်တို့တစ်ဖွဲ့လုံးကို လှမ်းဖိတ်တာပါ၊ အဆင်ပြေတယ်ဆိုရင် လာခဲ့စေချင်ပါတယ်"

"လာမှာပေါ့။ မင်းက ဘာရောင်းမှာလဲ"

"ဝက်သားတုတ်ထိုး"

"ဟား ... စိတ်ချ။ အများကြီးအားပေးမယ်။ ကိုယ်တို့တစ်ဖွဲ့လုံးက တုတ်ထိုး သိပ်ကြိုက်တာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ဆက်ဆက်လာခဲ့နော်။ ရှေ့ရှိုးရင်းတန်းလန်းကြီးနဲ့ မဟုတ်လား၊ ဖျားနေဦးမယ်"

"အင်း ... ဒါဆို မနက်ဖြန်မှ တွေ့မယ်နော်။ ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်"





သူမက တိုးတိတ်သက်သာစွာ ပြန်လည်နှုတ်ဆက်ကာ ဖုန်းအရင်ချသွားခဲ့သည်။ လက်ကိုင်ဖုန်းကို ကိုင်လျက်သား ပြုံးပြုံးကြီး ဖြစ်နေသော သူ့ကို ဇွန်ဇွန်က နောက်ထပ် ရေနွေး လှမ်းပက်တော့မှပင် သတိပြန်ကပ်တော့တာဖြစ်၏။

"ဘာတဲ့လဲ။ အခြေအနေကတော့ လန်းပုံပါ၊ မင်း ကျောင်းမတက်တာကို လှမ်းမေးတာလား"

"မဟုတ်ဘူး၊ မနက်ဖြန် မြရိပ်ညိုမှာ ဈေးရောင်းပွဲတော်ရှိတယ်၊ အဲဒါကို လှမ်းဖိတ်တာ။ မင်းတို့လည်း ပါတယ်"

"ဟုတ်လား၊ ရှိန်းလေးကို ရင်ခုန်ရဦးမှာပေါ့"

"မင်းနော် ... လျှောက်,လျှောက်မပြောနဲ့ကွာ"

သူက မျက်နှာမှုန်မှုန်နှင့် ဆိုလျှင် ဇွန်ဇွန်က တဟားဟားနှင့် အော်ရယ်လျက် ...

"မင်းကို တမင်နောက်နေတာပါကွာ။ မင်း တကယ် Heart ထိရိုးမှန်ရင် ငါက မနောက်တော့ပါဘူး။ မင်း သူ့ကို ချစ်တယ်ဆိုတာ သေချာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ဒီတစ်ခါမှာတော့ အဖြေကို ပြန်ပြော ဖို့ရာ နောက်မတွန့်တော့ပေ။ ကြည်လင်ဝင်းပသည့် မျက်နှာတစ်ခု ကို မမြင်ရလျှင် ရင်မှာ ဘယ်လောက်လွမ်းဆွတ်ရကြောင်း နှလုံး သားက သိခဲ့ပြီဖြစ်၏။ သူဟာ ခိုင်မာသော လေသံဖြင့် ...

"သူ့ကို ချစ်တယ်။ အမြန်ဆုံးလည်း Propose လုပ်တော့ မယ်"

❣❤❣







"ငါတော့ အမြန်ဆုံး တားမြစ်သတိပေးမှ ဖြစ်တော့မယ် အေမီ"

တယ်လီဖုန်းကို ချရင်း အထိတ်တိတ် အလန့်လန့် ခံစားဖြင့် ပြောလိုက်သော ရှိန်းကို အေမီက နားလည်သော်လည်း အလွန်အမင်း သိချင်သည့် မျက်လုံးများဖြင့် ကြည့်၍ လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အေမိကလည်း ရှိန်း ဖုန်းပြောနေရာ တစ်ချိန်လုံး မှာ အနားရှိနေသူဖြစ်သဖြင့် အားလုံးကို ကြားနေရတာဖြစ်၏။

"ဘာဖြစ်လို့လဲ ရှိန်း"

"သူတို့က ရေတောင် အတူတူချိုးတာတဲ့"

အေမိရဲ့ မျက်လုံးတွေက ပုစွန်လုံးလောက် ပြူးထွက် လာပြီးလျှင် ...

"ဟယ် ... အဲဒါ နင့်ကို ပြောပြတယ်"

"အမှတ်မထင် သိခွင့်ရလိုက်တာပါ။ သူ ဖုန်းပြောနေတော့ ဇွန်မိုးအောင်က ရေနဲ့ လှမ်းပက်တယ်နဲ့တူတယ်၊ အဲဒါ သူက မပက်နဲ့လို့ ပြောရင်းမှ ငါက သိသွားတာ"

ရှိန်းဟာ ပြောရင်းမှ မျက်နှာပျက်သထက်ပျက် လာသည်။

သူဟာ ရှိန်းနဲ့ စကားပြောတော့လည်း စကားသံ ဟာ နူးညံ့ချိုသာကာ တက်ကြွလို့နေသည်။ သူ့ကို လေ့လာကြည့် သလောက်တော့လည်း နွဲ့နေသည့်ပုံစံလည်း မတွေ့ရ။





ဇွန်မိုးအောင်ကမှ နီးနား နီးစပ်ပါသေးသည်။ အို ... ဒီလိုဆိုတော့လည်း သူ့ကို သူငယ်ချင်းကောင်း ပီသစွာ ဖျောင်းဖျ သတိပေးဖို့သာပဲ ရှိတော့တာပေါ့။

"နင် ပြောမယ်ဆိုရင်လည်း စကားလုံးလေး ဘာလေး သေချာရွေးဦးနော်၊ ဒါမျိုးက အနာပေါ် တုတ်ကျသလို နာတတ်တယ်ဟဲ့"

"အေးပါ ငါ သိပါတယ်။ ဘယ်သူကတော့ တုတ်ထိုးအိုး ပေါက် သွားပြောမလဲဟဲ့"

အေမိက စေတနာတွေ စိုးရိမ်ရေမှတ်ရောက်နေသော ရှိန်းကို စူးစမ်းမျက်လုံးများဖြင့် ပြုံးစစ စိုက်ကြည့်လာလျက်မှ ...

"နင်လည်း ဒီတစ်ယောက်နဲ့မှ သည်းနေတယ်၊ အစပိုင်းက မတည့်ခဲ့လို့သာ တော်တော့တယ်နော် ...

မိန်းမ ... ညည်းဗျာ သူ့ကို ရိုးရဲ့လား ပြောစမ်း"

"ရိုးပါတယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရိုးတာလဲ မယုံဘူး။ ဒီလောက်တောင် စေတနာပိုနေရင်လည်း သဲကိုးဖြာသုံးပြီး တစ်ခါတည်း ပြုစားလိုက်ပေါ့ဟာ ... ဒါဆို နင့်ဘက်ကို အပိုပါလာမှာပါ"

"ဟာ ... အဲလိုတွေ လျှောက်မလုပ်ချင်ပါဘူး အမေမိကလည်း။ သူနဲ့ ဖွန်မိုးအောင်နဲ့က အရမ်းချစ်ကြတာ။ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်ကုန်မယ်၊ ငါ သူ့ကို အေးအေးဆေးဆေး ဖျောင်းဖျမှာပါ"

"သူ့ကို ဘယ်လို မျက်နှာနဲ့ နင် ပြောမှာလဲ"

"မျက်နှာချင်းဆိုင်ကြီးတော့ မပြောရဲဘူး၊ နည်းနည်းတော့ ငုံကြည့်ပြီး ပြောမှာပေါ့"

"တစ်ချက်လေးတော့ ငုံကြည့်ဖြစ်ပြီပေါ့လေ"

အမေမိရဲ့ စကားကို ရှိန်းက နှာခေါင်းရှုံ့ပြီး ပြုံးမိသော်လည်း ရင်ထဲမှာ မပေါ့မပါး ဖြစ်နေတာတော့ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ ဖြစ်လေသည်။

❣❤❣







အခန်း(၉)

စတိတ်ရှိုးပွဲတွေ၊ တခြားပွဲတွေကိုသာ ရောက်ဖူးကြသော သူတို့အတွက် ဈေးရောင်းပွဲတော်က ထူးတော့ထူးဆန်းနေတာဖြစ်သည်။ အနုပညာရှင် တော်တော်များများကို ကိုယ်စိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီ ဈေးရောင်းနေတာ တွေ့ရလျှင် သူတို့တစ်အုပ်စုလုံး တပြုံးပြုံးနှင့် သဘောတွေကျလျက်ရှိ၏။

မြရိပ်ညိုတစ်ခုလုံး ဈေးရောင်းသူ ဝယ်သူတွေနှင့် စည်ကားနေလေရာ သူတို့ပါ ပျော်ရွှင်လို့လာလေသည်။

"ဟော့ကောင်တွေ ရှိန်းကို ရှာကြပါဦး၊ ရှိန်း … ရှိန်း"

"နေစမ်းပါဦး၊ မင်း ရှိန်းက နောက်မှ၊ ဟိုမှာ Talents က မော်ဒယ်လ်လေးတွေ ရှောက်သီးသုပ် ရောင်းနေရာ သွားစားရအောင်"

"ဟိုမှာ … ဟိုမှာ … ချစ်သုဝေက ပူဖောင်းရောင်းနေတယ် အဲဒါ အရင်သွားဝယ်မယ်"

သူ့သူငယ်ချင်းတွေက အထဲရောက်သွားလျှင် သူနှင့် ရှိန်းထက် တခြားအရာတွေကိုပဲ စိတ်ဝင်စားကုန်ကြကာ လုံးဝ တော့မလို ဖြစ်နေ၍ သူ့မှာ မနည်းဆွဲရသည်။

"ဟော့ကောင်တွေ လာပါကွ၊ အဲဒါပြီးမှ သွားပါ။ တုတ်တိုး အရင်သွားစားရအောင်ပါ။ တုတ်တိုးက ကောင်းပါတယ်"





"မင့် ဘယ်သူပြောလဲ"

"အေးလေ … မင့် ကျွေးမှာလား"

စောကြီးနှင့် နောင်ဂျိန်တို့က တောအဘိုးကြီးလေသံ တွေနှင့်ပြောကာ သူ့ကိုကျပ်ကြသည်။ သူ့ မျက်လုံးတွေက ရှိန်း ရှိမည့်နေရာသို့ ဟိုဟိုဒီဒီ ရှာဖွေလျက်သားမှ …

"ဘယ်တုံးက မကျွေးဖူးလို့လဲ၊ ရှာစမ်းပါဦးကွ"

"တအားကို တွေ့ချင်နေပြီ"

"တောက် … ဖ ချားကျစရာကောင်းလိုက်တာကွာ။ မိန်းမ တွေကို ဘယ်တုန်းကမှ ကြည့်မရတဲ့ကောင် အခုတော့ ကျွတ်နေပြီ၊ ဒါတောင် ဟိုက လမ်းကြောင်းရှင်း မရှင်း မသေချာသေးဘူး"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ပြောနေ သော်လည်း သူက ဘာမှ ပြန်မပြောနိုင်အားသေးဘဲ ရှိန်းကို ရှာဖွေလျက်ရှိသည်။ ဝက်သားတုတ်ထိုးရောင်းမှာတဲ့။ တုတ်ထိုး ဆိုင် ဘယ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာချေ။ သူ ချစ်နေမိပြီဖြစ်သော ရှိန်းကို ဗေထရွန်ဝတ်လျက် ကြိမ်ခြင်းတောင်း အကြီးကြီးဖြင့် ဝက်သားတုတ်ထိုးတွေ ပျော်ပျော်ကြီး ရောင်းနေတာကို တွေ့လိုက်ရလေသည်။

အဲဒီ တစ်ခဏမှာ သူ့ရင်ထဲ၌ ဘယ်လိုပြီးပြည့်စုံသွားလဲ ဆိုတာ ပြောပြလို့တောင် မရချေ။

အဲဒီ ခံစားမှုမျိုးနှင့် ပြီးပြည့်စုံခြင်းတစ်မျိုးကို အခုချိန်မှာ သူ စတင်ခံစားဖူးတာလည်းဖြစ်၏။

ကိုယ် သိပ်တွေ့ချင်နေသော လူတစ်ယောက်ကို အဝေးကနေပဲ လှမ်းမြင်ရရုံနှင့် ရင်ထဲမှာ ငြိမ်းချမ်းသွားမိတာ ဒါ ပထမဆုံးပင်။

"ဟို ... ဟိုမှာ ရှိန်း"

သူ မမြင်သေးဘူး အထင်နှင့် ဖွန်ဖွန်က ဝမ်းသာအားရအော်ကာ လက်ညှိုးထိုးပြလျှင် သူက မျက်စောင်းတစ်ချက်ပိတ်ထိုးပစ်ကာ အဲဒီလက်ကို ပုတ်ထုတ်ပစ်လိုက်သည်။





"အော်မနေနဲ့ မြင်ပြီးသား"

"ဟား ... လုံးဝကို Seriousဖြစ်နေတာပါပဲလား။ ကဲ ... ရဲဘော်တို့ရေ ဟိုရှေ့ရောက်ရင်လည်း မျက်နှာရိပ် မျက်နှာကဲသာ ကြည့်နေကြပေတော့"

သူတို့ အုပ်စု ရှိန်းရဲ့ ဝက်သားတုတ်ထိုးဆိုင်လေးရှေ့သို့ ရောက်လာကြသည်။ ရှိန်းက သူတို့ကို မမြင်သေး။ အားကြီးမာန်တက်ဖြင့် ဓားမတိုတစ်ချောင်းကိုင်ကာ အသားတွေကို သွက်သွက်လက်လက် လှီးလျက်ရှိ၏။

အရှေ့မှာ ဆိုင်နာမည်လေးကိုလည်း ထောင်ထားသေးရာ သူက ဖတ်ပြီး တိတ်တဆိတ် ပြုံးလိုက်မိသည်။ 'စွဲနေပြီ တုတ်ထိုး' တဲ့။

သူတို့အုပ်စု ဆိုင်ရှေ့မှာ ဝင်ရပ်မိလိုက်လျှင် ရှိန်းက အလိုလို မော်ကြည့်လျက် ဝမ်းသာအားရ နှုတ်ဆက်လေသည်။

"ဟော ... ရောက်လာကြပြီလား၊ လာ လာ ... ထိုင်ကြ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့က သောပတ်ပတ်လည်မှ ခုံပုလေးများတွင် ဝင်ထိုင်လိုက်ကြလျှင် ရှိန်းက ပြုံးရွှင်သွက်လက်သော မျက်နှာထားဖြင့် ...

"ကဲ ... ဘာစားကြမလဲ၊ ဘာလှီးပေးရမလဲ"

သူက သူငယ်ချင်းတွေကို ဦးစားပေးသောအားဖြင့်

"ဟော့ကောင်တွေ မင်းတို့ကြိုက်တာ ပြောလိုက်လေ"

"ကျွန်တော်က အစုံစားတယ်၊ ဒါပေမဲ့ အမှုများများလှီးပေး ဟဲ ဟဲ"

"သားကတော့ အသည်းမစားဘူး၊ နားရွက်ပေါပေါ ထည့်ပေးပါ"

"ကျွန်တော်က ခေါင်းရယ်၊ လျှာရယ်၊ အဆီအခေါက်ရယ်"

ရှိန်းက သူ့သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်မှာကြားတာကို ပြုံးပြုံးဖြင့် မှတ်သားကာ တစ်ပွဲပြီးတစ်ပွဲ ပြင်ဆင်ပေးလျက်ရှိ၏။ သွက်သွက်လက်လက် လှီးဖြတ်နေသော ရှိန်းကို သူ့သူငယ်ချင်းတွေက သဘောတကျဖြင့် နောက်လျက်ရှိသည်။





"လက်သွက်လှချည်လား ရှိန်းမြသစ်ဉ်၊ ကျောင်းပြီးရင်တော့ အလုပ်ဖြစ်မယ်နဲ့ တူတယ်နော်"

"ဟုတ်တယ်၊ ကျွန်မ ဒီမှာ မရောင်းခင် အိမ်မှာ ခဏခဏ လုပ်စားတော့ လှီးတာ ကျွမ်းကျင်နေတာ"

"ဒါလည်း ခင်ဗျား ကိုယ်တိုင် လုပ်တာလား"

"အင်းပေါ့။ စားကြည့်။ ကောင်းရင် နောက်ရက်တွေလည်း လာအားပေးဦး"

"မြည်းမယ်နော် ... ဟဲ ဟဲ"

ဖွန်ဖွန်က တုတ်ထိုးထားသော နားရွက်တစ်ဖက်ကို အချဉ်ရည်နှင့် ကောက်ယူတို့၍ မြည်းကြည့်ကာ ...

"ဟား ... လက်ရာကတော့ ဆယ့်ကိုးလမ်းက လက်ရာအတိုင်းပဲ၊ အရမ်းကောင်းတယ် ရှိန်းမိန်းကလေး"

ရှိန်းက ချစ်စဖွယ် မျက်စောင်းလေးထိုးကာ 'လာပြန်ပြီလား ရှိန်းမိန်းကလေး'ဟု ရေရွတ်လျှင် သူက ဖွန်ဖွန့်ကို အကြီးအကျယ် မနာလိုဖြစ်သွားရ၏။ ဖွန်ဖွန်ဆိုသော တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ အင်မတန်ညှုထုတ်တတ်လျက် ကောင်မလေးတွေ ကြွေအောင် လုပ်တတ်သည်ဆိုတာ သူ သိသည်။

မဖြစ်တော့။ သူ ရှိန်းကို မြန်မြန် Propose လုပ်မှပဲ ဖြစ်တော့မည်။

"ပြည်မကြီးကလာတဲ့ တုတ်ထိုးရောင်းသော ရှိန်းမိန်းက လေးလေ ... ဟား ဟား "

သူငယ်ချင်းတွေက ပန်းကန်တွေ ရသွားကာ အသီးသီးစားနေကြပြီဖြစ်၍ သူ့အလှည့်သို့ ရောက်လာသည်။

"ကဲ ... ဒီက မောင်ချန်လင်းကရော ဘာကြိုက်လဲ"

ရှိန်းက သူ့ကို မေးဆတ်ပြ၍ တရင်းတနှီးမေးလျှင် သူ့ရင်မှာ ဘယ်လို ငြိမ့်ခနဲ ဖြစ်သွားမှန်းကို မသိပေ။

သူငယ်ချင်း တွေက အထာပေါက်သဖြင့် ပြုံးစိစိတွေ ဖြစ်ကုန်ကြသည်။

"ရပါတယ်။ ကိုယ်က အကုန်စားတယ်"

"အစုံပေါ့၊ ရမယ်နော်"





ရှိန်းရဲ့ လက်လေးတွေက သွက်သွက်လက်လက် လှုပ်ရှားနေလျှင် သူက စည်းချက်ညီသလို ကနေဟန်ရှိသော လက်ချောင်းလေးများကို ငေးနေမိသည်။ ရှိန်းဟာ လှုတင်လှတာ မဟုတ်ဘဲ လက်ကလေးတွေပါ ချစ်စရာကောင်းသူဖြစ်၏။

အင်း ... လူတစ်ယောက်ကို ချစ်မိသွားပြီဆိုရင် အဲဒီတစ်ယောက် ဘာပဲလုပ်လုပ် ရင်ခုန်မြတ်နိုးဖို့ ကောင်းသည် ဆိုတာ အမှန်ပါပဲလား။

"ဟိတ် ... ဘာတွေ တွေးနေတာလဲ၊ ဒီမှာ စားလို့ရနေပြီ နော်"

သူက ရှိန်းရဲ့ လက်ကလေးတွေကို ငေးနေမိ၍သာ တော်တော့သည်။ သူ့အဖြစ်ကို ရှိန်းက ရိပ်မိ မရိပ်မိတော့ မသိ။ သူငယ်ချင်းတွေကတော့ ရိပ်မိဟန်တူကြသည်။ ပြုံးဖြဲဖြဲ မျက်နှာ တွေဖြင့် အဟင်း အဟမ်းတွေ တမင်လုပ်ကြသည်။

"ဒီကောင်က ရှိန်းကို အားကျနေတာလေ။ ခဏလောက် ပေးရောင်းလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်လား၊ ဝါသနာပါလို့လား”

“အာ ... ကိုယ် မလိုးရဲပါဘူး။ လက်ပြတ်မှာ ကြောက်တယ်”

“မိုက်တယ်တော့၊ ဇန္နုလသွေး အပြည့်ပါတယ်”

ရှိန်းက ရယ်ပဟာနှင့် သူ့ကို ကြည့်ကာ ဆိုလာလျှင် သူကလည်း ပြန်ကြည့်ဖြစ်သည်။

သူ့အကြည့်တွေထဲတွင် ရှိန်းအပေါ်၌ နှောင်တွယ်ရိပ်တွေ ပါဝင်နေတာကို ရှိန်း သိစေဖို့ သူ ဆုတောင်းပါသည်။ ရှိန်းရဲ့ မျက်နက်ဆန်လေးဟာ သူ့ထံမှာ တစ်ခဏတော့ ငြိမ်သက်သွားလျက် ...

“ရှင်တို့တွေ တခြားနေရာတွေရော အားပေးဦးနော်”

“ပေးမှာပါ၊ ကျွန်တော်တို့ ဒီလိုပွဲမျိုးကို ဒါ ပထမဆုံးရောက်ဖူးတာပဲ၊ ရှိန်းမိန်းကလေးက မထင်ရဘူးနော်”

“အံမယ် ... ဘာမထင်ရတာလဲ”





“ဩော် ... ပရဟိတ အလုပ်တွေ သိပ်ဝါသနာပါတာကိုလေ မထင်ရဘူးလို့။ အစက ကျွန်တော်တို့က ရှိန်းကို ပိုတယ် ထင်နေတာ။ တကယ်တမ်းကျတော့မှ တော့်တော်လေးစားစရာကောင်းမှန်း သိလာတာ ... အဟဲ ဟဲ”

“အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူးလေ။ လောကကြီးမှာ ကိုယ်တတ်နိုင်တဲ့တစ်ထောင့် တစ်နေရာက ဝင်ပြီးအားဖြည့်တဲ့ သဘောပါပဲ ...

အဲဒီကရလာတဲ့ ပီတိကိုပဲ တန်ဖိုးထားတာပါ။ ဒီကမ္ဘာကြီးမှာ ကျွန်မတို့လို လူငယ်တွေ အများကြီးလိုအပ်တယ်လေ”

ရှိန်းက သူတို့ကို လေသံအေးအေးလေးနှင့် တည်ငြိမ်စွာ ပြောနေလျှင် အဲဒီခဏတွင်းမှာ သူမကို ဘယ်လို အထင်ကြီးလေးစားသွားမှန်းကို မသိပါ။

ယောကျာ်းလေးတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ကို ချစ်မြတ်နိုးခြင်းဟာ ရာခိုင်နှုန်းများနိုင်သော်လည်း အထင်ကြီးနိုင်မှုကတော့ ရာခိုင်နှုန်း သိပ်မရှိနိုင်ဟု သူ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးလေးစားစရာရတိုင်းလည်း အဲဒီ မိန်းမကို မချစ်နိုင်ချေ။ ရှိန်းဟာတော့ သူ မြတ်နိုးစွာ ချစ်ခင်ပြီးမှ အထင်ကြီးစရာကောင်းမှန်း သိလာရသဖြင့် လေးစားတန်ဖိုးထားရသော သူဖြစ်၏။

ကြည့်လေလေ သူမကို သူ အဆုံးရှုံးမခံနိုင်လေလေ ဖြစ်သည်။ တန်ဖိုးကြီး ရတနာတစ်ပါးကို မက်မောသလိုမျိုး ရှိန်းကို မက်မောခုံမင်လှပါသည်။

"ပြီးခဲ့တဲ့တစ်ပတ်က တစ်ပတ်လုံး ကျောင်းမတက်ဘူးနော်။ ဘာလို့လဲ။ နေမကောင်းလို့လား"

ရှိန်းက သူ့ကို ခပ်စိုက်စိုက်လေးကြည့်၍ မေးလာလျှင် အဲဒီအကြည့်တွေကို သူ့ရင်ထဲ၌ ငြိသွားရ၏။

"နေကောင်းပါတယ်၊ ကိစ္စတစ်ခုရှိလို့ပါ"

သူမက ဘာမှ ဆက်မမေးတော့ပေ။ သူငယ်ချင်းတွေကို လိုက်ပွဲတွေ ထပ်မံပြင်ဆင်ပေးကာ တခြားရောက်လာသူတွေကိုလည်း ရောင်းရင်း အလုပ်ရှုပ်သွားပြန်၏။ ရှိန်းရဲ့ တုတ်ထိုး





ဆိုင်လေးမှာ လက်ရာကောင်းသဖြင့် တော်တော်ကို ရောင်းကောင်းပါသည်။ ဘေးဘက်မှာက စာအုပ်ဆိုင်ဖြစ်၍ လူငယ်စာရေးဆရာ နှစ်ယောက်က စာအုပ်ရောင်းနေတာကို တွေ့ရလျှင် သူက ဗျတ်ခနဲ အကြံရကာ အဲဒီဆိုင်ရှေ့သွားရပ်မိသည်။

အဲဒီနောက် ရှိန်းကို သူ နှစ်သက်သော စာရေးဆရာ မင်းလူ၏ စာအုပ်သုံးအုပ်ကို လက်ဆောင် ဝယ်ပေးဖြစ်လေသည်။

ရှိန်းသည် သူက စာအုပ်ထုပ်ကို ကမ်းပေးနေလျှင် ပထမတော့ အူကြောင်ကြောင် ပုံစံဖြင့် ဘာလဲဟု မေးဆတ်ပြသည်။

"ရှိန်းအတွက် လက်ဆောင်ပါ။ စာရေးဆရာ မင်းလူရဲ့ ဝတ္ထုတွေပါ"

"ဟယ် ... အားနာစရာကြီး၊ ဘာလို့ ဝယ်ပေးရတာလဲ"

"လက်ဆောင်ပါဆိုမှကွာ၊ မကြိုက်လို့လား"

"ကြိုက်တာပေါ့၊ ဆရာမင်းလူရဲ့ စာတွေကို အရမ်းသဘောကျတာ၊ ကျေးဇူးပဲနော် ချန်လင်း"



www.burmeseclassic.com

www.burmeseclassic.com



သူက ရှိန်းရဲ့ မျက်လုံးနက်နက်လေးထဲကို တစ်ခဏမျှ စိုက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

နောက်တော့ သူငယ်ချင်းတွေနှင့် အတူတူ ဟိုဟိုဒီဒီ လျှောက်ကြည့်ကြရင်း အပြန်မှာ ရှိန်းကို အဝေးကသာ လက်ပြ၍ နှုတ်ဆက်ဖြစ်သည်။

ရှိန်းရဲ့ ခေါင်းဆတ်၍ နှုတ်ခမ်းလေးတွန့်ရုံ ပြုံးပြသော အပြုံးတွေထဲတွင် သူ့ မျှော်လင့်ချက်တွေအားလုံးကို ထုပ်ပိုးသိမ်းဆည်း၍ ထားလေသည်။

အဲဒီအပြုံးထဲတွင် သူ မစိုက်ပျိုးရသေးသော အလွမ်းတွေပါသည်။ အဲဒီအပြုံးထဲတွင် သူ တစ်ခါမှ မနမ်းဘူးသေးသော နှင်းဆီဝါဝါတွေပါသည်။ အဲဒီအပြုံးထဲတွင် သူ ဘယ်တုန်းကမှ မသိခဲ့သော ကဗျာရေးနည်း အသစ်တစ်ခု ပါရှိပါသည်။







ရှိန်းကို ချစ်ခွင့်ပန်ဖို့အတွက် ဘယ်လို နည်းလမ်းကို အသုံးပြုရင် ကောင်းမလဲဆိုတာလည်း သူ့အတွက် အတော်ဦးနှောက်စားရသော ကိစ္စတစ်ခုပဲဖြစ်သည်။ အပြင်တစ်နေရာရာမှာ ချိန်းကာ ပါးစပ်ကပဲ ဖွင့်ပြောရမလား၊ ဒါမှမဟုတ် ဒီထက် မျက်နှာပူ



www.burmeseclassic.com

www.burmeseclassic.com



သက်သာအောင် ဖုန်းထဲကပဲ ပြောရမလား၊ အဲဒီနည်းကိုတော့ သူက သိပ်မသုံးချင်ပြန်ချေ။

နောက်တော့ သူ့ခေါင်းထဲတွင် ဖျတ်ခနဲ အလင်းပွင့်သွားသည်မှာ ကဗျာလေးတစ်ပုဒ်ဖြင့် ချစ်ခွင့်ပန်ဖို့ပဲ ဖြစ်လေသည်။ အချစ်နှင့် တွေ့လျှင် လူတိုင်းဟာ ကဗျာဆရာ ဖြစ်သွားတတ်သည် တဲ့။

သူက ညစဉ် ညတိုင်း ရင်ထဲက စကားတွေကို ကဗျာအဖြစ် ပြောင်းလဲခြေချရတာ အမောပဲဖြစ်၏။ သူ့ကဗျာတွေမှာ ဖျက်လိုက် ရေးလိုက်ဖြင့် လုံးချင်းအဖြစ် တော်တော်များများ ပြောင်းလဲကုန်၏။

သူငယ်ချင်းတွေကတောင် သူ့ရဲ့ ပြန့်ကျဲနေသော ကဗျာ အပိုင်းအစတွေကို ကြည့်ကာ ...

"ချန်လင်းရာ မင်း ကြည့်ရတာ ပင်ပန်းလိုက်တာ။ ဒီလောက်တောင် ကြိုးစားပမ်းစား ကဗျာစပ်နေရအောင် မင်းကို ဟိုက ပြန်ကြိုက်မှာလား"





သူက စောကြီးကို ခဲတံဖြင့် လှမ်းပေါက်ကာ ...

"မင်း ပါးစပ်ပုပ်နဲ့ လာပြောမနေနဲ့။ ဒါကြောင့် မင်း ဘယ်တော့မှ ရည်းစားမရတာ"

"မင်းဟာက ရည်းစားဖြစ်လို့ ရေးပေးတာဆိုလည်း ထားဦး၊ ဟိုက မယူရင် ဘယ့်နှယ်လုပ်မလဲ။ အခုခေတ်က အဲဒီလို စာတစ်တန် ကဗျာတစ်တန် မဟုတ်တော့ပါဘူးကွာ ...

မင်းကြီးဒေါ်ထဲမှပဲ ခေတ်ကို ရေလည်နောက်ပြန်နေတယ်"

"နောက်ပြန်ပြန် ဘာပြန်ပြန်ပေါ့။ ငါ့ဘာသာ ရေးချင်လို့ ရေးတာ၊ ဟော့ကောင်တွေ ဖျက်လိုဖျက်ဆီး ပြောမှာဆို ပြန်ကွာ၊ သွားကြ"

"နောက်တာပါ သယ်ရင်းကလည်း၊ မင်း ကဗျာက ပြီးပြီလား ... ဟဲ ဟဲ"

နောင်ဂျိန်က မျက်နှာချိုသွေးပြီး လာဖားလျှင် သူက အယုံအကြည်မရှိတော့ချေ။ သူ့မှာ အပြီးအစီး အချောသတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျ ကဗျာလေးတစ်ပုဒ် ရလာပြီဖြစ်သော်လည်း ဘယ်သူ့ကိုမှ ပြဖို့ စိတ်ကူးမရှိတော့။

နောက်ဆုံး ဇွန်ဇွန့်ကိုတောင် မပြချင်တော့ပေ။

"ဘယ်သူ့ကိုမှ မပြဘူး။ တော်ပြီကွာ၊ ပြန်ကြတော့"

"အောင်မယ် ... သိပ်ပဲ များမနေနဲ့။ မပြလည်း မကြည့်ဘူး။ ရှိန်းမိန်းကလေးဆီ ဖုန်းဆက်ပြီး ပြောဦးမယ်။ ဝတ္ထုစာအုပ် ပေါင်းစုံထဲက ခိုးချထားတဲ့ ကဗျာပါလို့"

သူက စာတင်မောင်ကို အသံတိတ်ဆဲပြကာ လက်ကိုင်ဖုန်းကို ကောက်ယူလျက် ဝရန်တာသို့ ထွက်လာခဲ့သည်။ ပြီးလျှင် တစ်နေ့က သူ မှတ်မိထားသော ဖုန်းနံပါတ်လေးကို နှိပ်ကာ ခေါ်လိုက်သည်။

ခဏကြာလျှင် တစ်ဖက်သို့ လိုင်းဝင်သွားကာ ရှိန်း မဟုတ်သော မိန်းကလေးတစ်ယောက်ရဲ့ အသံကို ကြားရသည်။

"ဟယ်လို ... ဒါ ရှိန်းမြသံစဉ်တို့ အိမ်ကပါလား"





"ဟုတ်ကဲ့ပါ"

"ရှိန်းမြသံစဉ် ရှိပါလားခင်ဗျာ"

"ဩော် ... ရှိပါတယ်၊ ခဏကိုင်ထားပါ"

ရှိန်းမလာခင် စောင့်ရသော တစ်ခဏသည် သူ့အတွက်တော့ သိပ်ကြိုက်သည့် အဆိုတော်တစ်ယောက်ရဲ့ အသံကို ကြားချင်လွန်းလှသလို နားတစွင့်စွင့် ရှိရသည်။

ပြီးတော့ ရင်ခုန်နေသည်။ ဘယ်တုန်းကမှ မိန်းကလေးတစ်ယောက်ကို ဖုန်းဆက်မချိန်းဖူးသော သူ့အတွက်တော့ ကိုယ်ဟာကိုယ်လည်း ပြန်လည်ထူးဆန်းအံ့သြရလေသည်။

"ဟယ်လို"

တစ်ဖက်မှ ရှိန်း ရောက်လာလျှင် သူက ဆတ်ခနဲ ခုန်သွားသော ရင်အစုံဖြင့် ...

"ရှိန်းလား"

"အေး ... ချန်လင်း မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... ဟုတ်တယ်၊ ဘယ်ဆိုးလို့လဲ၊ ရှိန်းမိန်းကလေးက ကိုယ့်အသံကို မှတ်မိသားပဲ"

"မှတ်မိတာပေါ့။ ကဲ ... ဆို ဘာကိစ္စ"

"ဟာ ... ဖုန်းနံပါတ် ဘယ်ကသိလဲလို့ မမေးတော့ဘူးလား"

"မေးတော့ဘူးလေ၊ ရှင့်ဆီကို အရင်နေ့တုန်းက ဆက်ထားတော့ အဲဒါကို ရှင် မှတ်ထားတာနေမှာပေါ့"

"ဟုတ်တယ်"

"ကဲ ... ရှင် ဘာပြောမလို့ ဖုန်းဆက်တာလဲ"

"မင်းကလည်း ကိုယ်က ကိစ္စရှိမှ ဖုန်းဆက်ရမှာလား"

"ဒါပေါ့၊ ရှင့် ကြည့်ရတာ တစ်ခုခုပြောချင်လို့ ဖုန်းဆက်တဲ့ ပုံပါ၊ ဘာပြောချင်လို့လဲ"

သူမက သူထင်ထားတာထက်ကို ပါးနပ်စွာ သိမြင်ပါသည်။

"ဟိုလေ ... မင်း ကိုယ့်ကို အချိန်နည်းနည်းလောက် ပေးနိုင်မလားလို့ပါ"





"အချိန် !... ဘာအချိန်လဲ"

"မင်း အားမယ့် တစ်ရက်ရက်လောက်ပေါ့၊ မင်းကို စကားပြောချင်လို့"

"သြော် ... အတော်ပဲ ချန်လင်းရေ၊ ကျွန်မလည်း ရှင့်ကို ပြောစရာတွေ ရှိနေတယ်"

"ဟုတ်လား။ ဘာပြောမှာလဲဟင်"

"တွေ့တော့ ပြောတာပေါ့။ ဒီလို လုပ်လေ မနက်ဖြန် ကန်တော်ကြီးထဲမှာ ဆုံကြတာပေါ့။ မနက်ဆယ်နာရီလောက်"

"အိုခေ ... ကိုယ် ဆက်ဆက်စောင့်နေမယ်"

"ဒါဆို ကျွန်မ ဖုန်းချတော့မယ်နော် ... ဘိုင့်ဘိုင်"

"ခဏ ... ခဏလေး ရှိန်း"

သူက သူမ ဖုန်းချတော့မည့်ဆဲဆဲမှာ စိုးရိမ်စွာဖြင့် အလျင်အမြန် တားဆီးလိုက်ရသည်။ ခဏလေးပါ ရှိန်းရယ်။ ကိုယ့် အချစ်တွေကို ရင်မဖွင့်ပြခင်မှာ မင်း နှလုံးသားဟာ လွတ်လပ်သန့်စင်စွာရှိကြောင်း မင်းကိုယ်တိုင် အတည်ပြုပေးဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ကြားဖူးတာတစ်ခု မေးချင်လို့ပါ။ မင်းမှာ ချစ်သူ မရှိဘူးဆိုတာ တကယ်ပဲလားဟင်"

သူမဘက်မှ တစ်ခဏတော့ တိတ်ဆိတ်သွားသည်ဟု ထင်သည်။ ပြီးတော့မှ ...

"ဟုတ်တယ်၊ ဘာလုပ်မလို့လဲ"

"ဘာမှ မလုပ်ပါဘူး။ အဲဒါမျိုးတွေ စိတ်မကူးနဲ့လို့ ပြောမလို့"

"ဟင် ... အေးပါ ... အေးပါ၊ စိတ်မကူးပါဘူး၊ ဒါပဲနော်"

သူမက ဘာတွေ အရေးကြီးနေသလဲတော့ မပြောတတ်ချေ။ ဖုန်းကို ချက်ချင်းပင် ချသွားတော့သည်။ ဘာပဲဖြစ်ဖြစ် သူ ပျော်ရွှင်ပါသည်။ သူမရဲ့ လွတ်လပ်ဖြူစင်သော နှလုံးသားအတွက် သူ့ရင်ထဲမှာ အချစ်တွေ အပြည့်ရှိနေခဲ့ပြီဖြစ်သည်။

ဘာတွေနဲ့ ပြိုစားခဲ့သလဲ
တစ်ချက်လေး ငဲ့ကြည့်လိုက်တိုင်းမှာက ...
ရင်တလှပ်လှပ်။





အကြည့်တစ်ချက်က ပြာကျသွားနိုင်လောက်တယ်ဆိုပေမဲ့
ကြွေတိုင်းမွေးတဲ့ခရေလိုပဲ
အတိုက်ဆိုတာ သင်းသင်းလေးမွှေးတယ်။

ယုံကြည်မယ်ဆိုရင်
ချစ်ခွင့်ကို မတောင်းခံချင်ဘူး
ချစ်နေတာလေးကိုပဲ အသိအမှတ်ပြုပေးဖို့ပါ။

မှတ်ချက်။ ။ Copy right မရှိသေးသော အာကာချန်လင်း၏ ရင်တွင်းဖြစ်ကဗျာစစ်စစ်။

❣ ❤ ❣



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

ဒီနေ့ မနက်တွင် သူသည် ထူးဆန်းစွာပင် အစော ကြီး နိုးနေလျက် ရင်တွေလည်း အမှန်တကယ်ကို ခုန်နေခဲ့သည်။ ညကတည်းက Writing Pad လှလှလေးထဲမှာ အသပ်ရပ်ဆုံး





ကူးထည့်ထားပြီးဖြစ်သော ကဗျာစာရွက်လေးကိုလည်း ဘယ်နှကြိမ် မြောက် ပြန်ဖတ်မိမှန်းကို မသိ။

နောက်တော့ ကြေသွားမှာစိုး၍ အသာအောင့်အည်းကာ ပြန်သိမ်းထားလိုက်ရသည်။ စိတ်ကို ဒုန်းဒုန်းချလျက် စာအိတ်ထဲ အပြီးထည့်ပိတ်ပစ်လိုက်တော့လေသည်။

ရှိန်းတော့မသိ၊ သူကတော့ ကိုယ့်ငါးချဉ်ကိုယ်ချဉ် သည်ပဲ ဆိုဆို သူ့ကဗျာသူ အတော့်ကို နှစ်ခြိုက်၏။ ဒါကြောင့် အောက်မှာတောင် တမင် မှတ်ချက်ထည့်ထားပေးခြင်းဖြစ်၏။ သူ့ကဗျာကိုမှ မဖတ်ရလျှင် သေမလိုဖြစ်နေသော ဖွန်ဖွန့်ကိုတော့ အားနာသနားသွား၍ ပေးဖတ်မိလျှင် ...

"ကဗျာက အရမ်းလန်းတယ်ကွာ၊ ရေလည်ကောင်းတယ်။ မင်း ရေးထားတာ ဟုတ်ရဲ့လားလို့တောင် သံသယရှိမိ တယ်"

"ဟော့ကောင် လာမစော်ကားနဲ့နော်။ ဆယ်ရက်တိတိ စပ်ထားတဲ့ ကဗျာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဖွန်ဖွန်က သူ့ပခုံးကို ချစ်ကြည်စွာနှင့် ဖက်လာကာ ...

"အလကား နောက်တာပါကွာ။ မင်းကို ငါ မပြောခဲ့ဖူးဘူးလား။ မင်းက ချစ်တတ်လာရင် သူများထက် ပိုမယ့်ကောင်ပါလို့ ...

ဒါပေမဲ့ကွာ မင်း ကဗျာ အောက်ဆုံးအပိုဒ်က ချစ်ခွင့်ကို မတောင်းချင်ဘူးဆိုတော့ တော်ကြာ ရှိန်းမိန်းကလေးက မတောင်းခံရင်လည်း မပေးဘူးဆိုပြီး ရစ်နေရင်ကော"

သူဏ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားခဲ့သေးသည်။ သို့သော် ချက်ချင်းပင် ...

"အာ ... အဲဒီလိုတော့ ရှိမယ် မထင်ပါဘူးကွာ၊ ကဗျာပဲ အကျအန လိုက်ကောက်နေလို့ ဘယ်ဖြစ်မလဲ"

ပြောသာပြောလိုက်ရသည်။ ဖွန်ဖွန် ပြောမှပင် ရှိန်းတစ်ယောက် ဖတ်ပြီးသွားလျှင် အဲဒီလိုတွေးရင် ဒုက္ခပဲဟု အကြံမ





ဖြစ်သေးသော်လည်း ဘာမှမတတ်နိုင်တော့။ နာရီကို တကြည့်ကြည့် အချိန်တွေ ကုန်ခဲလှစွာနှင့် ကိုးနာရီထဲက ကန်တော်ကြီးထဲတွင် ရောက်နေလျက် ဆယ်နာရီမှ ရောက်လာမည့် ရှိန်းကို မျှော်ရလေသည်။

သူ့ဘဝတွင် မိန်းကလေးတစ်ယောက်ကို ပထမဆုံးအကြိမ် ချစ်ရေးဆိုမည့် ဖြစ်ရပ်သည် တစ်ခုခုလိုအပ်နေသလို စိတ်ထဲမှာ မတင်မကျလည်း ဖြစ်နေပြန်ပါသေးသည်။

ရှိန်းရယ် ... မြန်မြန်လာပါတော့။

ဆယ်နာရီကို စက္ကန့်အနည်းငယ်စွန်းချိန်ဝယ် ရှိန်းရောက်လာခဲ့သည်။ ရှိန်း လှမ်းလာပုံလေးဟာ အဝေးကနေကို ရှင်းလင်းစွာ ထင်းထင်းပြတ်ပြတ် လှလို့နေသည်။ ချည်သားအင်္ကျီ အဖြူရောင်လက်ရှည် ခပ်ပွပွလေးနှင့် ဂျင်းဘောင်းဘီ ဖိုးကွာတားကို ဝတ်ဆင်ထားသော ရှိန်းဟာ သူ တွေ့ဖူးသမျှ မိန်းကလေးတွေထဲ၌ အကောင်းဆုံး ဝတ်စားဆင်ယင်သူဖြစ်၏။

"ရောက်နေတာ ကြာပြီနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက သူ့ကို စတင်နှုတ်ဆက်သည်။ ရှိန်းဟာ တကယ်ပဲ သူ့အပေါ် ရိုးသားတာလား၊ အနေအထိုင် တည်ငြိမ်တာလားတော့ မပြောတတ်။

အရင်တွေ့နေကျအတိုင်း မပြောင်းလဲသော မျက်နှာထားနှင့်ပဲဖြစ်သည်။

သူကသာ ပြောင်းလဲသော ရင်ခုန်သံတွေနှင့် စကားလုံးတွေကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းချုပ်နေရတာဖြစ်၏။

"အင်း ... ရှိန်း ဘယ်လိုလုပ်သိ"

ရှိန်းက ချစ်စဖွယ်ကောင်းအောင် လှစ်ခနဲပြုံးကာ ...

"ရှင်က လမ်းဘက်ကိုပဲ မျှော်ကြည့်နေတာကိုး။ ရောက်နေတာ ကြာပြီဆိုတော့ စောင့်ရတဲ့ အချိန်တွေကို ပိုကြာတယ် ထင်မှာပေါ့"

"မင်းက တော်လိုက်တာ"

"စုံထောက်ဝတ္ထုတွေ အဖတ်များလို့ပါ"





သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ သူမမျက်နှာကို တစ်ချက်ငေးမိသည်။

တကယ်တော့ သူ ရယ်ချင်တာ မဟုတ်ပေ။ ဘာပြောရမှန်းမသိ၊ ရင်တုန်ပန်းတုန် ဖြစ်လာ၍ သွေးရူးသွေးတန်း ထရယ်မိတာ ဖြစ်၏။

သူမ မျက်နှာကတော့ ထူးထူးခြားခြား တည်ငြိမ်လို့နေသည်။

ပြီးတော့ သူမ ပြောသော စကားတစ်ခွန်းကိုလည်း သူက ဖျတ်ခနဲ သတိရသွားလေသည်။

သူမကလည်း သူ့ကို ပြောစရာရှိတယ်လို့ ပြောထားခဲ့တာပဲ။

"ရှိန်း ... မင်း ကိုယ့်ကို ပြောစရာရှိလို့ဆို"

"ဟုတ်တယ်၊ ချန်လင်း၊ ရှင့်ကို ကျွန်မ ဒီစကားတွေ မပြောလို့ကို မဖြစ်တော့ ပြောရတော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ခုံးနှစ်ဖက် ပင့်သွားရ၏။ ကန်တော်ကြီး ရေပြင်ကို ဖြတ်၍ ပြေးလာသော လေနုအေးတွေ အေးမှန်း အခုမှ သူ သိရတာဖြစ်၏။

သူဟာ ရှိန်းကို အဲဒီလိုလည်း မထင်ရက်ပါ။ ဒါပေမဲ့လည်း ...

"ကျွန်မ ပြောတဲ့ စကားတွေက ရှင့်အတွက် စေတနာအပြည့် အဝနဲ့ ပြောတဲ့စကားတွေဆိုတာ ရှင် နားလည်ပေးစေချင် ပါတယ်"

"မင်းက လူတိုင်းကို စေတနာမှန်နဲ့ မိန်းကလေးဆိုတာ ကိုယ် သိပါတယ်"

သူမက သူ့ကို တစ်ချက်လှည့်ပြုံးပြပြီးနောက် ကန်ရေပြင်ဘက်သို့ မျက်နှာမူသွားသည်။ သူ့ကို မျက်နှာချင်းဆိုင် ကြည့်နေရာမှ ရှောင်လွဲသွားခြင်း ဖြစ်လေသည်။

သူ သတိထားမိရသလောက် ရှိန်းဟာ ဘယ်သူ့ကို မဆို မျက်လုံးချင်းဆုံအောင် ကြည့်လျက် စကားပြောတတ်သူဖြစ် ၏။





"ကျွန်မ ဒီစကားကို ဘယ်ကနေ ဘယ်လို စပြောရမယ်ဆို တာ စဉ်းစားလို့ကို မရဘူး။ ချန်လင်း လူတစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်ကြတယ်ဆိုတာ အင်မတန် မင်္ဂလာ ရှိတဲ့ကိစ္စတစ်ခုပါ ...

ဒါပေမဲ့ ဘယ်အရာမဆို အလွန်အကျွံဆို လူကို ပြန်ဒုက္ခပေးတတ်တယ်။ ဖြစ်နိုင်ရင် ကိုယ့်စိတ်ကိုယ် ထိန်း ချုပ်ပြီး စစ်မှန်တဲ့ ချစ်ခြင်းမျိုးတစ်ခုပဲ မွေးမြူသင့်ပါ တယ် ...

ရှင်ဟာ ပတ်ဝန်းကျင်က နှစ်သက်လိုလားခြင်းခံရတဲ့ အမျိုးကောင်းသားလေးတစ်ဦးပါ။ ရှင့်အတွက် ဘဝမှာ ပျော်ရွှင်ဖွယ်နေ့တွေ အများကြီးရှိတယ်၊ တက်လမ်းတွေ အများကြီး ရှိတယ် ...

ဒါတွေကို လွဲမှားတဲ့ အချစ်တွေကြောင့် မဆုံးရှုံး သွားစေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းဟာ ကန်ရေပြင်ကို ကြည့်လျက် တစ်လုံးချင်း အေးအေးဆေးဆေး ပြောနေတာဖြစ်သလို အဲဒီစကားတွေဟာလည်း သူ့နားထဲသို့ ချိုသာစွာဖြတ်၍ စီးဝင်သွားတာဖြစ်သည်။

ဒါပေမဲ့ သူ ဘယ်စကားလုံးကိုမှ နားမလည်ပေ။ ဘယ်လို တွေးတွေး အဓိပ္ပာယ်က ဘယ်လိုမှ မပေါက်လာ။

"ရှိန်း ... ပလိစ် ... ကိုယ်နားလည်အောင် ဒီထက် ရှင်းရှင်းလေးပြောပါလား။ မင်းဘာပြောနေမှန်း ကိုယ် တကယ်ပဲ နားမလည်လို့ပါ"

ရှိန်းက ရှေ့ဘက်သို့ မျက်နှာမူနေရာမှ သူ့ကို တစ်ချက်လေး ငဲ့စောင်းကြည့်သည်။

အဲဒီအကြည့်တွေထဲ၌ သူ မသိသော အဓိပ္ပာယ်တွေ ပါသည်။

နောက်တစ်ခုက အားနာသော မျက်ဝန်းများ။

"ရှင်နဲ့ ဇွန်မိုးအောင်ရဲ့ သာမန်ထက်ပိုတဲ့ အချစ်တွေကို လျှော့ချဆင်ခြင်ဖို့ ပြောနေတာပါ"





"ဘယ်လို !... ကိုယ်နဲ့ ဇွန်ဇွန်ရဲ့ သာမန်ထက် ပိုတဲ့ အချစ်တွေ ဟုတ်လား"

သူက မျက်မှောင်ကုတ်ကာ သူမကို အလန့်တကြား ပြန်မေးမိသည်။ မေးသာမေးရသော်လည်း သူမ ဘာကိုဆိုလိုချင်နေမှန်း သူ လုံးဝ မသိသေးချေ။

သူမ စကားတွေက ကြာလေ ပိုရှုပ်လေ။ သူ့အတွက်တော့ ပို၍ နားမလည်လေပဲဖြစ်သည်။

"ဒီအချိန်ဟာ သိပ်နောက်ကျနေတဲ့အချိန် မဟုတ်သေးပါဘူး၊ ဆင်ခြင်မယ်ဆိုရင် ဆင်ခြင်လို့ရတဲ့ အခြေအနေပါ"

ရှေ့ဆက်ပြီး ဒီလိုပဲ ဖြစ်နေမယ်ဆိုရင် ရှင်တို့နှစ်ယောက်အတွက် မလိုလားအပ်တဲ့ ဆိုးကျိုးတွေပဲ ဖြစ်လာစေလိမ့်မယ် ...

အနောင် ပတ်ဝန်းကျင်မှာ အသံတွေ ဘယ်လောက် ပျံ့နှံ့နေတယ်ဆိုတာ ရှင်တို့ မသိနိုင်ကြဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမ စကားတွေကို အာရုံစူးစိုက်နားထောင်နေရာမှ ဘာကိုဆိုလိုချင်နေမှန်း ရေးတေးတေး နားလည်စပြုလာတယ်။

"ရှင်က ခေတ်ပညာတတ် ခေတ်လူငယ်တစ်ယောက်ပါ ချန်လင်း။ အသိဉာဏ်နဲ့ ထိန်းချုပ်ရင် ရနိုင်ပါတယ် ...

ဖွန်မိုးအောင်ကိုလည်း ရှင် ဖျောင်းဖျပါ၊ ဒါမျိုးက လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ရှုတ်ချကြတဲ့ ကိစ္စဆိုတာ ရှင်လည်း သိမှာပါ ...

ဒါကြောင့် ..."

"နေ ... နေပါဦး ရှိန်း၊ မင်း ပြောနေတာတွေက"

သူက သူမ ဆက်မပြောခင် အထိတ်တိတ် အလန့်လန့်ဖြင့် တားဆီးလိုက်ရသည်။

သူမဆိုလိုသော အဓိပ္ပာယ်ကြီးက အင်မတန် ထိတ်လန့်စရာကောင်းပါသည်။





သို့သော် သူမ သူ့ကို အဲဒီလောက်ကြီး အထင်မသေးတန်ကောင်းပါဘူးဟု နောက်ဆုံး မျှော်လင့်ချက် ထားလိုက်သေးသည်။

"ကျွန်မကို စိတ်ဆိုးချင်လည်း ဆိုးပါ ချန်လင်း။ ကျွန်မပြောတာတွေဟာ ရှင့်အတွက်ပါ။ ပတ်ဝန်းကျင်က အသံတွေကြောင့် ဒီစကားတွေကို ကျွန်မ ပြောရတာပါ"

"ဘာလဲ ... မင်း ဆိုလိုတာက ကိုယ်က ယောက်ျားစိတ် ချွတ်ယွင်းနေတဲ့သူ၊ အဲဒီလိုလား။ ကိုယ်နဲ့ ဖွန်ဖွန်ကို မင်းက ပတ်ဝန်းကျင်က အဲဒီလို သမုတ်ကြတယ်တဲ့ပေါ့ ဟုတ်လား"

သူက နာကျင်အက်ကွဲသော အသံဖြင့် ပေါက်ကွဲ တုန်လှုပ်သွားလျှင် သူမက သူ့မျက်ဝန်းတွေထဲသို့ တည်ငြိမ်စွာ စိုက်ကြည့်လို့လာသည်။

သူမ ပုံစံက အမှန်တရားကို ပြောနေတာဟူသော အဓိပ္ပာယ်အပြည့်ဖြင့် နည်းနည်းလေးမှ တုန်လှုပ်မှုမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သူက ဝမ်းအနည်းဆုံးဖြစ်သည်။ သူမ စိတ်ထဲမှာ သူ့ကို အဲဒီလို တစ်ချိန်လုံး မြင်နေခဲ့သည့်အဖြစ်က အင်မတန် ရှက်စရာကောင်းလွန်းလေသည်။

ပြီးတော့ ထိုမိန်းကလေးဟာ တစ်သက်မှာ တစ်ခါ ရှားရှားပါးပါး ချစ်ခဲ့ရသော မိန်းကလေးဖြစ်သည်။ ခံစားရလွန်းသဖြင့် ရင်ထဲမှ တဖျစ်ဖျစ်မြည်ကာ မွမွကြေနေသော အသံတွေကိုပင် ကြားနေရသလိုရှိ၏။

"ကျွန်မ စိတ်မကောင်းပါဘူး ချန်လင်း၊ ဒီလို ပြောရတဲ့အတွက်လည်း အများကြီးပဲ၊ မျက်နှာပူ အားနာပါတယ်၊ ဒါပေမဲ့လည်း ရှင့်ကို"

"ဆက်မပြောနဲ့တော့"

သူက သူမစကားကို ဖြတ်၍ အော်လိုက်လျှင် သူမက သူ့ကို ဆတ်ခနဲ မော်ကြည့်လာသည်။ သူ့ မျက်လုံးတွေထဲသို့ စိုက်ကြည့်လာသော အရိပ်တွေ အရောင်ပြောင်းသွားလျှင် သူတို့ အခြေအနေက တင်းမာသွားပြီးဖြစ်မှန်း သူ အလိုလို သဘောပေါက်လိုက်လေပြီ။





သူက သူမကို စိမ်းရှရှ တစ်ချက်စိုက်ကြည့်ကာ ...

"ဒီကားတွေပြောဖို့ မင်း ဘယ်တုန်းတည်းက စဉ်းစားထားခဲ့တာလဲ ရှိန်းမြသံစဉ်"

သူမက မဖြေချေ။ နှုတ်ခမ်းကို တင်းတင်းဖိကာ ကန်ရေပြင်ကို ငေးနေသည်။ ဤမျှ ရက်စက်နိမ့်ကျသော စကားကို ဘယ်လိုစိတ်ကူးဖြင့် သူမ ပြောရက်တာပါလိမ့်။

"ဖြေပါ ရှိန်းမြသံစဉ်၊ မင်း ကိုယ့်အပေါ်ကို သိပ်မုန်းနေခဲ့လို့ ဒီလောက် ရက်ရက်စက်စက် ပြောထွက်ရက်တာလား ...

မွင့်မွင့်လင်းလင်းပဲ စွပ်စွဲပြောလိုက်စမ်းပါ၊ ကိုယ်နဲ့ ဖွန်ဖွန့်ကို ငေးတွေလို့ မင်း ပြောချင်တာ မဟုတ်လား"

သူမက မျက်လုံးအစုံ ပြူးကျယ်လျက် ထိတ်လန့်အံ့သြသွားကာ သူ့ကို အလန့်တကြား ကြည့်၏။

"ဟင့်အင်း ... ချန်လင်း၊ ကျွန်မ ရှင့်ကို ဒီလိုမျိုး မပြောခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက နာနာကြည်းကြည်း ပြုံးမိလေသည်။

"မညာချင်စမ်းပါနဲ့ ရှိန်းမြသံစဥ်ရယ်၊ အလှဆုံး စကားလုံးတွေ တန်ဆာဆင်ပြီး ကွေ့ဝိုက်ပြောနေပေမဲ့လည်း အဓိပ္ပာယ်က ဒီအတိုင်းထွက်တာပါပဲ ...

ဒီစကားကို ကိုယ် ဘယ်လောက် သွေးပျက်ဒေါသထွက်ရလဲ၊ မင်း သိမှာ မဟုတ်ဘူး။ မင်း ရှေ့မှာ ကိုယ် မပေါက်ကွဲပြချင်ဘူး၊ မင်း ဒီလောက် ရက်စက်စော်ကားရ ကျေနပ်ရောပေါ့"

"ရှင် ဒီလို မပြောနဲ့ ချန်လင်း။ ကျွန်မ ရှင့်ကို စော်ကားနေတာ မဟုတ်ဘူး၊ ရှင် သတိမထားမိတဲ့ အမှန်တရားတစ်ခုကို ထောက်ပြနေတာ၊ သူငယ်ချင်းကောင်း ပီသစွာနဲ့ ပြောပြနေတာ"

သူမကား ပြောလေဆိုးလေပင်။ သူက အလွန်တရာ နာကျင်ကြေကွဲသောစိတ်ဖြင့် ...





"ထားလိုက်ပါတော့ ရှိန်းမြသံစဥ်၊ မင်း ပြောတဲ့အတိုင်း ဟုတ်တယ်လို့ ထားလိုက်ပါတော့ ...

ဘာမှလဲ ဆက်မပြောဖို့ မင်းကို ငါ အထူးတောင်းပန်ပါတယ်၊ ကိုယ့်ကို သွားခွင့်ပေးပါ"

သူက ခံနိုင်ရည် မရှိတော့သည့်လူလို နွမ်းနယ်စွာဖြင့် လှည့်ထွက်ဖို့ ဟန်ပြင်လိုက်သည်။

သူမက ...

"ခဏလေး နေပါဦး ချန်လင်း၊ ရှင် ကျွန်မကို ပြောစရာ ရှိတယ်ဆို"

အဲဒီ ပြောစရာ စကားတွေဟာ မင်းရဲ့ ရက်စက်တဲ့ နှုတ်ဖျားအောက်က စကားလုံးတွေထဲမှာ အတုံးအရုံး ကျဆုံးကုန်ခဲ့ပြီ ရှိန်းမြသံစဥ်။

ဒီနေရာမှာ မင်းဟာ ငါသိပ်ချစ်တဲ့ မိန်းမတစ်ယောက်မို့ အကြည်ဖြူဆုံး နားလည်ခွင့်လွှတ်ပေးလိုက်နိုင်တာပါ။

"မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက စကားများစွာကို မျိုသိပ်လျက် တုံးတိဖြေကာ ကားပေါ်တက်၍ တရကြမ်း မောင်းထွက်လာခဲ့သည်မှာ သူမကို မကြည့်တော့ချေ။

နံဘေးမှာ ချထားသည့် အပြာရောင် စာအိတ်လေးထံ အကြည့်ရောက်သွားလျှင် နာကျင်မှုကြောင့် ရင်ဘတ်ထဲ၌ အောင့်ခနဲ ဖြစ်သွားရသည်။

အခါများစွာ သူ့ရဲ့ အပြောအဆို လှုပ်ရှားမှုတိုင်းကို ရွှန်းလဲ့သည့် မျက်ဝန်းတွေနှင့် စိုက်စိုက်ကြည့်တတ်သည့် အဓိပ္ပာယ်ကို သူ ယခုမှ ရင်နာစွာဖြင့် သဘောပေါက်ရချေပြီ။

ဒီအချိန်မှာများ သူမကို ချစ်စကားပြောလျှင် ကွယ်ရာ၌ ဘယ်လောက်တောင်များ ဟားနေမလဲ မသိချေ။ သူ့ကဗျာလေးကိုပင် ဖတ်ပြီး ပြက်ရယ်ပြုမှာ မဆုံး။ သူက ရှက်စွံ့ဒေါသစိတ်ဖြင့် စာအိတ်အပြာလေးကို လုံးချေလျက် ကားပေါ်မှာ လွှင့်ပစ်ခဲ့လေသည်။





အချစ်ဆိုတာ ကိုယ်က ဘယ်လောက်ပဲ တန်ဖိုးထားထား တစ်ဖက်က တန်ဖိုးနားမလည်လျှင်လည်း ဘာတန်ဖိုးမှ မရှိတော့ဆိုတာကို သူ ရင်နင့်ရင်း၍ နားလည်နေရပြီ။

❣❤❣



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းတစ်ယောက်ဟာ နေရာမှာ ခြေစုံရပ်ကျန်ရစ်ခဲ့သော်လည်း စိတ်အလျင်ကတော့ သူ့ကားနောက်မြီးလေးထဲမှာ ကပ်ပါသွားခဲ့လေကသည်။ ဒီစကားတွေကို ပြောပြီးလျှင် ရှိန်းရင်ထဲ၌ ပေါ့ပါးစွာ ရှိခဲ့လိမ့်မည်ဟု ထင်မှတ်ထားခဲ့သော်လည်း ထင်သလို ဖြစ်မလာခဲ့တာ ဘာကြောင့်ပါနည်း။





ရှိန်းဟာ ရင်မောစွာဖြင့် သက်ပြင်းတစ်ချက် ရှိုက်ရင်းခေါင်းငိုက်စိုက်လို့ အသာလျှောက်လာခဲ့သည်။ သူ့မျက်လုံးထဲက နီရဲနှာကျင်နေသော အရိပ်အယောင်တွေကို တွေ့ရလျှင် ငါမှားများမှားသွားပြီလားဟူသော အတွေးကိုဖြင့် ပထမဆုံးအကြိမ် ထိတ်လန့်တုန်လှုပ်ရသည်။

သူ ရှက်တော့ ရှက်သွားမှာပဲ။

ရှိန်းက ငိုက်စိုက် ငိုက်စိုက်နှင့် လျှောက်လာရင်းမှ လမ်းပေါ်မှာ လုံးချေ၍ကျနေသော စာအိတ်အပြာလေးတစ်ခုကို သွား၍မြင်သည်။ ဘာရယ်ကြောင့်တော့ မသိချေ။ ရှိန်းဟာ အဲဒီစာအိတ်လေးကို မြင်တာနှင့် ရင်ထဲမှာ တစ်ခုခု လာတိုးဝှေ့သွားသလို လှစ်ခနဲ အေးမြသွား၏။

တုန်လှုပ်သော လက်အစုံဖြင့် စာအိတ်လေးကို ကောက်ယူလိုက်လျှင် စာအိတ်လေးက မပြဲမစုတ်သေးချေ။ စိတ်တိုတိုဖြင့် လက်နှင့် လုံးချေထားပြီး လွှင့်ပစ်ထားသည့် သဘောရှိသဖြင့် ဖတ်လို့ရသည့် အနေအထားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မသိစိတ်၏ စေစားမှုကြောင့် ရှိန်းသည် စာအိတ်ပြာလေးရဲ့ ပိုင်ရှင်ဟာ ဘယ်သူ ဖြစ်မလဲဆိုတာကို တွေးကြည့်မိသွားလျှင် ရင်နင့်၍ သွားခဲ့ပါသည်။

စာအိတ်ကို ကပျာကယာ ဖွင့်၍ ဖတ်လိုက်လျှင် ရှိန်းသိနေသော လက်ရေးများကို အံ့သြစွာ တွေ့မြင်လိုက်ရသည်။ ကဗျာစာသားတွေ တစ်လုံးချင်း ဖတ်အပြီး အောက်ဆုံးက 'မှတ်ချက်'ဆိုသော စာသားကို အရောက်မှာတော့ အားလုံးက တိကျခိုင်မာလို့ သွားခဲ့ချေပြီ။

သိပ်မရှည်သော ကဗျာလေးဖြစ်ပေမဲ့ စာသားလေးတွေဟာ သူ့ရဲ့ ခံစားချက်တွေ၊ စတွေ့ခါစက ဖြစ်ရပ်တွေကို အတိအကျ ပုံဖော်ပေးနိုင်စွမ်းရှိသည်။ ရှိန်းဟာ ကဗျာကို အကျော့ကျော့ဖတ်ရင်း ရင်ထဲမှာ တစ်ခုခု ထုတ်ယူသွားခြင်း ခံခဲ့ရသလို 'သွားပြီ'ဟူသော အသိက ရင်ကို ကြီးစိုးနှိပ်စက်လေသည်။

ဒီနေရာ ဒီအချိန်မှာ ရှိန်းကို ပြောစရာစကားတွေ ရှိတယ်ဆိုသော သူ့စကားဟာ ဘာစကားတွေဖြစ်မလဲ။ ဘုရားရေ ဒီလိုလူတစ်ယောက်ကို ရှိန်းက ဘာတွေ သွားပြောမိပါလိမ့်။





ရှိန်း ... ရှိန်းလည်း စေတနာအစစ်တွေနဲ့ အမှန်တရားတွေကို ထောက်ပြခဲ့တာပဲလေ။ ပတ်ဝန်းကျင်က စကားသံတွေကို သူ ကြားသိအောင် ပြောပြပေးခဲ့တာပဲ။

ဒါပေမဲ့ သူက ရှိန်းကို ချစ်နေခဲ့သည်။

ဒီအဖြစ်ကို ရှိန်းက အတုန်လှုပ်ဆုံးပဲဖြစ်သည်။ ရှိန်း[illegible]ချစ်နေသော ယောကျာ်းတစ်ယောက်ကို ရှိန်းက သူ ထင်မှ[illegible]သော စကားတွေကို သွားပြောခဲ့သည်။

ရှိန်း ဘာတွေ လွဲသွားခဲ့ပါပြီလဲ။ စာရွက်အပြာရောင်လေးထဲက အပြာရောင် ကဗျာစာသားတွေသည် ရှိန်းရဲ့ နှလုံးသားကို ဟားတိုက်ရယ်မောနေကြသလျက် သွေးပျက်ချောက်ချားစွာဖြင့် မျက်ရည်တွေဝဲလို့လာချေပြီ။

ချစ်နေတာကိုပဲ အသိအမှတ်ပြုပေးရမယ်တဲ့လား ချန်လင်းရယ်။ ဟင့်အင်း ... ရှိန်းက ရှင့်ကို ချစ်နေမိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

သူ ခံစားနေရသော အဖြစ်သည် အသည်းကွဲတာလည်းမဟုတ်၊ နှလုံးသား လွမ်းနာကျ၍ အဖျားတက်နေတာလည်း မဟုတ်။ ဘာမှန်းကို ခေါင်းစဉ်မတပ်နိုင်သော ကိစ္စတစ်ခုဖြစ်သည်။





သို့သော် ဝေဒနာ ပျောက်မသွားခဲ့၊ ကြာလေလေ ပို၍ ဆိုးလာလေလေပဲဖြစ်သည်။

ဘယ်သူ့ကိုမှလဲ ဖွင့်မပြောနိုင်။ မထွေးနိုင် မအန်နိုင်ဖြစ်နေသော ပြဿနာကြီးဟာ ရင်ထဲ၌ တင်းကျပ်၍ နေလေသည်။ အထူးသဖြင့် သူမကို သူ လုံးဝမျက်နှာချင်း မဆိုင်ပါ။ သူမ မျက်နှာကို တစ်ခါမြင်လိုက်တိုင်း သူ့ကို လှောင်ပြောင်နေသလို ခံစားရတာမို့ ဝေးဝေးကသာ နေ၏။

ဖွန်ဖွန်ကတောင် ရှိန်းနဲ့မင်း ဘာဖြစ်ထားကြတာလဲ ဟု မေးလာလျှင် သူက ဘာမှပြန်မပြောခဲ့။ ခေါင်းပဲ ယမ်းပြမိသည်။ အားလုံးနှင့် ကင်းကွာချင်သော သူ့အတွက် ပို၍ကောင်းသွားစေသည်မှာ စာမေးပွဲ ဖြေကာနီးပြီမို့ ...

စာကျက်ရက်များ ပေးလိုက်ခြင်းဖြင့် သူမနှင့် မျက်နှာချင်းဆိုင်စရာ မလိုတော့ချေ။

သို့သော်လည်း သုန်မှုန်နေသော သူ့မျက်နှာထားကို သူငယ်ချင်းတွေက ရိပ်မိစွာဖြင့် ဖွတ်မေးမြန်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း အဲဒီလို ကန့်မထားနဲ့ကွာ၊ ဟိုနေ့က မင်းတို့ ကန်တော်ကြီးမှာ ချိန်းတယ်၊ မင်းက ကဗျာပေးတယ်၊ အဲဒါ ဘာတွေဖြစ်ကြလဲ၊ တစ်ခုခုတော့ ဖြစ်ရမယ်၊ ဘာလဲ ... ရှိန်းမိန်းကလေးက မင်းကဗျာကို စုတ်ဖြဲပစ်လို့လား"

"မဟုတ်ပါဘူးကွာ"

"ဒါဆို ဘာလဲ၊ မင်းကို တစ်ခါတည်း အပြတ်ငြင်းလွှတ်လိုက်လို့လား"

"ကျွတ် ... ဘာတစ်ခုမှ မဟုတ်ဘူး၊ တော်ကြပါတော့ကွာ၊ အဲဒီအကြောင်းကို မမေးကြပါနဲ့တော့ ...

သူ့အကြောင်း ငါ့ကို ဘာမှမမေးနဲ့တော့"

ဟာ ... ဘယ်လိုဖြစ်တာလဲ၊ မင်းကလည်း၊ တစ်ခုခုတော့ မင်းတို့ ဖြစ်ခဲ့မှာပါ၊ ဘာမှ မဖြစ်ဘဲနဲ့တော့ မင်းရုပ်ကြီး ဒီ့,ဒီဖိုင်း ထွက်မနေပါဘူး"





နောင်ဂျိန်က လက်မခံနိုင်ပုံဖြင့် ရွတ်ပြောလျှင် သူက စိတ်ရှုပ်ပွာဖြင့် ထိုင်ရာမှ ထရပ်ကာ ...

"ငါ သူ့ကို ဘာကဗျာမှလဲ မပေးခဲ့ဘူး၊ ဘာစကားမှလဲ မပြောခဲ့ဘူး၊ အဲဒါ ငါ အပြောနိုင်ဆုံးပဲကွာ၊ ဒီ့ထက် ငါ့ကို ဘာမှလာမမေးနဲ့တော့၊ ဒါပဲ"

သူက ခပ်ဆတ်ဆတ် ဆိုလျှင် တွေးခေါ်တတ်လွန်းသည့် စောကြီးက မျက်မှောင်တစ်ချက်ကုတ်ကာ ...

"ဒါဖြင့် သူကပဲ မင်းကို စကားတွေ ပြောခဲ့တာပေါ့။ သူပြောတဲ့ စကားတွေကြောင့် မင်းမျက်နှာ ဒီလိုရုပ် ပေါက်နေတာပေါ့၊ ဟုတ်လား ချန်လင်း"

သူက ဆိတ်ဆိတ်နေ ဝန်ခံသည့်သဘောဖြင့် အသာငြိမ်သက်နေမိသည်။

"အဲဒီစကားတွေကို မင်း ဘာလို့ ငါတို့ကို ပြန်မပြောပြနိုင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက စောကြီးကို ဆတ်ခနဲ လှည့်ကြည့်လိုက်လျှင် စောကြီးက နားလည်သည့် မျက်လုံးမျိုးဖြင့် သူ့ကို ငေးကြည့်နေခဲ့ပါသည်။

“ချန်လင်းရာ … မင်းနဲ့ ငါတို့ကြားမှာ ဒီလိုအကန့်တွေ ထားဖို့ မလိုအပ်ပါဘူး၊ ဒါမျိုးကို မင်းတစ်ယောက်တည်း ကျိတ်ခံစားနေလို့ ပြီးမှာလား …

ကိုယ်မဟုတ်တဲ့ ကိစ္စကို မင်း ဘာမပြောရဲစရာရှိလဲ …

အခုဟာက မင်းချစ်တဲ့ မိန်းကလေးတစ်ယောက်က ပြောလိုက်လို့ မင်း ဖီလင်တွေ စွတ်တက်နေတာပါ …

မင်း သူ့ကို စိတ်မဆိုးနဲ့ ချန်လင်း၊ သူမို့ မင်းကို အမုန်းခံပြီး ဒီလိုစကားတွေ ပြောထွက်တာ၊ သူ့ကို ကျေးဇူးတင်သင့်တယ်၊ ဒီစကားတွေကို ငါတောင် မင်းကိုပြောမထွက်ဘူး”





သူက လက်ရှိခံစားချက်တွေကိုတောင် မေ့လျော့လျက် စောကြီးရဲ့ မျက်နှာကို အထိတ်တလန့် ကြည့်မိသည်။

“ဘာ … မင်း ဘာပြောတယ် စောကြီး၊ မင်းလည်း သိနေတယ် ဟုတ်လား၊ ဒါ … ဒါတွေ မင်း ဘယ်ကကြားတာလဲ”

“ဒီလိုပဲ ကြားတာပဲပေါ့ကွာ၊ လူတွေက မကောင်းကြဘူး ချန်လင်း၊ ဒီလို ကောလာဟလမျိုးက မင်းသား မင်းသမီးမှ မဟုတ်ဘူး …

အပြင်လူတွေမှာလည်း ရှိတတ်တာပါပဲ၊ ငါ သိတဲ့ အချိန်ကလည်း သိပ်မကြာသေးပါဘူး၊ ငါလည်း မင်းကို ဘယ်လိုပြောရမလဲ စဉ်းစားနေတာ …

အဓိက ဒီပြဿနာရဲ့ ဇာစ်မြစ်ကတော့ မင်းကို အခဲမကျေတဲ့ ရွှေရည်သက်မော်က စတာပဲ”

“ဘာ … ဘယ်က ရွှေရည်သက်မော်တုန်း …



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်မော်လည်း မသိဘူး၊ ပြဿနာရဲ့ ဇာစ်မြစ်ဆိုတာလည်း မသိဘူး၊ အာ ... ရှင်းရှင်းလင်းလင်း ပြောကြကွာ ...

မင်းတို့နှစ်ယောက်နဲ့တင် ရှုပ်နေကြတာ"

ဇောကြီးက သူ့ကို တစ်ချက်ကြည့်ကာ မနာလိုသူတွေ အပုပ်ချကြသော အင်မဟာန်ဆိုးရွားသည့် ကောလာဟလကြီးကို ပြောပြလိုက်တော့သည်။

နောင်ဂျိန်က မျက်လုံးပြူးနေလျက် သူနှင့် အဓိကဇာတ်ကောင်မင်းသား ဖွန်ဖွန်ကမူ လက်သီးတပြင်ပြင်နှင့် အံတကြိတ်ကြိတ် ဖြစ်၍နေသည်။

"တောက် ... ရွှေရည်သက်မော် ဆိုတာ ဘယ်ကဟာမလဲ၊ အခုကို သွားအရေးခွာမယ်"

"မင်း မှတ်မိမလား ချန်လင်း၊ ရွှေရည်သက်မော် ဆိုတာ တစ်ခါတုန်းက မင်းကားကို မိုးပျံပူဖောင်းတွေ၊ နှင်းဆီပန်းတွေနဲ့ အလှူးထခဲ့တဲ့ ကောင်မလေးလေ ...





မင်း ရက်ရက်စက်စက် ပြောခဲ့တဲ့ မိန်းကလေး၊ လူကြီးချင်း ကမ်းလှမ်းတုန်းကလည်း မင်း ငြင်းလွှတ်လိုက်လို့ မင်းကို အခဲမကျေတဲ့ သူဌေးသမီးလေးပေါ့ကွာ"

သူ့မျက်လုံးထဲတွင် သရော်မော်ကားပြုံးကာ ထိမထင်စကားတွေ ပြောတတ်သော တစ်ခါဆုံဖူးသည့် ခပ်ရဲရဲ မိန်းကလေးတစ်ယောက်ကို ပြန်မြင်ယောင်လာသည်။ အဲဒီတုန်းက ရှိန်းတောင် ဝင်ကူညီပေးခဲ့ဖူးသေးတာပဲ။

"မင်းနဲ့ ဖွန်ဖွန်ကလည်း တစ်ယောက်နဲ့ တစ်ယောက် အရမ်းချစ်ကြတာ ဆိုတော့ မကောင်းကြံချင်တဲ့လူက ဒီလို ရှုစရာ မရှိတော့အောင် အတင်း လွှင့်ကြတာပေါ့ကွာ ...

ပိုပြီး ပြောစရာ ဖြစ်တာက မင်းက မိန်းကလေးတွေဆို နည်းနည်းလေးမှ ကြည့်မရတတ်၊ ပစ်ပစ်ခါခါ ဆက်ဆံတတ်တော့ ပိုပြောအား ရှိသွားတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ အလုံးစုံကို နားလည်သိမြင်သွားကြသည့် နောင်ဂျိန်နှင့် ဇွန်ဇွန်တို့က သူ့ကို ကရုဏာသက်စွာ ကြည့်လာကြလျက် ...

"မင်း တော်တော် ခံစားသွားရမှာပဲကွာ၊ ငါတို့ နားလည်ပါတယ်၊ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်က ကိုယ့်ကို ယောက်ျားမစစ်ဘူးလို့ အထင်ခံရတာလောက် ဖီလင်အောက်တဲ့ကိစ္စ ရှိမလား"

"တော်စမ်းပါကွာ"

သူက ဒီစကားကြီးကို နည်းနည်းမှ ထပ်မကြားလိုတော့ချေ။

ရှိန်းရဲ့ စိတ်စေတနာကို နားလည်သော်လည်း ဒီလို အဖြစ်မျိုးမှ အပြောခံရသည့် သူ့အဖြစ်သူ တနုံ့နုံ့နှင့် ခံရအခက် ဆုံးပဲ ဖြစ်လေသည်။

"ငါတို့ ရှင်းပြပေးပါ့မယ်ကွာ"





"တော်ကြပါတော့ကွာ၊ မလိုချင်ဘူး၊ ဘာမှလဲ သွားရှင်းပြမနေနဲ့တော့ ...

ထပ်ကို မပြောကြနဲ့တော့ကွာ"

ဇွန်ဇွန်က သူ့ပခုံးကို လှမ်းတိုက်ကာ ...

"ဟေ့ကောင် ... မင်းက ဘာဖြစ်နေတာလဲ၊ ဒီကိစ္စကို အပီခံစားနေတာလား၊ မင်းကို ရှိန်းက သံယောဇဉ်ရှိပါတယ်ကွာ ...

ဒါကြောင့်လည်း မင်း စိတ်ဆိုးမယ် သိရက်နဲ့ စေတနာရှေ့ထားပြီး တမင်ပြောခဲ့တာပေါ့၊ မင်းတို့ချင်း နားလည်မှု ထားလိုက်ရင် အဆင်ပြေမှာပါကွာ"

"နေပါစေတော့ကွာ"

သူက ခေါင်းကိုသာ တွင်တွင်ခါယမ်းလျက် ဘာမှ ဆက်ပြောချင်စိတ် မရှိတော့ပေ။ သူ့နှလုံးသားထဲ၌ ဘယ်လိုအရာတစ်ခုက တစ်ဆို့ကာရုံထားမှန်း မသိအောင် အလုံးကြီးတစ်ခုဆို့လျက် ရှိနေ၏။

www.burmeseclassic.com



ဒီပြဿနာကြီး ဘယ်ကစလာကာ ဘာကြောင့် ဒီလိုတွေ ဖြစ်လာသလဲဆိုတာ သိရပြီ ဖြစ်သော်လည်း သူ့ရင်ထဲမှာ ရှင်းလင်းပေါ့ပါးမနေ။ အကြောင်းကား အများနည်းတူ ရှိန်းဟာလည်း သူ့ကို အဲဒီလိုပဲ ထင်နေခဲ့လားဆိုသည့် အတွေးက ဖိစီးနှိပ်စက်၍ နေလို့ပဲ ဖြစ်သည်။

ဒါကို သွားလည်းရှင်းမပြချင်၊ ရှိန်းဘာသာ နားလည်သဘောပေါက်လာတာကိုပဲ သူ မျှော်လင့်ချင်နေတာ ဖြစ်လေသည်။

❣ ❤ ❣







စာမေးပွဲတွေ စဖြေလျှင် သူဟာ ရှိန်းကို ရှောင်ချင်သော်လည်း ရှောင်မရဘဲ ပြန်လည်ဆုံတွေ့ရပါသည်။ ပြီးတော့ လူတွေရဲ့ အကြည့်တွေကလည်း အားလုံး တစ်မျိုးဖြစ်နေသလိုပဲ ဟု သူ ခံစားရသည်။ နွန်ဖွန်ကတော့ ခပ်တည်တည်ပင်။ ဘယ်သူ့ကိုမှ ဂရုမစိုက်သည့် ဒီဇိုင်းကို တမင်ဖမ်းကာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနားသို့ ပိုကပ်ကာ ပိုသည်းသယောင် လုပ်ပြနေလျှင် သူ့မှာ စိတ်ပျက်ရအခက် စိတ်ဆိုးရအခက်နှင့် ရင်ထဲမှာ မထွေးနိုင် မအန်နိုင် ဖြစ်လို့နေသည်။ ရှိန်းဟာ သူ ရှိသောနေရာကို လှမ်း၊လှမ်းကြည့်တတ်တာကို သူ သိသော်လည်း တမင်ပင် အကြည့်တို့ မဆုံအောင်နေသည်။

သူငယ်ချင်းတွေက ကျောင်းပိတ်တော့မှာမို့ မြှောက်ပေးသော်လည်း သူက လုံးလုံးမှ စိတ်ဖြတ်ထားတော့သည်။ သူ့ကို အထင်သေး ကရုဏာသက်နေမည့် မိန်းကလေး တစ်ယောက်ထံမှာ အချစ် ရှိမှာမဟုတ်ဟု သူ ယူဆ၍ ဖြစ်ပါသည်။

ဒီလိုနှင့် စာမေးပွဲနောက်ဆုံးနေ့သို့ ရောက်လို့လာသည်။ စာမေးပွဲခန်းမှ အထွက်တွင် သူ မျှော်လင့်မထားသော ရှိန်းက သူ့အရှေ့သို့ ရောက်ရှိလို့ လာခဲ့လေသည်။ သူနှင့် မျက်နှာချင်းဆိုင်မှာ တည့်တည့်ဝင်ရပ်လိုက်သော ရှိန်းကြောင့် သူပင် ခေတ္တတော့ မှင်သက်သွားရ၏။

"ရှင် ဘာကြောင့် ကျွန်မကို ရှောင်နေရတာလဲ ချန်လင်း"





ရှိန်းက သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်၍ မေးတာဖြစ်၏။ သူက ရက်ပေါင်းများစွာ ရှောင်လွှဲထားခဲ့သော မျက်လုံးများကို မော့လျှော့ငေးမောနေပြီးမှ အဖြေန်ဖယ်လိုက်ရသည်။

"ကိုယ် မရှောင်ပါဘူး"

"ဟင့်အင်း၊ ကျွန်မ အယုံအကြည် မရှိဘူး ချန်လင်း၊ ရှင် ကျွန်မမျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ပြောပါ"

သူက သူမထံ ဖျတ်ခနဲ ကြည့်လိုက်လျှင် သူ့ကို အဓိပ္ပာယ်တစ်မျိုးပါသည့် မျက်ဝန်းတွေနှင့် ကြည့်နေသော အကြည့်တို့ကို ဆုံသည်။

သွားစမ်း ...။

အဲဒီအကြည့်တွေကို သူ ကျဆုံးခဲ့လျက် အခုတော့ မယုံတော့ပေ။

"ဆောရီး ရှိန်းမြသံစဉ်၊ ကိုယ့်ကို မေးခွန်းတွေ မမေးပါနဲ့၊ ကိုယ် သွားပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမရှေ့မှ ရှောင်လွဲကာ သွားဖို့ဟန်ပြင်လိုက်လျှင် သူမက ထပ်၍ပိတ်ကာထားလျက် ...

"ခဏလေး ချန်လင်း၊ ဒီကဗျာဟာ ရှင်ရေးတဲ့ ကဗျာ မဟုတ်လား၊ ဒီစာရွက်ဟာ ရှင့်စာရွက် ဟုတ်တယ် မဟုတ်လား ...

အဲဒါကို ဟုတ်,မဟုတ် ရှင် ဖြေပါ"

သူမ လက်ထဲက တွန့်ကြေနေသော်လည်း မပြီမစုတ်သည့် အပြာရောင် စာရွက်လေးကိုမြင်လျှင် သူက အံ့သြထိတ်လန့်သွားသည်။

ပြီးတော့ ချက်ချင်းလည်း မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်၍ သွားတော့လေသည်။

သူ့ပုံစံကို အကဲခတ်မိသော သူမက ချက်ချင်းပင် ...

"ရှင် အမှန်အတိုင်း ဖြေပါ ချန်လင်း"

"ကျုပ် ... မင်း ဘာဖြစ်လို့ ကိုယ့်ကို လာရစ်နေတာလဲ၊ မင်း မေးခွန်းကို မဖြေနိုင်ဘူးကွာ၊ ဖယ်တော့"





"ဟင့်အင်း ... မဖယ်ပေးဘူး၊ ရှင့် ဘာကြောင့် ဝန်မခံချင်ရတာလဲ ချန်လင်း၊ ကျွန်မ ရှင့်ကို ..."

သူမက ဆက်မပြောနိုင်တော့သလို တစ်ဆို့လျက် စကားသံ ရပ်သွားကာ သူ့ကို ဝမ်းနည်း နာကျင်နေသော မျက်လုံးများဖြင့် ငေးကြည့်၍ နေသည်။ အဲဒီတစ်ခဏမှာ သူ့ရင်ထဲ၌ ဘယ်လောက်တောင် ခံစားရသလဲဆိုတာ စာဖွဲ့၍ပင် မရပေ။ သူမကို အလွန်အမင်း ချစ်လှသည် ဆိုတာလည်း အဲဒီအခိုက်လေးမှာပဲ ပိုသိခွင့် ရခဲ့ပြန်ပါသည်။

သို့သော် သူမပြောလိုက်သော စကားတစ်ခွန်းကြောင့် သူ့ရင်တွေ အစိတ်စိတ်အမွှာမွှာ ကွဲကြေ၍ သွားခဲ့တော့သည်။

သူမက မျိုသိပ်နှုတ်ပိတ်နေသော သူ့ကို မျက်ဝန်းများ မေးစင်းလျက်ကြည့်၍ တစ်လုံးချင်း ပြောသည်မှာ ...

"ရှင် ယောက်ျားမဟုတ်ဘူး ချန်လင်း၊ သတ္တိမရှိဘူး၊ ယောက်ျားဆိုတာ အမှန်ကို အမှန်အတိုင်း ဖွင့်ပြောရဲတဲ့ သတ္တိရှိရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် မဟုတ်ဘူး ဆိုတဲ့အကြောင်းကို ရှင်းလင်းနိုင်တဲ့၊ သက်သေပြနိုင်တဲ့ စိတ်ဓာတ်ရှိရတယ် ...

ရှင့်မှာ ယောကျ်ားပီသတဲ့စိတ် မရှိဘူး၊ ကောင်းပြီလေ ... ရှင် ဝန်မခံချင်ရင်လည်း ရပါတယ် ...

ဒီလိုလူမျိုးကိုမှ ...”

“တော်တော့”

သူက နာနာကြည်းကြည်း ပိတ်အော်ပစ်ကာ နေရာမှ ချာခနဲ လှည့်ပြေးထွက်လာခဲ့သည်။ နောက်ပါးဆီမှ ဖွန်ဖွန်တို့ ခေါ်သံတွေလည်း ဂရုမထားအားတော့။

သူ့နားထဲတွင် လေတွေက တဝီဝီ ထွက်နေလျက် သူမ ပြောလိုက်သော စကားတွေကသာ ပဲ့တင်ထပ်၍ ကျန်နေခဲ့သည်။

ခပ်ဆတ်ဆတ် ပြောနေသော သူမရဲ့ စကားတွေကို ကြားသူတချို့က လှည့်ကြည့်ကြသော မျက်လုံးတွေ၊ အကြည့်တွေက သူ့ကို အကြီးအကျယ် လှောင်ပြောင်နေသလိုပဲဖြစ်၏။





အဲဒီအချိန်မှာပဲ အပြင်းမောင်းလာသော ကားတစ်စီးဟာ သူ့မျက်လုံးထောင့်မှ ရိပ်ခနဲ ဖြတ်ပြေးသွားတာကို မြင်လိုက်ပြီး တစ်စုံတစ်ယောက်က သူ့ကို အပြင်းဆောင့်တွန်းတာကို ခံလိုက်ရလေသည်။

ဒုန်းခနဲ ဆောင့်သံနှင့် ကျွီခနဲ ဘရိတ်အုပ်သံကြီးသည် သူ့နားထဲတွင် မိုးကြိုးပစ်သလို တုန်ဟီး၍ သွားသည်။

“ဟာ ... ကားတိုက်မိသွားပြီ”

“အမြန်ကြည့် ... အမြန်ကြည့်၊ ကျောင်းသူကွ”

သူက ပစ်လဲနေသည့် နာကျင်မှုးဝေမှု ဒဏ်တွေကြားမှ အားတင်းထကာ သူနှင့် မလှမ်းမကမ်းမှာ လဲကျနေသည့်သူကို လှမ်းကြည့်မိလျှင် အမြင်အာရုံတွေ ပြာဝေ၍ သွားလေသည်။

“ရှိန်း”

သူက အက်ကွဲပြာဟိုက်နေသော အသံဖြင့် ကျူးအော်ကာ သူမအနားသို့ ဘယ်လို ရောက်သွားမှန်း မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



နဖူးမှာ သွေးစအချို့ စီးကျနေသော သူမရဲ့ပုံသည် သူ့နှလုံးသားကို ဓားတုံးတုံးနှင့် လှီးထားသလို မသေမရှင် မချိမဆန့် ဝေဒနာကို ခံစားစေသည်။

သူမကို ပွေ့ချီလိုက်လျှင် သူမက ယဲ့ယဲ့မျှသော လေသံဖြင့် ...

"ရှင့်ကို စကားတစ်ခွန်းပြောဖို့ ကျန်နေလို့ ပြေးလိုက်လာတာပါ၊ ရှင့်လိုလူကိုလေ ..."

"တော် ... တော်ပါတော့ ရှိန်းရယ်၊ မင်း ဆက်မပြောပါနဲ့တော့"

သူ့မျက်ရည်တစ်စက်က သူမပါးပေါ်သို့ ကျသွားလျှင် သူမက ပြုံးကာ ...

"နားထောင်လိုက်ပါ ချန်လင်း၊ ဒီစကားကိုမှ မပြောခဲ့ရင် ကျွန်မ အသေဖြောင့်မှာ မဟုတ်လို့ပါ၊ ရှင့်လိုလူကိုမှ ချစ်မိတဲ့ ကျွန်မကိုယ် ကျွန်မ အရမ်းမုန်းမိတယ်လို့ ..."





သူမက အဲဒီစကားကို ပြောပြီးလျှင် ကျေနပ်စွာဖြင့် မျက်ဝန်းတို့ကို စိတ်ချလက်ချ မှေးမှိတ်၍ သွားတော့လေသည်။

သူသည် မယုံနိုင်သလိုဖြင့် သူမကို တင်းကျပ်စွာပွေ့ဖက်ကာ ရှိုက်ကြီးတငင် ငိုမိသည်။ အဲဒီအချိန်မှာပဲ လူတွေဝိုင်းအုံလာကာ သူမကို ဆေးရုံပို့ဖို့အတွက် လူနာတင်ယာဉ် ရောက်ရှိလို့ လာလေသည်။

သူမကို ကားပေါ် ပွေ့တင်ကြလျှင် သူကပါ အရှူးတစ်ပိုင်းဖြင့် ကားပေါ်သို့ လိုက်ပါလို့ သွားသည်။ သူမ လက်လေးကို ရင်နာစွာ ဆုပ်ကိုင်ကာ မျက်ရည်တွေကျလျက် ငိုကြွေးနေရသည်မှာ ဘာကိုမှ မရှက်နိုင်တော့ပေ။

သူမ သေသွားပြီလား။

ဘာမှ မဖြစ်ပါစေနဲ့ဟု တိတ်တဆိတ် ဆုတောင်းနေရလျက် သူ့ရင်တွေ တစ်ခုလုံး ပူလောင် နွမ်းလျလို့ နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ပေး ချစ်သွားခဲ့သော သူမရဲ့ ချစ်ခြင်းတွေကို သူ ဘယ်လိုနှလုံးသားမျိုးနဲ့မှ ပြေသာနိုင်စရာ မရှိတော့ပြီ။

မင်း ရှင်သန်ပေးပါ ရှိန်းရယ်။








www.burmeseclassic.com

www.burmeseclassic.com









ဒုတိယနှစ် ကျောင်းတွေ ပြန်ဖွင့်သောအခါ တက္ကသိုလ်ကျောင်းတော်ကြီး၌ ချစ်စရာစုံတွဲလေးတစ်တွဲ ထပ်မံတိုးလာခဲ့ပါသည်။ သူတို့နှစ်ဦးကို အများက ရိုမီယိုနှင့် ဂျူးလီယက်ဟု နာမည်ပေးထားရသည်အထိ တစ်ဦးနှင့်တစ်ဦး အချစ်ပိုကြကာ အင်မတန် ကြင်နာယုယတတ်သည့် စုံတွဲလေး ဖြစ်သည်။

ဧကလေး ၁၈၁၉၀

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ချစ်ခြင်းကို လူတကာက အားကျကြလျက် လူတိုင်းက စိတ်ဝင်စားကြသည်။ သူတို့နှစ်ယောက်မှာ အာကာချန်လင်းနှင့် ရှိန်းမြသံစဉ်တို့ ဖြစ်ကြောင်း စာရှုသူတို့အား အထူးပြောပြနေရန် လိုမည်မထင်တော့ပါ။

တစ်ယောက်နဲ့ တစ်ယောက် တွေ့ခါစက ကြည့်မရကြဘဲ မတည့်သည့် လူနှစ်ယောက်ဟာ အသက်ပေးချစ်သည်အထိ ပြောင်းလဲသွားကြတာတော့ အံ့သြဖို့ ကောင်းသည်ဟု ထင်၍ မေးမကြည့်ကြပါနှင့်၊ ရှိန်းမြသံစဉ်က ဖြေသည်မှာ ...

"အဲဒါ အချစ်လေ၊ အချစ်ဆိုတဲ့အရာက ယောင်လို့တောင် လှည့်မကြည့်မိစေနဲ့ရှင့်၊ သွားကြည့်မိတာနဲ့ ငြိသွားတော့တာပဲ ...

ကျွန်မက အချစ်ကို တစ်ချက်လေး ငဲ့ကြည့်မိတာပါ။ အဲဒီ တစ်ချက်လေးနဲ့တင် အသက်ပေးချစ်ဖို့ ဖြစ်လာတော့တာပါပဲရှင်"

ဟူ၍ ဖြစ်လေသည်။





တကယ်တော့ အချစ်ဆိုသော အရာမှာ နူးညံ့သိမ်မွေ့သလောက် အင်အားပြင်းထန်လှကြောင်းကို သူတို့ ချစ်သူနှစ်ဦးက သက်သေပြခဲ့ခြင်း ဖြစ်သည်။

တစ်ချက်လောက် ငဲ့ကြည့်မိတာနှင့် တစ်သက်လောက် ခိုင်မြဲသွားစေမည့် ချစ်ခြင်းတွေလည်း ဒီကမ္ဘာကြီးမှာ အများကြီး ရှိနေနိုင်လေသည်။

တဖတ်ပရိသတ်များအတွက်
ထာဝရ

2006. October 19th,
8:00 (P:M)